# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၄ ခုနှစ် ၊ တပေါင်းလဆန်း (၁၃)ရက် ၊ စနေနေ့ ၊ (4-3-2023) ၊ အတွဲ (၃၁) ၊ အမှတ် (၃၀၈)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်**

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြုဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ၂၀၂၃ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ဆက်ကပ်ခံယူတော်မူမည့် ဆရာတော်ကြီးများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ နေ့ဆွမ်းဆက်ကပ်လှူဒါန်း



**နေပြည်တော် မတ် ၃**

၂၀၂၃ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်ခံယူတော်မူမည့် ဆရာတော်ကြီးများအား ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ပရိဝုဏ်အတွင်းရှိ သာသနာ့မဟာဗိမာန်တော်ကြီး၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က

**စာမျက်နှာ ၁၆ ကော်လံ ၁ ☞**

**ဆက်ကပ်လှူဒါန်း**

**နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မြင်းခြံမြို့ ကိုးဆောင်တိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဓေတိကပါလထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။**




ရတနာပုံ
၂၀၂၃ ခုနှစ် မတ် ၄ ရက်
အယ်ဒီတာ့အာဘော်

# အနာဂတ်နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ်များ

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရန်အတွက် အထောက်အကူပြုသည့် အကြီးမားဆုံးသောအထောက်အပံ့မှာ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးပင်ဖြစ်သည်။ ထို့ကြောင့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြရမည်ဖြစ်သည်။ လူ့စွမ်းအားအရင်းအမြစ်ဟုဆိုရာတွင် အခြေခံအားဖြင့် အဓိကလုပ်ဆောင်ရမည့်အချက်မှာ ပညာစွမ်းရည်ပင်ဖြစ်သည်။

အနာဂတ်နိုင်ငံတော်ကို တည်ဆောက်မည့် ယနေ့လူငယ်များအနေဖြင့် ပညာစွမ်းရည်မြင့်မားတိုးတက်အောင် ဆောင်ရွက်ခြင်းသည် လူ့စွမ်းအားအရင်းအမြစ်တိုးတက်ရေးအတွက် ပဓာနအကျဆုံးသောအချက်ပင်ဖြစ်သည်။ ပညာစွမ်းရည်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် အတန်းပညာများမြင့်မားတိုးတက်အောင် ဆောင်ရွက်ခြင်းသာမက အမှား၊ အမှန် စဉ်းစားဝေဖန်ပိုင်းခြားနိုင်သော အသိဉာဏ်ပညာအဆင့်အတန်းပါ တိုးတက်မြင့်မားအောင် ဆောင်ရွက်ရမည်ဖြစ်သည်။ လူငယ်များသည် ပညာစွမ်းရည် အမှန်တကယ်တိုးတက်မြင့်မားနေကြသော်လည်း မိမိ၏ကိုယ်ပိုင်စွမ်းအားဖြင့် ဝေဖန်ပိုင်းခြားနိုင်သော အသိဉာဏ်ပညာ စဉ်းစားဆင်ခြင်တုံတရားများ အားနည်းနေသေးသည်ကို တွေ့ရသည်။

ထို့ပြင် ယနေ့လူငယ်အများစုသည် စာပေလေ့လာမှုနည်းပြီး စာဖတ်စွမ်းရည်ကျဆင်းနေသည်ကိုလည်း တွေ့မြင်နေရသည်။ ထိုသို့ စာဖတ်အားနည်းသောလူငယ်များကို စာဖတ်အားကောင်းသော လူ့စွမ်းအားအရင်းအမြစ်လူငယ်များအဖြစ် ဖွံ့ဖြိုးတိုးတက်လာအောင် ဝိုင်းဝန်းကူညီအားပေးကြရမည်ဖြစ်သည်။ စာဖတ်ခြင်းသည် စိတ်လေလွင့်မှုမရှိခြင်း၊ မကောင်းသောအတွေးအခေါ်များ မတွေးတောခြင်း၊ အမှား၊ အမှန် ဝေဖန်ပိုင်းခြားနိုင်ခြင်း စသည့် လက်ငင်းအကျိုးကျေးဇူးများကို ခံစားရမည်ဖြစ်သကဲ့သို့ နောင်အနာဂတ်တွင်လည်း ဉာဏ်ရည်မြင့်မားသော လူသားအရင်းအမြစ်များစွာ ပေါ်ပေါက်လာပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အထောက်အကူပြုစေမည်ဖြစ်ပေသည်။

ယခုအခါ နည်းပညာရပ်များ၏ အကျိုးကျေးဇူးကြောင့် မြန်မာနိုင်ငံအတွင်းရှိ ဒေသတော်တော်များများတွင် **Online** စာကြည့်တိုက်များ ပေါ်ထွန်းနေပြီဖြစ်သဖြင့် လူငယ်များ စာပေလေ့လာရာတွင် အခက်အခဲမရှိဘဲ လေ့လာသင်ယူနိုင်ပြီဖြစ်သည်။ သို့သော်လည်း တိုးတက်ပြောင်းလဲလာသော နည်းပညာရေစီးကြောင်းထဲတွင် လူငယ်များအနေဖြင့် လွဲမှားသောသင်ယူမှုများဖြင့် နစ်မျောမနေဘဲ မိမိတို့အတွက် အကျိုးရှိပြီး ဘဝမြှင့်တင်ပေးနိုင်သော အသိပညာဗဟုသုတများကို ရှာဖွေစုဆောင်းကာ ဘဝတိုးတက်ရေးအတွက် အကျိုးရှိစွာအသုံးချရန် လိုအပ်လှပေသည်။

ယနေ့မျက်မှောက်ခေတ်တွင် ကြုံတွေ့နေရသော နိုင်ငံရေး၊ စီးပွားရေး၊ ကျန်းမာရေးအခြေအနေများကြောင့် လူ့စွမ်းအားအရင်းအမြစ်၏ အခြေခံအကျဆုံးဖြစ်သော လူငယ်များသည် အသိပညာဗဟုသုတမကြွယ်ဝခြင်းကြောင့် စိတ်ဓာတ်စွမ်းအားများ ကျဆင်းနေရသည်။ လူငယ်များ၏ စိတ်ဓာတ်စွမ်းအားများ ပြန်လည်ရှင်သန်လာအောင် လုပ်ဆောင်ရမည်မှာ အဓိကကျသောတာဝန်တစ်ရပ်ဖြစ်ပေသည်။

သို့ဖြစ်ရာ ပညာစွမ်းရည်မြင့်မားခြင်းသည် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသောအချက်ဖြစ်သည်။ ထို့ကြောင့် အနာဂတ်နိုင်ငံတော်ကို တည်ဆောက်ကြမည့် လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွက်လာစေရေး လူငယ်များ၏ပညာစွမ်းရည်မြင့်မားအောင် မြှင့်တင်ပေးကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

# ငါးမွေးမြူသူများအတွက် အခြေခံငါးမွေးမြူရေးနှင့် ငါးဆေးထိုးသားဖောက်နည်းသင်တန်း ဖွင့်လှစ်မည်



ယခင်က ငါးမွေးမြူရေးနှင့် ငါးဆေးထိုးသားဖောက်နည်းသင်တန်းကို တွေ့ရစဉ်။

**မန္တလေး မတ် ၃**

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ငါးမွေးမြူသူများအတွက် အခြေခံငါးမွေးမြူရေးနှင့် ငါးဆေးထိုးသားဖောက်နည်းသင်တန်း ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး သရက်ကုန်းငါးလုပ်ငန်းစခန်း တာဝန်ခံဦးစီးအရာရှိ ဦးထွန်းနောင်ဝင်းက ပြောပြ၍ သိရသည်။

ငါးမွေးမြူရေး စိတ်ပါဝင်စားသည့် ငါးမွေးမြူသူများကို ငါးမွေးမြူရေးနည်းစနစ်များ သိရှိနားလည်စေရေးအတွက် ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ အဆိုပါသင်တန်းကို မတ်လ တတိယပတ်အတွင်း သရက်ကုန်းငါးလုပ်ငန်းစခန်းတွင် နှစ်ရက်ကြာ အခမဲ့ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

“ငါးမွေးမြူရေးကို စိတ်ပါဝင်စားတဲ့ ငါးမွေးမြူသူတွေကို သင်တန်းပေးသွားမှာပါ။ စနစ်တကျ မွေးမြူနိုင်ရေးအတွက်လဲ သင်တန်းပို့ချပေးတာပါ။ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ငါးမွေးမြူသူတွေအတွက်ပါ။ သင်တန်းပေးတဲ့အခါမှာလဲ မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနရဲ့ ညွှန်ကြားချက်တွေအတိုင်း ဆောင်ရွက်သွားမှာပါ။ သင်ကြားပေးရာမှာလဲ သင်တန်းတစ်ခုကို အယောက် ၂၀ ကနေ ၂၅ ယောက် ထိလက်ခံပြီး စာတွေ့၊ လက်တွေ့နည်းနဲ့သင်ကြားပေးသွားမှာပါ။ နည်းပညာရပ်တွေပေးခြင်းကြောင့် အခြေခံငါးမွေးမြူရေးကို နည်းစနစ်မှန်မှန်ကန်ကန်နဲ့ မွေးမြူနိုင်မဲ့ အကျိုးကျေးဇူးတွေ ရရှိမှာပါ”ဟု ဦးထွန်းနောင်ဝင်းက ပြောပြသည်။

ငါးမွေးမြူသူများ ငါးမွေးမြူသည့်အခါတွင် ကျန်းမာသန်စွမ်းသည့် ငါးသားပေါက်၊ ငါးမျိုးစိတ်များကို မွေးမြူနိုင်စေရန်၊ ငါးမျိုးကောင်းမျိုးသန့်များကို ထုတ်လုပ်ဖြန့်ဖြူးနိုင်စေရန်၊ ငါးမွေးမြူသူများ ရေချိုငါးမွေးမြူရေးကို စနစ်တကျ မွေးမြူနိုင်စေရန်၊ ငါးအစားအစာ ဘေးအန္တရာယ်ကင်းရှင်းစေရန်နှင့် မိမိတို့ကိုယ်တိုင် ငါးသားပေါက် ထုတ်လုပ်နိုင်စေရန် ရည်ရွယ်၍ ဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်ကြောင်း သိရသည်။

(၁၈၅)

# တစ်ပတ်အတွင်း မန္တလေး မြေဈေးကွက်

**မန္တလေး မတ် ၃**

မန္တလေးမြေဈေးကွက်သည် ပြန်လည်လှုပ်ခတ်စပြုလာသဖြင့် ယခင် ဈေးကွက်ကောင်းစဉ်အချိန်ကကဲ့သို့ ပြန်လည်အားကောင်းလာနိုင်ကြောင်း မျှော်မှန်းထားကြသော်လည်း ယနေ့အချိန်ထိ အရောင်းအဝယ် သိသိသာသာ ပြောင်းလဲခဲ့ခြင်းမျိုးမရှိကြောင်း အိမ်ခြံမြေဈေးကွက်အတွင်းမှ သိရသည်။

ယခုအခါ အိမ်ခြံမြေများ ကာလပေါက်ဈေးထက် ကျဆင်းလာသော်လည်း ငွေကျပ်သိန်း ထောင်ကြီးပိုင်းနှင့် သောင်းဂဏန်းပိုင်းရှိနေသည့် အိမ်ခြံမြေများ အရောင်းအဝယ်ဖြစ်မှု အလွန်နည်းကြောင်း၊ အငှားဈေးကွက်တွင်လည်း ကျဆင်းသွားခြင်းမျိုးမရှိဘဲ မြို့တွင်းအချက်အချာကျသည့်နေရာများ၊ လူနေရပ်ကွက်များတွင် ငှားရမ်းရမှုများနေဆဲဖြစ်ကြောင်း သိရသည်။

“အိမ်ခြံမြေဈေးကွက် သိသိသာသာ ပြောင်းလဲသွားနိုင်တယ်လို့ ခန့်မှန်းထားကြတာပါ။ အဲဒီလို မျှော်လင့်ထားကြပေမဲ့ လက်ရှိအချိန်ထိ ထင်သလောက်ဖြစ်လာတာ မတွေ့ရပါဘူး။ ဈေးကွက်မှာက ခေါ်ဈေးထက် ဈေးလျှော့ရောင်းမှ အဆင်ပြေတာများပါတယ်။အားလုံး မျှော်လင့်ထားသလို အရောင်းအဝယ်ပိုင်း သိသိသာသာမြင့်တက်မလာသေးဘဲ တိုက်ခန်းဝယ်ယူကြတာတွေကိုတော့ ပိုပြီးစိတ်ဝင်စားလာကြပါတယ်”ဟု အိမ်ခြံမြေ အကျိုးတော်ဆောင် ဦးဌေးဌေးက ပြောပြသည်။

ထို့ပြင် ဈေးကွက်အတွင်း တန်ဖိုးနည်း အကွက်ရိုက်မြေကွက်များအပြင် တန်ဖိုးသင့် နေအိမ်ပါပြီး မြို့တွင်းပိုင်းမြေကွက်များလည်း မေးမြန်းဝယ်ယူမှု အနည်းငယ်ရှိလာကြောင်း၊ အကွက်ရိုက်မြေကွက်များမှာ မြေတန်ဖိုး၏ ၃၀ ရာခိုင်နှုန်းပေးချေပြီး ကျန်ငွေကို အရစ်ကျစနစ်ဖြင့် ရောင်းဝယ်နေခြင်းကြောင့် အမှန်တကယ်နေထိုင်လိုသူများ အများဆုံးဝယ်ယူနေကြကြောင်း သိရသည်။

အရောင်းအဝယ်ဖြစ်နေသည့် အကွက်ရိုက်မြေကွက်များမှာ ချမ်းမြသာစည်မြို့နယ် အရှေ့ခြမ်းရှိ အကွက်ရိုက်မြေကွက်များ၊ ပြည်ကြီးတံခွန်မြို့နယ်အရှေ့ခြမ်းနှင့် ပုသိမ်ကြီးမြို့နယ်တို့ရှိ ကျေးရွာမြေများဖြစ်ကြောင်း သိရသည်။

အိမ်ခြံမြေဈေးနှုန်းများအနေဖြင့် အမရပူရမြို့နယ်တွင် ရပ်ကွက်အတွင်းပိုင်းရှိ လမ်းတင်မြေကွက်များမှာ ငွေကျပ်သိန်း ၈၀၀ ခန့်နှင့်အထက်၊ ကြားကွက်များမှာ ငွေကျပ်သိန်း ၃၀၀ မှ သိန်း ၁၀၀၀ ခန့်၊ လမ်းမတန်းကြီးများတွင် လမ်းတင်မြေကွက်များမှာ ငွေကျပ်သိန်း ၁၅၀၀ ခန့်နှင့်အထက်၊ ကြားကွက်များမှာ ငွေကျပ် သိန်း ၇၀၀ မှ သိန်း ၂၀၀၀ ခန့်ရှိကြောင်း အိမ်ခြံမြေ အကျိုးတော်ဆောင် ဦးဌေးဌေးထံမှ သိရသည်။

(၁၇၃)

# မန္တလေးဈေးကွက်အတွင်း မန်ကျည်းသီးမှည့်များ ဈေးကောင်းရရှိနေ

**မန္တလေး မတ် ၃**

ပြည်တွင်း၊ ပြည်ပ ဝယ်လိုအားကောင်းမွန်မှုကြောင့် မန္တလေးဈေးကွက်အတွင်း မန်ကျည်းသီးမှည့်များဈေးကောင်းရရှိပြီး အရောင်းသွက်နေကြောင်း မန္တလေးမြို့မှ စိုးဝင်းမြင့်ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်က ပြောပြ၍ သိရသည်။

ယခုအချိန်သည် မန်ကျည်းသီးမှည့်ထွက်ရှိသည့် ရာသီဖြစ်သဖြင့် မန္တလေးဈေးကွက်အတွင်း ဝင်ရောက်လျက်ရှိကြောင်း၊ ဝင်ရောက်လာသည့် မန်ကျည်းသီးမှည့်ဈေးနှုန်းများမှာ အစေ့ပါ တစ်ပိဿာလျှင် ငွေကျပ် ၁၅၀၀၊ အစေ့လွတ် တစ်ပိဿာလျှင် ငွေကျပ် ၂၄၀၀ ဖြင့် ဈေးကောင်းရရှိပြီး အရောင်းသွက်လျက်ရှိကြောင်း သိရသည်။

“မန်ကျည်းသီးမှည့်ဈေးကွက်ကို ပြောရရင် ဒီနှစ်မှာတော့ ဈေးကောင်းတဲ့နှစ်ပါပဲ။ အခုနှစ် မန်ကျည်းသီးမှည့် ရာသီမှာဆိုရင် မန်ကျည်းသီးမှည့်ထွက်တဲ့ဒေသတွေအားလုံးမှာ အထွက်နှုန်းကလဲ ကောင်းမယ်လို့ ခန့်မှန်းထားပါတယ်။ မန်ကျည်းသီးမှည့်က ပြည်တွင်းစားသုံးမှုတင်မကဘဲ ပြည်ပနိုင်ငံတွေကလဲ ဝယ်ယူအသုံးပြုကြပါတယ်။ အခုချိန်မှာတော့ ဘင်္ဂလားဒေ့ရှ်က ဝယ်ယူမှုတွေရှိနေပါပြီ။ တောင်သူတွေအနေနဲ့ ဝင်ငွေရရှိနေပါတယ်။ ပြည်တွင်းစားသုံးမှုကလဲ ပုံမှန်ရှိနေတဲ့အတွက် အခုလို ဈေးကွက်အတွင်းမှာ ဈေးကောင်းရပြီး အရောင်းသွက်နေတာပါ။ မန်ကျည်းသီးမှည့်က ဈေးနှုန်းထပ်တက်ဖို့ အလားအလာရှိနေပါတယ်”ဟု ဦးစိုးဝင်းမြင့်က ပြောပြသည်။

မန်ကျည်းသီးမှည့်ကို ပြည်ပပို့ကုန်အနေဖြင့် တရုတ်၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ် စသည့်နိုင်ငံများသို့ နှစ်စဉ်တင်ပို့ရောင်းချနေရကြောင်း၊ မန်ကျည်းသီးမှည့်ကို ကျောက်ပန်းတောင်း၊ ပုပ္ပား၊ ပခုက္ကူ၊ မြိုင်၊ ရမည်းသင်း၊ ပင်လည်ဘူး စသည့်ဒေသများမှ အများဆုံးထွက်ရှိကြောင်း သိရသည်။

(၁၈၅)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၅၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၈ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မိုးညှင်းမြို့နယ် အင်းသာကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

**မိုးညှင်း မတ် ၃**

ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးညှင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်နယ်အစိုးရခွင့်ပြုရန်ပုံငွေဖြင့် အင်းသာကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို မတ် ၂ ရက် နံနက် ၁၁ နာရီက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုးညှင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြသိန်းဝင်းနှင့် မိုးညှင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ(နည်းပညာ) ဦးသက်တင်ဦးတို့က အင်းသာကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများကို အကျိုးရှိရှိအသုံးချရန်နှင့် ရေရှည်တည်တံ့ခိုင်မြဲရေးဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန် ဆွေးနွေးမှာကြားသည်။

မိုးညှင်းမြို့နယ်အတွင်း ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ပြည်နယ်အစိုးရခွင့်ပြုရန်ပုံငွေဖြင့် ကျေးရွာလေးရွာ၌ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ အင်းသာကျေးရွာ၌ အကျယ် ၄ ဒသမ ၅ လက်မ၊ အနက် ပေ ၃၀၀ ရှိ စက်ရေတွင်းတူးဖော်ခြင်း၊ ရေစက်ရုံနှင့် ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင်တည်ဆောက်ခြင်း၊ အရှည် ပေ ၂၀၀၀ ရှိ ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းများကို ပြည်နယ်အစိုးရခွင့်ပြုရန်ပုံငွေကျပ် ၂၃ ဒသမ ၄ သန်းဖြင့် ကျေးဇူးကမ္ဘာကုမ္ပဏီက ၂၀၂၂ ခုနှစ် စက်တင်ဘာလ တတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ဆောင်ရွက်နိုင်မှုကြောင့် အင်းသာကျေးရွာရှိ အိမ်ခြေ ၁၆၂ အိမ်၊ လူဦးရေ ၉၃၀ တို့အပြင် ကျွဲ၊ နွားတိရစ္ဆာန်များအတွက်ပါ သောက်သုံးရေဖူလုံစွာ သုံးစွဲနိုင်ပြီဖြစ်ကြောင်း မိုးညှင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြသိန်းဝင်းက ပြောပြ၍ သိရသည်။

**သက်မာ**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဓိဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့ သီရိဟေမာအရှေ့ရပ်ကွက်ရှိ ရပ်မိရပ်ဖများ၊ ဈေးသူ၊ ဈေးသားများနှင့် အိမ်တော်ရာဆင်တံတားလူငယ်များအသင်းက ဆေးပဒေသာပင်အတွက် ငွေကျပ် ၅၀၀၀၀၀ လှူဒါန်းရာ ယာယီဆေးရုံအုပ် ဒေါက်တာဒေါ်ရီရီမြင့်က လက်ခံရယူစဉ်။

# ကချင်ပြည်နယ် လွယ်ဂျယ်နယ်စပ်ဂိတ်မှတစ်ဆင့် တရုတ်နိုင်ငံသို့ မတ် ၁ ရက်မှစ၍ ဖရဲနှင့်အခြားကုန်စည်တင်ပို့သည့် ကုန်တင်ကားအစီးရေ ပြန်လည်များပြားလာ



**မြစ်ကြီးနား မတ် ၃**

ကချင်ပြည်နယ် လွယ်ဂျယ်နယ်စပ်ဂိတ်မှတစ်ဆင့် တရုတ်နိုင်ငံသို့ မတ် ၁ ရက်မှစ၍ ဖရဲနှင့်အခြားကုန်စည်တင်ပို့သည့် ကုန်တင်ကားအစီးရေ ပြန်လည်များပြားလာကြောင်း ကချင်ပြည်နယ် အဝေးပြေးကုန်စည်ပို့ဆောင်ရေးလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်တူးက ပြောပြ၍ သိရသည်။

ကချင်ပြည်နယ်အတွင်းမှထွက်ရှိသည့်ကုန်စည်များကို လွယ်ဂျယ်နယ်စပ်ဂိတ်မှတစ်ဆင့် တရုတ်နိုင်ငံသို့ ပုံမှန်အတိုင်းကုန်သွယ်မှုပြုလုပ်လျက်ရှိကြောင်း၊ ယခုလက်ရှိတွင် ၎င်းနယ်စပ်ဂိတ်မှ ဖရဲအပါအဝင် ဆန်၊ ငရုတ်၊ ကြက်သွန် စသည့် ကုန်စည်များကိုတင်ပို့မည့် ကုန်တင်ကားအစီးရေ ပြန်လည်များပြားလာကြောင်း သိရသည်။

"အခု လွယ်ဂျယ်နယ်စပ်ဂိတ်ကနေ တရုတ်နိုင်ငံကိုပြည်တွင်းကထွက်ရှိတဲ့ ဖရဲ၊ ဆန်၊ ငရုတ်၊ ကြက်သွန်၊ ငါးပိ၊ ငါးခြောက် စတဲ့ တင်ပို့မဲ့ကုန်တွေ ပြန်ပြီးများလာတယ်။ ကုန်စည်ရရှိမှုက ပြန်များလာတာကြောင့် လွယ်ဂျယ်နယ်စပ်ဂိတ်ကနေ တရုတ်ကိုတင်ပို့တဲ့ ၂၂ ဘီး ကုန်တင်ကားအစီးရေ ပြန်ပြီးများလာတယ်။ လွယ်ဂျယ်ကနေ တရုတ်နိုင်ငံကိုတင်ပို့တဲ့ ကုန်စည်တွေကတော့ အခုရက်ပိုင်း တဖြည်းဖြည်းပြန်ပြီးများလာတယ်။ ၁၂ ဘီးကားတွေနဲ့လဲ ပြောင်းဖူးနဲ့အခြားကုန်စည်တွေတင်ပို့တဲ့ ကုန်တင်ကားတွေလဲ ရှိပါတယ်"ဟု ကချင်ပြည်နယ် အဝေးပြေးကုန်စည်ပို့ဆောင်ရေး လုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်တူးက ပြောပြသည်။

ပြည်တွင်းမှထွက်ရှိသည့် ငရုတ်၊ ကြက်သွန်၊ ငါးပိ၊ ငါးခြောက် စသည့်ကုန်စည်များကို လွယ်ဂျယ်နယ်စပ်ဂိတ်မှတစ်ဆင့် တရုတ်နိုင်ငံသို့တင်ပို့ရာတွင် ယခင် ဖေဖော်ဝါရီလ နောက်ဆုံးပတ်က တစ်ရက်လျှင် ကုန်တင်ကားအစီးရေ ၃၀၀ ကျော်သာရှိခဲ့သော်လည်း မတ် ၁ ရက်မှစ၍ တစ်ရက်လျှင်ကုန်တင်ကားအစီးရေ ၆၀၀ ကျော်ထိရှိလာကြောင်း သိရသည်။ (၁၈၄)

# စဉ့်ကိုင်မြို့၌ နွေရာသီအခြေခံယဉ်ကျေးလိမ္မာဓမ္မစကူးပုဒ္ဓစာပေသင်တန်း ဖွင့်လှစ်လျက်ရှိ

**စဉ့်ကိုင် မတ် ၃**

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့၌ ရွှေဆံနွယ်ရတနာဖြိုးဝေကျောင်းတိုက်ဆရာတော် ဒေါက်တာဝိဃာမာနန္ဒဦးစီး၍ နွေရာသီအခြေခံယဉ်ကျေးလိမ္မာဓမ္မစကူးပုဒ္ဓစာပေသင်တန်းကို မတ် ၂ ရက်က ဖွင့်လှစ်လျက်ရှိကြောင်း ရွှေဆံနွယ်ဆရာတော်ထံမှ သိရသည်။

ရွှေဆံနွယ်ယဉ်ကျေးလိမ္မာဓမ္မစကူးပုဒ္ဓစာပေ သင်တန်းကို စဉ့်ကိုင်မြို့နယ်အတွင်းရှိ ကျေးရွာများမှ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်နိုင်ရန် စီစဉ်ထားပြီး သင်တန်းချိန်ကို နေ့စဉ် နံနက် ၈ နာရီမှ ၁၀ နာရီထိ သတ်မှတ်ထားကြောင်း သိရသည်။

"ဒီယဉ်ကျေးလိမ္မာဓမ္မစကူးပုဒ္ဓစာပေသင်တန်းကိုတော့ မတ် ၂ ရက်ကတည်းက ဖွင့်လှစ်ပေးနေတာဖြစ်ပါတယ်။ သင်တန်းကို ကျောင်းသား၊ ကျောင်းသူတိုင်းတက်ရောက်နိုင်အောင်လို့ နွေကျောင်းပိတ်တဲ့ကာလမှာ ဖွင့်တာဖြစ်ပါတယ်။ သင်တန်းဖွင့်လှစ်ရတဲ့ရည်ရွယ်ချက်ကတော့ ဗုဒ္ဓဘာသာဝင်ကလေးသူငယ်တိုင်း ယဉ်ကျေးလိမ္မာစေဖို့နဲ့ ဗုဒ္ဓစာပေရဲ့အကြောင်းကို သိရှိစေဖို့ဖြစ်ပါတယ်"ဟု ရွှေဆံနွယ်ဆရာတော် ဒေါက်တာဝိဃာမာနန္ဒက မိန့်ကြားသည်။

ရွှေဆံနွယ်ယဉ်ကျေးလိမ္မာဓမ္မစကူးပုဒ္ဓစာပေသင်တန်းကို မတ် ၂ ရက်မှ ဧပြီ ၂ ရက်ထိ တစ်လကြာသင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း၊ အဆိုပါသင်တန်းတွင် Grade-3 မှ Grade-11 ထိ ကျောင်းသား၊ ကျောင်းသူများတက်ရောက်နိုင်ကြောင်း၊ တက်ရောက်လိုသူများအနေဖြင့် ဖုန်း ၀၉-၆၇၆၇၈၈၈၈၂ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း ရွှေဆံနွယ်ဆရာတော် ဒေါက်တာဝိဃာမာနန္ဒထံမှ သိရသည်။ (၁၅၂)

# မြောက်ဦးမြို့နယ် တောဘွေကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

**မြောက်ဦး မတ် ၃**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မြောက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေဖြင့် တောဘွေကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို မတ် ၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြောက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဦးဘစောနှင့် တာဝန်ခံအင်ဂျင်နီယာများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ တောဘွေကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးဦးဘစောက ကွန်ကရစ်လမ်းရေရှည်အသုံးပြုနိုင်ရေးအတွက် တန်ပိုးယာဉ်များဖြတ်သန်းသွားလာခြင်းကို စနစ်တကျစီစစ်ပေးရန်နှင့်လုပ်ငန်းများကို တန်ဖိုးထားထိန်းသိမ်းရန် မှာကြားသည်။

တောဘွေကျေးရွာ၌ လမ်းအရှည် ပေ ၉၀၀၊ အကျယ် ခြောက်ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို VDP စီမံကိန်းပံ့ပိုးရန်ပုံငွေကျပ် ၁၀ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ်နှစ်သန်း စုစုပေါင်းငွေကျပ် ၁၂ သန်းဖြင့် မြောက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများက နည်းပညာများပံ့ပိုးကာ အနီးကပ်ကြီးကြပ်၍ ၂၀၂၂ ခုနှစ် နိုဝင်ဘာလ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများဆောင်ရွက်ပြီးစီးပြီဖြစ်သဖြင့် တောဘွေကျေးရွာရှိ အိမ်ခြေ ၁၁၅ အိမ်၊ လူ ၁၆၈ ဦးတို့ သွားလာရေးအဆင်ပြေမည်ဖြစ်ကြောင်း မြောက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဦးဘစောက ပြောပြ၍ သိရသည်။

**ကိုသန်း**



# လက်တွေ့အသုံးချဆေးနည်းတို(ဆေးမြီးတို)များ (၁၇၆)

ကြည်လွင်မြင့်(မုံရွာ)

**မေး ။ ။ ဆရာကြီးရှင့် ကျွန်မရိုသေစွာ အကူအညီတောင်းပါရစေ။ ကျွန်မအမျိုးသားက နယ်ဖက်မှာ အလုပ်သွားလုပ်တာ ဆီးထဲမှာ သွေးပါလို့ပါ။ ပြီးခဲ့တဲ့ငါးလလောက်က ဆီးထဲသွေးပါလို့ တောဆီးဖြူ သုံးစွက်တစ်စွက်တင်ကျိုတိုက်တာ ပျောက်သွားဖူးပါတယ်။ အခုနယ်ဖက်မှာ အင်္ဂလိပ်ဆေးဝယ်တာမရပါ။ ဆေးနည်းလေးပေးပါလို့ အားကိုးစွာနဲ့ တောင်းပါတယ် ဆရာကြီးရှင့်။**

ဖြေ ။ ။ ဆီးထဲမှာ သွေးပါရင် မာလကာရွက်ပြုတ်ရည် မတ်ခွက်တစ်လုံးမှာ သကြား သုံးဇွန်းထည့်သောက်ပါ။ စံပယ်ပွင့်ခြောက် ဒါမှမဟုတ် စံပယ်ရွက်ကို ပြုတ်သောက်ရင်လဲရပါတယ်။ တောဆီးဖြူပင် ရရင်လဲပြုတ်သောက်ပါ။ အဓိကကတော့ ဆီးလမ်းကြောင်းမှာ ကျောက်ရှိနေလို့ သွေးပါတာပါ။ ဆေးရုံ ဆေးခန်းရှိတဲ့ နေရာရောက်ရင် စနစ်တကျစစ်ဆေးကုသပါ။

**မေး ။ ။ ကျွန်တော့်မျက်စိစွဲရမှာမို့ ခွဲပြီးရင် ဘယ်လို အသားငါး၊ ဟင်းသီးဟင်းရွက် စားရမှာလဲဆိုတာ သိချင်လို့ပါဆရာ။ အနာအမြန်ကျက်ချင်လို့ပါ။ ကျွန်တော်က စက်ချုပ်တော့ ခေါင်းငုံ့ပြီး မျက်စိအာရုံစိုက်လုပ်ရတဲ့အလုပ်ကို လုပ်ရသူဖြစ်ပါတယ်။**

ဖြေ ။ ။ သွေးတိုးစေမဲ့ ငါးပိ၊ ငါးခြောက်တွေ မစားပါနဲ့။ ခွဲစိတ်ပြီး မျက်စိမယားအောင် ပုစွန်နဲ့ ပင်လယ်စာတွေ မစားပါနဲ့။ ခွဲခါနီးမှ ဆီးချိုသွေးချိုတက်လို့ မခွဲရတဲ့သူတွေလဲရှိတာမို့ အချိုအဆိမ့်တွေလွန်ကဲစွာ မစားမိဖို့လဲ သတိပြုပါ။ ကျန်တဲ့ အသီးအရွက်နဲ့ ငါး၊ ကြက်ဥစတာတွေ အကုန်စားလို့ရပါတယ်။ ခွဲပြီးရင် အနေအထိုင်၊ အစားအသောက်ရှောင်ရမှာတွေကတော့ ဆရာဝန်က ပြောမှာပါ။

**မေး ။ ။ ဆရာကျွန်မအသက် ၇၀ ထဲမှာပါ။ မနက် ၇ နာရီထ မီးဖိုချောင်အလုပ်လုပ်ပြီး မနက် ၉ နာရီ ဆွမ်းကပ်ဘုရားရှိခိုးပါတယ်။ အဲဒီအချိန်မှာ ကျွန်မနားထဲမှာ လေတွေဆူညံနေလို့ စိတ်အနှောင့်အယှက်ဖြစ်ရပါတယ်။ အားနည်းလို့ နား လေထွက်တာမဖြစ်ရအောင် မနက်စာကိုလဲ ပြည့်ပြည့်ဝဝစားပါတယ်ဆရာ။ ဒါပေမဲ့ နားထဲက ဆူညံသံတွေက မပျောက်ဘူးဖြစ်နေပါတယ်။ ဒီလိုဖြစ်တာတွေ ပျောက်ကင်းဖို့အတွက် ဆေးနည်းတွေ လမ်းညွှန်ပေးပါဆရာ။**

ဖြေ ။ ။ နားအူ၊ နားလေထွက်၊ နားထဲကအသံတွေကြားရင် အားနည်းလို့လဲ ဖြစ်တတ်သလို နားထဲမှာ လေခိုနေရင်လဲ ဖြစ်တတ်ပါတယ်။ သက်သာပျောက်ကင်းဖို့အတွက် မုန်ညင်းဆီ ၁၀ သားမှာ ကွမ်းရွက် သုံးရွက်ခြေထည့်ပြီး မီးနဲ့ဆူအောင်ချက်ထားပါ။ အဲဒီဆီနဲ့ နားကြပ်ပေးပါ။ နားကြပ်တဲ့အခါတိုင်း ဆီကိုမီးနဲ့ခပ်နွေးနွေးဖြစ်အောင် နွှေးပြီးနားကြပ်ပါ။ ဒါမှမဟုတ် နားထဲထည့်ပါ။ နားအူသက်သာစေဖို့ ဓာတ်စာအဖြစ် ကြောင်လျှာသီးကြော်စားပါ။ နွားနို့သောက်ပါ။ ကြောင်လျှာပွင့်ခြောက်ကိုပြုတ်ပြီး အသုပ်လုပ်စားရင်လဲ နားလေထွက်တာသက်သာပါတယ်။ စိတ်ကြောင့်လဲ နားထဲမှာ ဆူညံသံ၊ စကားပြောသံတွေ ကြားရတတ်ပါတယ်။ ဖြစ်နိုင်ရင် ဘုရားစာရွတ်ဖတ်တဲ့အခါ နားကို ဂွမ်းဆို့ထားရင် သက်သာနိုင်ပါတယ်။

**မေး ။ ။ ဆရာကြီးရှင့်။ သမီးက ၁၀တန်းကျောင်းသူပါ။ သမီးမှာ ခံတွင်းနံ့နံတဲ့ရောဂါဖြစ်နေပါတယ်။ ဒီလိုဖြစ်တာသမီး ရှစ်တန်းလောက်ကစပြီး ဖြစ်ခဲ့တာပါ။ ဝမ်းချုပ်တဲ့အခါ ပိုနံ့ပါတယ်။ စာမေးပွဲနားနီးတဲ့အခါတွေမှာလဲ ဖြစ်ပါတယ်။ သူငယ်ချင်းတွေနဲ့ စကားပြောရမှာတောင် ကြောက်ရွံ့သလို ဖြစ်နေပါတယ်ရှင့်။ ပါးစပ်မနံ့အောင် ဆားရည်ငုံရမယ်ဆိုလို့ မကြာခဏငုံ့ပါတယ်။ ဈွေးအောင်းရမယ်၊ ဈွေးထုတ်ရမယ်ဆိုလို့ မကြာခဏ**



ဆေးဖက်ဝင် စံပယ်ပွင့်ကို တွေ့ရစဉ်။

**ဈွေးထုတ်ဖူးပါတယ်။ ခံတွင်းနံ့ နံ့တာကတော့ ပျောက်မသွားပါဘူး။ သားခိမ်း၊ ငါးခိမ်းတွေလဲ ရှောင်စားပါတယ်။ ပါးစပ်နံ့တာ ပျောက်ကင်းသက်သာစေမဲ့ နည်းလမ်းတွေရှိရင် ပြောပြပေးပါ။**

ဖြေ ။ ။ ခံတွင်းအနံ့နံ့တာဟာ ကိုယ်တွင်းမှာရှိတဲ့ အပုပ်ဓာတ်တွေရဲ့အနံ့ကို အပြင်မထွက်နိုင်အောင် အရေထူအရေပါးတွေမှာ ပိတ်ဆို့ပြီး မပွင့်တဲ့အတွက် ပါးစပ်က နံ့တာဖြစ်ပါတယ်။ ပြီးတော့ အာပေါ်ဓာတ်လွန်ကဲရင်လဲ ပါးစပ်က အနံ့ထွက်တယ်လို့ သဘာဝဓမ္မဆရာကြီးတွေက ကောက်ချက်ချကြပါတယ်။ ဒါကြောင့် ကိုယ်တွင်းမှာသာအပူအောင်းပြီး အထက်ကို အပူအပုပ်တွေ တက်မနေအောင် အပူငြိမ်းတဲ့ဆေး၊ အစာမျိုး စားပေးရမယ်လို့ဆိုပါတယ်။ အပူမထွက်နိုင်အောင်၊ အအေးမပတ်အောင် စားရ၊ နေရမယ်လို့ဆိုလိုပါတယ်။ အစားအသောက်မှာ ချိုပ်စာ၊ တက်စာတွေ ရှောင်ရပါမယ်။ သက်စာ၊ ပွင့်စာစားရမယ်လို့ အဖြေထွက်ပါတယ်။ ပွင့်စာဆိုတဲ့ ဆေးအသုံးအနှုန်းကတော့ အာကာသရတဲ့ အစာမျိုးဖြစ်ပါတယ်။ အဲဒီမှာလဲ အေးပွင့်၊ ပူပွင့်ဆိုပြီး နှစ်မျိုးရှိပါတယ်။ အကြမ်းအားဖြင့် ညွှန်ကြားချင်တာကတော့ သမီးရဲ့ခန္ဓာကိုယ်က ပိန်ခြောက်ပြီး အသားရေကလဲ ပူနွေးနွေးဖြစ်နေတာက များမယ်ဆိုရင် အေးပွင့်ဖြစ်တဲ့(သိတအာကာသရစေတဲ့) ကင်ပွန်း၊ ရှောက် စတဲ့အစာမျိုးကို အသင့်အတင့်စားပေးပါ။ မန်ကျည်းမှည့်မှာလဲ အေးပွင့်မဟုတ်ပေမဲ့ သက်တယ်။ အပုပ်စင်တယ်။ ဒါ့ပြင် အပူအပုပ်အားကြီးလို့ ရုပ်ခြောက်ပြီး သွေးအားနည်းနေရင် ခရမ်းချဉ်သီး၊ စပျစ်သီး၊ ပန်းသီး၊ သစ်တော်သီး စတဲ့အသီးအနှံတွေကို စားနိုင်ပါတယ်။ ဓာတ်စာအနေနဲ့ ခရမ်းသီးကို မန်ကျည်းမှည့်နဲ့ ရောချက်စားရင် လေနဲ့ဝမ်းသက်ပြီး အပူအပုပ်နိုင်ပါတယ်။ ကျောက်ဖရုံသီး၊ မန်ကျည်းမှည့်ချဉ်ရည်ကလဲ အပူခိုး၊ အပုပ်ခိုးတွေကို နိုင်တယ်လို့ သဘာဝဓမ္မဆရာသန်းရဲ့ ဓာတ်စာစားနည်းစာအုပ်တွေက ပြဆိုထားပါတယ်။ သမီးရဲ့ခန္ဓာကိုယ်က ဝဖြိုးစိုပြည်ကာ အသားအရေကလဲ အေးစက်နေတာ များတယ်ဆိုရင်တော့ ပူပွင့်ဖြစ်တဲ့(ဥဏှအာကာသရစေတဲ့) ဒန့်သလွန်၊ မှျစ်၊ ပတဲကော၊ ဥသျှစ် စတဲ့ အစာတွေစားပါ။ ရှောက်သီးသုပ်စပ်စပ်စားပါ။ ကြောင်လျှာသီးသုပ်ကို သံပရာရည်ညစ်စားပါ။ ဆေးနည်းတိုတွေမှာတော့ ခံတွင်းပုပ်နံ့နံ့တဲ့အတွက် ဆူးဖြူခေါက်ကို အခြောက်လှန်း၊ အမှုန့်ထောင်းပြီး ရေနွေးနဲ့ကျိုပါ။အဲဒီရေကိုငုံထားပြီး ထွေးပစ်ပါ။ ကြက်မောက်ဆူးပြန်ပင် အမြစ်မှုန့်နဲ့ နေ့စဉ်သွားတိုက်ပေးရင်လဲ ခံတွင်းပါးစပ် အနံ့ပျောက်မယ်လို့ဆိုပါတယ်။ တိုင်းရင်းဆေးခန်းသုံးဆေးတွေမှာတော့ တိုင်းရင်းဆေးအမှတ်(၁၆) အပူငြိမ်းသွေးဆေးကို နေ့လယ်မှာ သောက်ပြီး တိုင်းရင်းဆေးအမှတ်(၁၂) စက္ကုပါလဆေးကို ညအိပ်ရာဝင်ချိန် သောက်ပေးပါ။

**မေး ။ ။ ဆရာကြီးခင်ဗျား။ ကျွန်တော်ကအသက် ၄၀ ကျော်ရှိပါပြီ။ အညောင်းရောဂါဖြစ်နေပါတယ်။ ကျွန်တော့်ရဲ့အလုပ်က အသက် ၁၆ နှစ်သားကစပြီး ရွှေပန်းထိမ်အလုပ်လုပ်ခဲ့တာပါ။ အညောင်းများသလို ရွှေကျိုတဲ့အခါ မီးပူစံရတာတွေလဲရှိပါတယ်။ ဝမ်းလဲချုပ်ပါတယ်။ လိပ်ခေါင်းလဲရှိပါတယ်။ ဝမ်းနုတ်ဆေး မကြာခဏစားပေးရပါတယ်။ ကျွန်တော် တစ်ပတ်တစ်ခါလောက် အနင်းအနှိပ်ခံပေမဲ့ အညောင်းအညာမပျောက်ပါ။ အညောင်းရောဂါပျောက်ကင်းစေဖို့ ဆေးနည်းတွေ ပေးစေလိုပါတယ်။**

ဖြေ ။ ။ အညောင်းရောဂါဟာ အထိုင်များတာ၊ လမ်းလျှောက်နည်းတာ၊ ဆီး၊ ဝမ်း၊ သွေး၊ လေချုပ်တာကြောင့် ဖြစ်တတ်ပါတယ်။ ပုံမှန်အချိန်ယူပြီး နေ့စဉ် နှစ်မိုင်လောက် လမ်းလျှောက်ပေးရမယ်။ ဝမ်းမှန်အောင် အသီးအရွက်၊ ချဉ်ရည်ဟင်း စတဲ့အစာတွေ စားသုံးပေးရမယ်။ ညအိပ်ရာဝင်ချိန် ဒူးအထက်ကနေ အောက်ကို ရေလောင်းခြေဆေးပေးတာ၊ ခြေဖဝါးဆားပွတ်ပြီး ရေဆေးပေးတာဟာ အပူအပုပ်တွေ အထက်ကို တက်တာသက်သာပြီး အညောင်းရောဂါ သက်သာစေနိုင်ပါတယ်။ အညောင်းများသူတွေဟာ အနင်းအနှိပ်ခံတာကို အကျင့်မလုပ်ဘဲ မိမိဘာသာအကြောလျှော့လေ့ကျင့်ခန်းတွေ ပြုလုပ်သင့်ပါတယ်။ အညောင်းရောဂါ သက်သာစေတဲ့ ဆေးနည်းတိုတွေဟာ အောက်ပါအတိုင်းဖြစ်ပါတယ်။

၁။ တမာရွက်ပြုတ်ရည်နဲ့ ရေချိုးပေးရင် အညောင်းအကိုက်ရောဂါ သက်သာစေပါတယ်။

၂။ ခွေးတောက်ရွက်နဲ့ ကြက်ရိုးကို ဟင်းချိုချက်သောက်ရင် ခါးနာရောဂါနဲ့အညောင်းရောဂါသက်သာစေပါတယ်။

၃။ အညာတမာရွက်ကို အချဉ်တည်ပြီး အတို့အမြှုပ်လုပ်စားရင် အညောင်းရောဂါသက်သာစေပါတယ်။

၄။ ကြောင်လျှာသီးကို ဟင်းချက်စားရင်၊ ကြော်စားရင် အညောင်းရောဂါနဲ့ နားအူ၊ နားလေးရောဂါတွေ သက်သာစေနိုင်ပါတယ်။

၅။ ကြက်ဟင်းခါးသီးကိုပါးပါးလှီး ဆန်ဆေးရည်နဲ့စိမ်ပြီး ကြော်စားရင် အညောင်းရောဂါသက်သာစေပါတယ်။

၆။ လက်ဖက်အသားကို ရေစင်အောင်ဆေးရှောက်ရည်နဲ့နယ်ပြီး နှမ်းဆီနဲ့ စိမ်ထားကာ နေ့စဉ်ကွမ်းသီးလုံးလောက် စားသုံးပေးရင် အညောင်းရောဂါသက်သာစေပါတယ်။

၇။ ရှမ်းဆေးခါးပင်ရဲ့အရွက်ကို ထန်းလျက်နဲ့ ရောကျိုသောက်ရင် အထိုင်များပြီးဖြစ်တဲ့ အညောင်းရောဂါ သက်သာစေပါတယ်။

၈။ ပေါင်၊ ခြေသလုံးတွေ ညောင်းကိုက်ပါက တောရှောက်မြစ်ကို သွေးလိမ်းပေးရင် သက်သာစေနိုင်ပါတယ်။

၉။ မုန်ညင်းဆီမှာ ပရုတ်အနည်းငယ်ထည့်ပြီး အပူပေးကာလိမ်းပေးရင် အညောင်းအကိုက်သက်သာစေပါတယ်။

၁၀။ ခြေဖဝါးဆားပွတ်ပြီး ဒူးအထက်ကနေအောက်ကို ရေလောင်းခြေဆေးတာကို ညအိပ်ရာဝင်ခါနီးတိုင်း ပြုလုပ်ပေးရင် အညောင်းရောဂါနဲ့ ကြွက်တက်ရောဂါသက်သာစေပါတယ်။

၁၁။ သင်္ဘောသီးအစိမ်းကို အသားအမျှင်ရအောင်ခြစ်ယူပြီး ငရုတ်သီးအစပ်အနည်းငယ်ထည့်ကာ အသုပ်ပြုလုပ်စားရင် ဇက်ကြောတက်၊ ခေါင်းအုံ၊ ဇက်လေးရောဂါသက်သာစေနိုင်ပါတယ်။

# ၂၀၂၃ ခုနှစ် (၇၈)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

(က) ဒို့တာဝန်အရေး(၃)ပါးကို အပြည့်အဝအောင်မြင်စွာ ထိန်းသိမ်းစောင့်ရှောက်ရေး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရေးနှင့် စစ်မှန်ပြီး စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကာကွယ်စောင့်ရှောက်ရေးတို့အား တပ်မတော်၏အဓိကတာဝန်အဖြစ် ထမ်းဆောင်ရေး။

(ခ) ပါတီစုံဒီမိုကရေစီစနစ် လမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေး တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအပေါ် အခြေခံ၍ ဖြစ်နိုင်သမျှ အလေးထားဆောင်ရွက်ရေး။

(ဂ) နိုင်ငံတော်၏အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန်၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ရန်နှင့် သဘာဝဘေးအန္တရာယ်များ ကျရောက်ချိန်တိုင်းတွင် ကျရာအခန်းကဏ္ဍများမှ အားသွန်ခွန်စိုက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရေး။

(ဃ) ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့်ပြည်ထောင်စုကြီး ပေါ်ထွန်းလာစေရေး အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

## မအူပင်မြို့နယ်တွင် ကြက်ဥအလုံး ၁၀၀ လျှင် ငွေကျပ် ၂၇၀၀၀ ထိ ဈေးကောင်းရရှိနေ

**မအူပင် မတ် ၃**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်တွင် ကြက်ဥအလုံး ၁၀၀ လျှင် ငွေကျပ် ၂၇၀၀၀ ထိ ဈေးကောင်းရရှိနေကြောင်း မအူပင်မြို့နယ် ဘဲဥ၊ ကြက်ဥ၊ ဘဲ၊ ကြက်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဦးနေကျော်က ပြောပြ၍ သိရသည်။

မအူပင်မြို့နယ်တွင် ဇန်နဝါရီလက ကြက်ဥအလုံး ၁၀၀ လျှင် ငွေကျပ် ၁၉၅၀၀ သာ ဈေးရှိခဲ့ပြီး ဖေဖော်ဝါရီလ ဒုတိယပတ်မှ စတင်ဈေးကောင်းလာကာ မတ် ၂ ရက်ထိ ကြက်ဥအလုံး ၁၀၀ လျှင် ငွေကျပ် ၂၇၀၀၀ ထိ ဈေးကောင်းရရှိနေကြောင်း သိရသည်။

ကြက်ဥဈေးကောင်းရရှိလာခြင်းသည် ဝယ်လိုအားများလာခြင်းကြောင့်ဖြစ်ပြီး ကြက်ဥဈေးကောင်းလာသည့်အတွက် မွေးမြူရေးလုပ်ငန်းရှင်များ၊ ကြက်ခြံလုပ်သားများ၊ ရောင်းဝယ်ရေးကုန်သည်များ အဆင်ပြေလာကြောင်း သိရသည်။

"ဒီနှစ်က ဥစားကြက် မွေးမြူသူတွေ အဆင်ပြေတဲ့နှစ်လို့ ပြောလို့ရပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကြက်အစာဈေးနှုန်းကလဲ မနှစ်ကထက် အနည်းငယ်ပြန်ကျလာပြီး ကြက်ဥဈေးက ကောင်းလာလို့ပါ။ လက်ရှိ ကြက်ဥအလုံး ၁၀၀ ကို အရင်ထက် ငွေကျပ် ၇၅၀၀ ထိ ဈေးပိုရနေပါတယ်။ ကြက်ဥတွေကို ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့နေပါတယ်။ လက်ရှိ ကြက်ဥဈေးကောင်းလာတဲ့ အဓိကအချက်က ကြက်ဥတွေကို ရန်ကုန်ဘက်ကဝယ်လိုအား များနေလို့ပါ။ ဈေးကောင်းလာတာနဲ့ ထပ်တိုးမွေးလာလို့ လုပ်သားတွေလဲအဆင်ပြေတယ်။ အရောင်းအဝယ် ကောင်းတော့ ကုန်သည်တွေ အဆင်ပြေတယ်။ ဈေးကောင်းရရှိတော့ မွေးမြူရေးလုပ်ငန်းရှင်တွေက ပိုအဆင်ပြေပါတယ်"ဟု ဦးနေကျော်က ပြောပြသည်။



မအူပင်မြို့နယ်တွင် ဥစားကြက်မွေးမြူရေးလုပ်ငန်းကို ကျေးလက်ဒေသနေ တောင်သူများက အဓိကလုပ်ကိုင်ကြပြီး ဥစားကြက်မွေးမြူရေးလုပ်ငန်းရှင် တစ်ဦးလျှင် ကြက်အကောင်ရေ ၁၅၀၀ မှ ၁၂၀၀၀ ထိ မွေးမြူကြကြောင်း၊ ထွက်ရှိလာသည့် ကြက်ဥများကို ရန်ကုန်မြို့သို့အများဆုံး တင်ပို့ရောင်းချကြကြောင်း သိရသည်။ **ကျော်ကျော်လင်း**

## စလင်းမြို့နယ် ကျွန်းတဲကျေးရွာ၌ မြေနီကျောက်စရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**စလင်း မတ် ၃**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ကျွန်းတဲကျေးရွာ၌ ကျေးရွာတွင်း မြေနီကျောက်စရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို မတ် ၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်နှင့်ဝန်ထမ်းများသည် ကျေးရွာလမ်းကော်မတီဝင်များနှင့်အတူ ကျေးရွာတွင်း မြေနီကျောက်စရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှုကို ကွင်းဆင်းစစ်ဆေးခဲ့ပြီး မြို့နယ်ဦးစီးမှူးက လမ်းရေရှည်တည်တံ့ရေး ထိန်းသိမ်းကြရန် မှာကြားခဲ့သည်။

ကျွန်းတဲကျေးရွာ၌ ရွာလယ်မကြီး အရှည်ပေ ၃၂၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မ မြေနီကျောက်စရစ် ခင်းခြင်းနှင့် လမ်းသွယ် အရှည်ပေ ၂၀၀၊ အကျယ် ရှစ်ပေ၊ အမြင့် ခြောက်လက်မ မြေနီကျောက်စရစ်ခင်းခြင်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေများမှ ငွေကျပ် ၅ ဒသမ ၈၅ သန်းအသုံးပြုပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ကျေးရွာလူထုကိုယ်တိုင် ယခုနှစ် ဇန်နဝါရီလ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းအားလုံး ဆောင်ရွက်ပြီးစီးနေပြီဖြစ်သဖြင့် ကျေးရွာရှိ အိမ်ထောင်စု ၉၀၊ လူ ၄၂၆ ဦး၏ လူမှုစီးပွားဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

**သန်းသန်းစိုး**

## နှလုံးလှ စစ်တမ်း

- တစ်နေ့ဝင် တစ်မိုးချုပ်
  တကုပ်ကုပ် စီးပွားရှာ၊
  စားဝတ်နေ လူမှုဘဝ
  ပြုရဝန်တာ၊
  နေ့စဉ်အမျှ ကြိုးစားကာ
  ရိုးသားစွာ ဖွေရှာမပြတ်၊
  ကိုယ့်ပိုင်ဝန် ကိုယ်စီထမ်းလို့
  ခြေလှမ်းတွေထပ်။

- ဝမ်းတစ်ထွာ ဖြည့်တင်း
  ဘဝအခင်း အဆောင်အယောင်၊
  ကျော်လွှားကာ ရပ်တည်ကြရင်း
  ရုန်းထကြံဆောင်၊
  ရှုပ်ထွေးလှ သည်လူ့ဘောင်
  ဖွဲ့ထုံးနှောင် သံသရာထဲ၊
  "အရှိ"ဉာဏ်ဖွေ
  "သတိ"သံဝေ မယူတတ်လျှင်တော့
  မွန်းကျပ်နေမြဲ။

- ဒုက္ခလှိုင်းကို အန်တု
  အနိုင်လုရင်း ခရီးနှင်၊
  မနောအိမ် ဣန္ဒြေမပျက်
  ဝင်းလက်ကြည်လင်၊
  ရင့်ကျက်စွာနဲ့ ပြုံးရိပ်ဆင်
  မုန်းစိတ်ညှဉ် ဖယ်ရှင်း၊
  အကြိုက်သန်
  စရိုက်မှန် စိတ်ရင်းဖွဲ့နဲ့
  ရောင့်ရဲအားတင်း။

- စားဝတ်နေ လျှောက်လမ်းထက်
  ရုန်းကန်ထွက် အားပြိုင်ကာ၊
  ကောင်းဆိုးယှဉ် ရင်ဆိုင်နွှဲ
  လွန်ဆွဲကြုံမှာ၊
  ဆန့်ကျင်ဘက်တို့ ဒွန်တွဲရာ
  ဖွင့်လှစ်ကာ ကိုယ့်စစ်တမ်း၊
  နှလုံးလှနဲ့ မွေးဂုဏ်ဖြာ
  လှပစွာ ခရီးလမ်း၊
  ဘဝတာ
  အလှဖြာ ဂုဏ်ပေါင်းရုံဖို့
  ကောင်းမွေခံ မှတ်တမ်းကောင်းတွေ
  လမ်းကြောင်းမှန် ကိုယ်စီပျိုးလို့
  ရေးထိုးရင်း လှမ်း။ ။

**နိုင်နိုင်နွယ်(ပညာရေး)**

# နိုင်ငံတကာ သတင်းများ

## ရုရှားနှင့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးများ ယူကရိန်းပြဿနာစတင်ပြီးနောက်ပိုင်း ပထမဆုံးအကြိမ်တွေ့ဆုံ






**ဒေလီ မတ် ၃**

ယူကရိန်းပဋိပက္ခ စတင်ပေါ်ပေါက်ခဲ့ပြီးနောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂေးလက်ဗရော့ဗ်နှင့် အမေရိကန် နိုင်ငံခြားရေးဝန်ကြီး အန်တိုနီဘလင်ကန်တို့သည် မတ် ၂ ရက်တွင် ခေတ္တခဏမျှ မျက်နှာချင်းဆိုင်တွေ့ဆုံခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ရုရှား နိုင်ငံခြားရေးဝန်ကြီးနှင့် အမေရိကန် နိုင်ငံခြားရေးဝန်ကြီးတို့သည် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ ကျင်းပသည့် ဂျီ-၂၀ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး၌ တွေ့ဆုံခဲ့ကြခြင်းဖြစ်သည်။

ရုရှား နိုင်ငံခြားရေးဝန်ကြီး ဆာဂေးလက်ဗရော့ဗ်နှင့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး အန်တိုနီဘလင်ကန်တို့သည် ဂျီ-၂၀ နိုင်ငံခြားရေးဝန်ကြီးများ တံခါးပိတ် ဆွေးနွေးပွဲတစ်ခု ပြီးဆုံးချိန်တွင် သွားလာရင်း ၁၀ မိနစ်ခန့်မျှ စကားပြောခဲ့ကြကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

ရုရှား နိုင်ငံခြားရေးဝန်ကြီးနှင့် ခေတ္တတွေ့ဆုံစဉ် ယူကရိန်းပဋိပက္ခကို အဆုံးသတ်ရေးအတွက် တိုက်တွန်းခဲ့ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး အန်တိုနီဘလင်ကန်က သတင်းစာရှင်းလင်းပွဲတစ်ခု၌ ထုတ်ဖော်ပြောကြားခဲ့သည်။

ထို့ပြင် မဟာဗျူဟာလက်နက်များ လျှော့ချရေးစာချုပ်သစ်၌ ရုရှားနိုင်ငံပြန်လည်ပါဝင်ရန်လည်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးက တိုက်တွန်းခဲ့ကြောင်း သိရသည်။

ရုရှား၏မဟာဗျူဟာ လေတပ်စခန်းများကို တိုက်ခိုက်ရေးအတွက် ကြိုးပမ်းမှုများတွင် အနောက်အုပ်စုနိုင်ငံများ တိုက်ရိုက်ပါဝင်နေမှုကြောင့် ၂၀၁၀ ပြည့်နှစ်တွင် အမေရိကန်နိုင်ငံနှင့် ရယူထားသည့် မဟာဗျူဟာလက်နက် ထိန်းချုပ်ရေးစာချုပ်သစ်၌ ရုရှားနိုင်ငံပါဝင်မှု ရပ်ဆိုင်းထားမည်ဖြစ်ကြောင်း သမ္မတ ပူတင်ကပြီးခဲ့သည့်ရက်သတ္တပတ်အတွင်း ကြေညာထားကြောင်း သိရသည်။

KKO

## ရုရှားတပ်များနှင့် ဝဂ်ဂနာအုပ်စုတပ်များ ဘက်ခ်မွတ်မြို့ကို အပြည့်အဝပိတ်ဆို့ထား

**မော်စကို မတ် ၃**

ရုရှားတပ်များနှင့် ဝဂ်ဂနာအုပ်စုမှလက်နက်ကိုင်များသည် ယူကရိန်းနိုင်ငံ ဘက်ခ်မွတ်မြို့ကို အပြည့်အဝပိတ်ဆို့ထားနိုင်ပြီ ဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

လက်ရှိအချိန်တွင် ရုရှားတပ်များသည် ယူကရိန်းတပ်ဖွဲ့ဝင်များအတွက် ဖွင့်ပေးထားသည့် ဆုတ်ခွာလမ်းကြောင်းတစ်ခုမှအပ မြို့နှင့်ချိတ်ဆက်ထားသည့် အဝင်၊ အထွက် လမ်းကြောင်းအားလုံးကို ရုရှားတပ်များက ဖြတ်တောက်ပိတ်ဆို့ထားနိုင်ပြီ ဖြစ်ကြောင်း ဝဂ်ဂနာအုပ်စုအကြီးအကဲက ပြောကြားထားသည်။

ဘက်ခ်မွတ်မြို့ကို သိမ်းပိုက်နိုင်ခဲ့ပါက ရုရှားအနေဖြင့် ခြောက်လတာကာလအတွင်း ပထမဆုံး စစ်အောင်ပွဲကို ရရှိလိမ့်မည်ဖြစ်ကြောင်း စစ်ရေးအကဲခတ်သူများက သုံးသပ်ထားသည်။

ဘက်ခ်မွတ်မြို့ကို ထိန်းချုပ်နိုင်ခဲ့ပါက ရုရှားတပ်များအနေဖြင့် ယူကရိန်းအထူးစစ်ဆင်ရေးများ၏ အဓိက ရည်မှန်းချက်ဖြစ်သော ဒွန်းဘတ်စ်ဒေသကို သိမ်းယူနိုင်ရေးအတွက်လမ်းစပွင့်လာမည်ဖြစ်သည်။

ယူကရိန်း တပ်ဖွဲ့ဝင်များ၏ အသက်ကို ကယ်တင်သည့်အနေဖြင့် မြို့တွင်းရှိ ယူကရိန်းတပ်များ ရုပ်သိမ်းရေးအတွက် ညွှန်ကြားချက်ထုတ်ပေးရန် ယူကရိန်းသမ္မတ ဇီလန်စကီးကို တောင်းဆိုထားကြောင်း ဝဂ်ဂနာအုပ်စုအကြီးအကဲ ယက်ဗ်ဂျီနီပရီဂိုဇင်က ယနေ့တွင် ပြောကြားထားသည်။

ယူကရိန်း အထူးစစ်ဆင်ရေးကာလတစ်နှစ်ပြည့်ပြီးချိန်တွင် ရုရှားတပ်များသည် ယူကရိန်းတစ်နိုင်ငံလုံး၏ ၂၀ ရာခိုင်နှုန်းကို ထိန်းချုပ်ထားနိုင်ဆဲဖြစ်ကြောင်း သိရသည်။

KKO

## ဟောင်ကောင်၌ အထပ်မြင့်အဆောက်အအုံမီးလောင် လူပေါင်း ၁၇၀ ခန့်ကို ဘေးကင်းရာခေါ်ထုတ်နိုင်ခဲ့

**ဟောင်ကောင် မတ် ၃**

တရုတ်နိုင်ငံ ဟောင်ကောင်အထူးကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၌ မတ် ၂ ရက် ညပိုင်းက မိုးမျှော်အဆောက်အအုံတစ်လုံး မီးလောင်ကျွမ်းခဲ့ရာ လူပေါင်း ၁၇၀ ခန့်ကို ဘေးကင်းရာသို့ ခေါ်ထုတ်ပေးခဲ့ရကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ပြန်လည် မွမ်းမံတည်ဆောက်နေဆဲဖြစ်သော အဆိုပါ မိုးမျှော်အဆောက်အအုံ၌ လောင်ကျွမ်းခဲ့သည့်မီးကို ဟောင်ကောင်မီးသတ်သမားများက ယနေ့နံနက်ပိုင်းထိ ငြိမ်းသတ်ခဲ့ကြရသည်။

မီးလောင်ကျွမ်းမှုအတွင်းအဆိုပါ အဆောက်အအုံ၏ အပေါ်ပိုင်းအထပ်များ မီးလောင်ပျက်စီးခဲ့ရကြောင်း သိရသည်။

ထို့ပြင် မီးလောင်နေသည့် ဝါးငြမ်းများနှင့် အခြားအပျက်အစီးများကျရောက်မှုကြောင့် အနီးအနားရှိ အဆောက်အအုံများတွင်လည်း မီးလောင်မှုအသေးစားများ ဖြစ်ခဲ့ရကြောင်း ရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ထားသည်။

မီးလောင်ကျွမ်းမှုကို ထိန်းချုပ်ရေးအတွက် မီးသတ်သမားနှင့် ကယ်ဆယ်ရေးဝန်ထမ်းဦးရေ ၂၅၀ ကျော်တို့က ညလုံးပေါက် ကြိုးစားခဲ့ရကြောင်း ဟောင်ကောင်မီးသတ်ဌာန၏ အဆိုအရ သိရသည်။

လက်ရှိအချိန်တွင် အထပ်မြင့်အဆောက်အအုံ မီးလောင်ကျွမ်းမှုအကြောင်းရင်းကို ဟောင်ကောင်တာဝန်ရှိသူများက စုံစမ်းစစ်ဆေးနေဆဲဖြစ်ကြောင်း သိရသည်။

KKO



## ဖောက်ကလန်ကျွန်းစု အချုပ်အခြာပြဿနာဆိုင်ရာဆွေးနွေးပွဲများ ပြန်လည်စတင်ရန် ဗြိတိန်ကို အာဂျင်တီးနား တောင်းဆို

**ဗျူနိုစ်အေရိစ် မတ် ၃**

ဖောက်ကလန်ကျွန်းစု အချုပ်အခြာပိုင်ဆိုင်မှုဆိုင်ရာ ဆွေးနွေးပွဲများ ပြန်လည်စတင်ရန် အာဂျင်တီးနားနိုင်ငံက မတ် ၂ ရက်တွင် ဗြိတိန်နိုင်ငံကို ထပ်မံတောင်းဆိုခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ မတ် ၂ ရက်တွင် ကျင်းပခဲ့သည့် ဂျီ-၂၀ နိုင်ငံခြားရေးဝန်ကြီးများ ဆွေးနွေးပွဲ၌ ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး ဂျိမ်းစ်ကလီဗာလီနှင့် တွေ့ဆုံစဉ် ဖောက်ကလန်ကျွန်းစု အချုပ်အခြာဆိုင်ရာဆွေးနွေးပွဲများ ပြန်လည်စတင်ရန် အာဂျင်တီးနားနိုင်ငံခြားရေးဝန်ကြီး စန်တီယာဂိုကာဖီရိုက အဆိုပြုခဲ့ကြောင်း အာဂျင်တီးနားနိုင်ငံခြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

ဖောက်ကလန် ကျွန်းစုသည် ဗြိတိန်နိုင်ငံ၏ ထိန်းချုပ်မှုအောက်တွင် ရှိနေသော်လည်း အာဂျင်တီးနားကုန်းမကြီးနှင့် ကီလိုမီတာ ၆၀၀ မျှသာ ကွာဝေးသော တောင်အတ္တလန္တိတ်ရေပြင်အတွင်း တည်ရှိသည်။

အာဂျင်တီးနားနိုင်ငံသည် ယင်းကျွန်းစုဒေသကို ပိုင်ဆိုင်ခွင့်ရရှိရေးအတွက် ရှေးယခင်ကပင် ကြိုးစားခဲ့ပြီး ၁၉၈၂ ခုနှစ်တွင် ဗြိတိန်နိုင်ငံနှင့်စစ်ပွဲဖြစ်ပွားခဲ့ဖူးသည်။

သို့သော် ဖောက်ကလန်ကျွန်းစုသည် ဗြိတိန်အချုပ်အခြာပိုင် နယ်မြေဖြစ်ပြီး ဖောက်ကလန်ကျွန်းစုပြည်သူများကလည်း ယင်းကျွန်းစုကို ဗြိတိန်၏ ပင်လယ်ရပ်ခြား နယ်မြေအဖြစ် ဆက်လက်ထားရှိရေးကို လွတ်လပ်စွာရွေးချယ်ခဲ့ပြီးဖြစ်ကြောင်း ဗြိတိန်နိုင်ငံခြားရေးဝန်ကြီးက ပြောကြားထားသည်။

၂၀၁၃ ခုနှစ်တွင် ပြုလုပ်ခဲ့သည့် လူထုဆန္ဒခံယူပွဲ၌ ဖောက်ကလန်ကျွန်းသားအများစုက ဗြိတိန်အချုပ်အခြာပိုင် နယ်မြေအဖြစ် ဖောက်ကလန်ကျွန်းစု ဆက်လက်ရပ်တည်ရေးကို ထောက်ခံမဲပေးခဲ့ကြကြောင်း သိရသည်။ KKO




## ဂျပန်ပင်လယ်ဒေသ စစ်ရေးလေ့ကျင့်မှုတစ်ခု၌ ကာလီဘာခရုစ်ဒုံးကျည် ရုရှားရေငုပ်သင်္ဘောပစ်လွှတ်

**မော်စကို မတ် ၃**

ရုရှားရေတပ်မှ ရေငုပ်သင်္ဘောတစ်စီးသည် ဂျပန်ပင်လယ်ဒေသ၌ စစ်ရေးလေ့ကျင့်နေစဉ် မိုင်ပေါင်း ၆၂၀ မိုင် အကွာတွင်ရှိသည့် ကုန်းတွင်း ပစ်မှတ်တစ်ခုကို ကာလီဘာအမျိုးအစားခရုစ်ဒုံးကျည်ဖြင့် ပစ်ခတ်ခဲ့ကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ရေငုပ်သင်္ဘောမှ ပစ်လွှတ်ခဲ့သည့် ကာလီဘာခရုစ်ဒုံးကျည်သည် ရေအောက်မှ တိုးထွက်ပျံသန်း၍ ရုရှားနိုင်ငံအရှေ့ပိုင်း ခါဗိုရော့ဗ်ဒေသ လေ့ကျင့်ရေးနယ်မြေတစ်ခုအတွင်းရှိ ပစ်မှတ်အားထိမှန်ခဲ့ပုံ ဗီဒီယိုဖိုင်ကို ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ယနေ့တွင် ထုတ်ဖော်ပြသခဲ့သည်။

ကာလီဘာ ခရုစ်ဒုံးကျည်များသည် ယူကရိန်းစစ်ဆင်ရေးများအတွင်း ရုရှားစစ်ဘက်အသုံးပြုနေသော ခရုစ်ဒုံးကျည်တစ်မျိုးဖြစ်သည်။

ဂျပန်ပင်လယ်ဒေသ၌ ပြုလုပ်ခဲ့သည့် စစ်ရေးလေ့ကျင့်မှုတွင် ရုရှားရေတပ် ပစိဖိတ်ရေတပ်အုပ်စုမှ စစ်သင်္ဘောများ၊ ဂျက်လေယာဉ်များနှင့် မောင်းသူမဲ့လေယာဉ်များ ပါဝင်ခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ကြေညာထားသည်။

သို့သော် စစ်ရေးလေ့ကျင့်မှုများ ပြုလုပ်ခဲ့သည့် အချိန်ကို ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ဖော်ပြောကြားခြင်း မရှိခဲ့ကြောင်း သိရသည်။

ရုရှားနိုင်ငံသည် ယူကရိန်းနိုင်ငံအတွင်းရှိ ပစ်မှတ်များကို ပင်လယ်နက်ရေပြင်အတွင်းရှိ စစ်သင်္ဘောများ၊ ရေငုပ်သင်္ဘောများမှတစ်ဆင့် ကာလီဘာခရုစ်ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း သိရသည်။

KKO

# SCIENCE AND TECHNOLOGY

## Space-X အာကာသနည်းပညာကုမ္ပဏီက မတ် ၂ ရက်တွင် Crew Dragon အာကာသလူသယ်ယာဉ်ကို အောင်မြင်စွာလွှတ်တင်ခဲ့



**ဝါရှင်တန် မတ် ၃**

အမေရိကန်နိုင်ငံ အခြေစိုက် Space-X အာကာသနည်းပညာ ကုမ္ပဏီသည် Crew-6 မစ်ရှင်ဖြင့် Crew Dragon အာကာသလူသယ် ယာဉ်ကို ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် မတ် ၂ ရက်က အောင်မြင်စွာလွှတ်တင်ခဲ့ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က မတ် ၂ ရက်က ရေးသားတင်ပြထားသည်။

Crew Dragon အာကာသ လူသယ်ယာဉ် သယ်ဆောင်ထားသည့် ဖယ်လ်ကွန်-၉ ဒုံးပျံကို ဖလော်ရီဒါပြည်နယ် ကနေဒီ အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ အာကာသလူသယ် ယာဉ်နှင့်အတူ အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ) အာကာသယာဉ်မှူး နှစ်ဦး၊ ရုရှား အာကာသယာဉ်မှူး တစ်ဦးနှင့် ယူအေအီး အာကာသယာဉ်မှူး တစ်ဦးတို့ လိုက်ပါသွားကြောင်း သိရသည်။

Crew Dragon အာကာသ လူသယ်ယာဉ် လွှတ်တင်ပြီး ၂၄ နာရီခန့်အကြာတွင် နိုင်ငံတကာ အာကာသစခန်းနှင့် ချိတ်ဆက်နိုင်ဖွယ်ရှိကြောင်း သိရသည်။

Crew-6 မစ်ရှင်သည် နာဆာနှင့်ရယူထားသည့် သဘောတူညီချက်အရ Space-X အာကာသ နည်းပညာကုမ္ပဏီက လွှတ်တင်ပေးခဲ့သော ဆဋ္ဌမမြောက်နိုင်ငံတကာ အာကာသစခန်းယာဉ်မှူးများ သယ်ယူပို့ဆောင်ရေးမစ်ရှင် ဖြစ်ကြောင်း သိရသည်။

ယခင်မစ်ရှင်အတွက် အသုံးပြုထားသော Crew Dragon အာကာသ လူသယ်ယာဉ်သည် ယခင်က နိုင်ငံတကာ အာကာသစခန်းသို့ သုံးကြိမ်ပျံသန်းခဲ့ပြီးဖြစ်ကြောင်း သိရသည်။ KKO

## နိုင်ငံတကာသိပ္ပံပညာရှင်များက ကြာသပတေးဂြိုဟ်အရွယ်အစားရှိ နေအဖွဲ့အစည်းပြင်ပ ဓာတ်ငွေ့ဂြိုဟ်သစ်တစ်စင်းကို ရှာဖွေတွေ့ရှိ

**ဘာလင် မတ် ၃**

ကြာသပတေးဂြိုဟ် အရွယ်အစားရှိ နေအဖွဲ့အစည်းပြင်ပ ဓာတ်ငွေ့ဂြိုဟ်သစ် တစ်စင်းကို နိုင်ငံတကာ သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထားကြောင်း Phys.org သတင်းဝက်ဘ်ဆိုက်က မတ် ၂ ရက်က ရေးသားတင်ပြထားသည်။

TOI-3235b ဟူ၍ အမည်ပေးထားသော အဆိုပါဓာတ်ငွေ့ဂြိုဟ်သည် အရွယ်အစားအားဖြင့် ကြာသပတေးဂြိုဟ် အရွယ်အစားရှိပြီး မိခင်ကြယ်ကို သုံးရက်လျှင်တစ်ပတ်နှုန်းဖြင့် လှည့်ပတ်နေကြောင်း ဂျာမနီနိုင်ငံ မက်စ်ပလန့်အင်စတီကျုမှ သိပ္ပံပညာရှင်များ၏အဆိုအရ သိရသည်။

အဆိုပါ ဓာတ်ငွေ့ဂြိုဟ်ကို အမေရိကန်အစိုးရ အမျိုးသား လေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)က လွှတ်တင်ထားသည့် တက်စ်ဂြိုဟ်တု၏ အကူအညီဖြင့် တွေ့ရှိခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။



TOI-3235b ဓာတ်ငွေ့ဂြိုဟ် ဗဟိုပြုလှည့်ပတ်နေသည့် TOI-3235 အမည်ရှိကြယ်မှာ ကမ္ဘာမြေနှင့် အလင်းနှစ် ၂၃၆ နှစ်အကွာတွင် တည်ရှိကြောင်း သိရသည်။

အဆိုပါကြယ်သည် သက်တမ်းအားဖြင့် နှစ်ပေါင်း သန်း ၄၀၀ ခန့်သာရှိသေးသည့် သက်နုကြယ် တစ်စင်းဖြစ်သည်။

နာဆာ၏ တက်စ်ဂြိုဟ်တုသည် နေအဖွဲ့အစည်းဝန်းကျင်ရှိ အတောက်ပဆုံး ကြယ်ပေါင်း ၂၀၀၀၀၀ ခန့်ကို လေ့လာစောင့်ကြည့်လျက်ရှိရာ နေအဖွဲ့အစည်း ပြင်ပဂြိုဟ်များအဖြစ် ယူဆရသည့် အာကာသဖြပ်ထည် ၆၁၀၀ ကို ရှာဖွေ တွေ့ရှိထားပြီးဖြစ်ကြောင်း သိရသည်။ KKO

## နာဆာ၏ အင်ဂျီနျူတီရဟတ်ယာဉ်က အင်္ဂါဂြိုဟ်လေထုလွှာအတွင်း ၄၆ ကြိမ်မြောက် ကင်းထောက်ပျံသန်းမှုကို အောင်မြင်စွာပြုလုပ်နိုင်ခဲ့

**ဝါရှင်တန် မတ် ၃**

အမေရိကန်အစိုးရ အမျိုးသား လေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ အင်ဂျီနျူတီ ရဟတ်ယာဉ်သည် အင်္ဂါဂြိုဟ်လေထုလွှာအတွင်း ၄၆ ကြိမ်မြောက် ကင်းထောက်ပျံသန်းမှုကို အောင်မြင်စွာပြုလုပ်နိုင်ခဲ့ကြောင်း နာဆာတာဝန်ရှိသူများ၏ အဆိုကို ကိုးကား၍ Space.com သတင်း ဝက်ဘ်ဆိုက်က မတ် ၂ ရက်က ရေးသားတင်ပြထားသည်။

အင်ဂျီနျူတီရဟတ်ယာဉ်သည် ၄၆ ကြိမ်မြောက် ကင်းထောက်ပျံသန်းမှုကို ဖေဖော်ဝါရီ ၂၅ ရက်က ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါကင်းထောက်ပျံသန်းမှုအတွင်း အင်ဂျီနျူတီရဟတ်ယာဉ်သည် အမြင့် ၃၈ ပေထိတက်ရောက်၍ အကွာအဝေးပေပေါင်း ၁၄၆၀ ခန့်ထိ ပျံသန်းခဲ့ကြောင်း သိရသည်။

၄၆ ကြိမ်မြောက် ကင်းထောက်ပျံသန်းမှုအတွင်း အင်ဂျီနျူတီရဟတ်ယာဉ်၏အမြန်နှုန်းမှာ တစ်နာရီလျှင် ၁၁ ဒသမ ၉ မိုင်ထိရှိခဲ့ပြီး ပျံသန်းမှုကြာချိန်မှာ ၁၃၅ ဒသမ ၉ စက္ကန့်ထိရှိခဲ့ကြောင်းနာဆာတာဝန်ရှိသူများက ပြောကြားသည်။

နာဆာအဖွဲ့သည် မူလက အင်ဂျီနျူတီရဟတ်ယာဉ်ကို စမ်းသပ်ယာဉ်အဖြစ်သာ လွှတ်တင်ခဲ့ခြင်းဖြစ်သော်လည်း နောက်ပိုင်းတွင် ပါဆီးဗရင့်စ် အင်္ဂါဂြိုဟ်မျက်နှာပြင် လေ့လာရေးယာဉ်၏ ကင်းထောက်ယာဉ်ပျံအဖြစ် ဆက်လက်အသုံးချခဲ့ကြောင်း သိရသည်။

ပါဆီးဗရင့်စ်အင်္ဂါဂြိုဟ်မျက်နှာပြင်လေ့လာရေးယာဉ်နှင့် အင်ဂျီနျူတီရဟတ်ယာဉ်တို့သည် ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလတွင် အင်္ဂါဂြိုဟ် ဂျီဇီးရိုး ဥက္ကာချိုင့်ဝှမ်းနယ်မြေ၌ ဆင်းသက်ခဲ့ကြောင်း သိရသည်။ KKO

# HEALTH

## ကိုယ်ဝန်ဆောင်စဉ် သွေးဖိအားလွန်ကဲခဲ့သူများ အသက်ရလာချိန် ဦးနှောက်စွမ်းဆောင်ရည်ကျဆင်းနိုင်

**နယူးယောက် မတ် ၃**

ကိုယ်ဝန်ဆောင်စဉ် ကာလအတွင်း သွေးဖိအားပုံမှန်ထက်လွန်ကဲမှု (Preeclampsia)ပြဿနာရှိခဲ့သော အမျိုးသမီးများသည် အသက်ရလာချိန်တွင် ဦးနှောက်စွမ်းဆောင်ရည်ကျဆင်းမှုပြဿနာများနှင့် ရင်ဆိုင်ရနိုင်ကြောင်း Health Day News ဆေးပညာသတင်းဝက်ဘ်ဆိုက်က မတ် ၂ ရက်က ရေးသားတင်ပြထားသည်။

ကိုယ်ဝန်ဆောင်စဉ် ကာလအတွင်း ပုံမှန်ထက်သွေးဖိအားမြင့်တက်ခဲ့သူ အမျိုးသမီးများ၏ တွေးတောဆင်ခြင်နိုင်စွမ်းသည် အသက်ရလာချိန်တွင် ကျဆင်းသွားနိုင်ကြောင်း အမေရိကန် သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

ကိုယ်ဝန်ဆောင်ကာလအတွင်း ဖြစ်ပွားတတ်သည့် သွေးဖိအားလွန်ကဲမှုပုံစံမှာ နှစ်မျိုးရှိရာတစ်မျိုးမှာ Preeclampsia ဖြစ်ပြီးတစ်မျိုးမှာ Gestiational High Blood Pressure ဖြစ်သည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ ကိုယ်ဝန်ဆောင်ကာလ သွေးဖိအားမြင့်တက်မှုပုံစံ နှစ်မျိုးအနက် Preeclampsia နှင့်ရင်ဆိုင်ခဲ့ရသူများမှာ အသက်ရလာချိန်၌ တွေးတောဆင်ခြင်နိုင်စွမ်း ကျဆင်းနိုင်ခြေ ပုံမှန်ထက်ပိုများကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

အမေရိကန် သုတေသနပညာရှင်များသည် အမျိုးသမီး ၂၂၇၉ ဦးတို့၏ ကျန်းမာရေးအချက်အလက်များကို လေ့လာပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်း ဖြစ်ကြောင်း သိရသည်။

ကိုယ်ဝန်ဆောင်ကာလ သွေးဖိအားမြင့်တက်မှုသည် လေဖြတ်ခြင်း၊ နှလုံးဖောက်ခြင်းစသည့် ပြဿနာများနှင့်လည်း ဆက်စပ်နေတတ်ကြောင်း သိရသည်။

KKO

## တစ်ညလျှင်အိပ်ချိန် ခြောက်နာရီအောက်ရှိသူများ၌ ကူးစက်ရောဂါများဝင်ရောက်နိုင်ခြေ မြင့်မား

**အော့ခ်လို မတ် ၃**

တစ်ညလျှင် အိပ်စက်ချိန် ခြောက်နာရီအောက်တွင်သာရှိသူများ၌ ကူးစက်ရောဂါများဝင်ရောက်နိုင်ခြေ မြင့်မားလာနိုင်ကြောင်း The Daily Mail သတင်းစာက မတ် ၂ ရက်တွင် ရေးသားတင်ပြထားသည်။

နော်ဝေနိုင်ငံ ဘာဂျင်းတက္ကသိုလ်မှ သုတေသန ပညာရှင်များသည် လူပေါင်း ၁၈၄၈ ဦးတို့၏ အိပ်စက်မှုပုံစံနှင့် ဆီးလမ်းကြောင်းကူးစက်ရောဂါ၊ အရေပြားကူးစက်ရောဂါကဲ့သို့ ကူးစက်ရောဂါများဝင်ရောက်မှုအခြေအနေတို့ကို လေ့လာခဲ့ကြကြောင်း သိရသည်။

လေ့လာချက် ရလဒ်များအရ တစ်ညလျှင် အိပ်စက်ချိန်ခြောက်နာရီအောက်သာ ရှိသူများသည် အိပ်စက်ချိန်ပုံမှန်ရှိသူများနှင့် နှိုင်းယှဉ်ပါက ကူးစက်ရောဂါများဝင်ရောက်နိုင်ခြေ ၂၇ ရာခိုင်နှုန်းပိုများကြောင်း သုတေသနပညာရှင်များက ဖော်ထုတ်တွေ့ရှိခဲ့ကြသည်။

သို့ရာတွင် အိပ်စက်ချိန်ခြောက်နာရီအောက်တွင်ရှိသူနှင့် ကူးစက်ရောဂါဝင်ရောက်နိုင်ခြေ မြင့်မားမှုတို့ကြား မည်သို့ဆက်စပ်နေသည်ကို သုတေသန ပညာရှင်များက ရှင်းပြနိုင်မှုမရှိသေးပေ။

ကူးစက်ရောဂါများ ဝင်ရောက်နိုင်ခြေ မြင့်မားမှုကိုလျှော့ချရေးအတွက် တစ်ညလျှင် ခုနစ်နာရီနှင့် ရှစ်နာရီကြား အိပ်သင့်ကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

အိပ်စက်ချိန် နည်းလွန်းပါက ခုခံအားစနစ်၏ ကူးစက်ရောဂါကာကွယ်နိုင်စွမ်း ကျသွားနိုင်ကြောင်း သုတေသန ပညာရှင်များက ယူဆထားသည်။

KKO



## နိုင်ငံတကာ အားကစားသတင်းများ

### ပရီးမီးယားလိဂ် ပွဲစဉ် (၂၆) ပွဲကြိုသုံးသပ်ချက်

ML

**နော်တင်ဟမ် Vs အဲဗာတန်**

**ကစားမည့်ရက်/အချိန် ၅-၃-၂၀၂၄ (ည ၀၁း၃၀နာရီ)**

**ပထမအကျော့ရလဒ်**

**အဲဗာတန် ၁ - ၁ နော်တင်ဟမ်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| နော်တင်ဟမ် | - | ဝေး(ရှုံး) | အိမ်(သရေ) | ဝေး(ရှုံး) |
| အဲဗာတန် | - | အိမ်(နိုင်) | အိမ်(ရှုံး) | ဝေး(ရှုံး) |

နော်တင်ဟမ်အသင်းဟာ ဒဏ်ရာရကစားသမားများနေပေမဲ့ အိမ်ကွင်းကစားပုံထက်မြက်နေတာကြောင့် ပြီးခဲ့တဲ့ပွဲစဉ်မှာလဲ မန်စီးတီးကို သရေရလဒ် ကစားနိုင်ခဲ့တာဖြစ်ပါတယ်။ အဲဗာတန်အနေနဲ့အဝေးကွင်း ခြေစွမ်းပိုင်းကျဆင်းနေတာကြောင့် နော်တင်ဟမ်တိုက်စစ်ကို ပွဲချိန်ပြည့် ထိန်းနိုင်ဖို့မလွယ်ပါဘူး။ ဒါကြောင့် နော်တင်ဟမ်ကိုပဲ အားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း - နော်တင်ဟမ် ၂ - ၁ အဲဗာတန်**

### အီတလီစီးရီးအေ ပွဲစဉ် (၂၅) ပွဲကြိုသုံးသပ်ချက်များ

ML

**အင်တာမီလန် Vs လက်ချီ**

**ကစားမည့်ရက်/အချိန် ၅-၃-၂၀၂၄ (ည ၁၁း၃၀နာရီ)**

**ပထမအကျော့ရလဒ်**

**လက်ချီ ၁ - ၂ အင်တာမီလန်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| အင်တာမီလန် | - | အိမ်(နိုင်) | အိမ်(နိုင်) | ဝေး(ရှုံး) |
| လက်ချီ | - | အိမ်(သရေ) | ဝေး(နိုင်) | အိမ်(ရှုံး) |

အင်တာမီလန်ဟာ ပြီးခဲ့တဲ့အဝေးကွင်းမှာမထင်မှတ်ဘဲ ရှုံးခဲ့တာကြောင့် အခုအိမ်ကွင်းပွဲစဉ်မှာ နိုင်ပွဲရဖို့ အစွမ်းကုန်ကြိုးပမ်းလာမှာ သေချာပါတယ်။ လက်ချီကတော့ အဝေးကွင်းခံစစ်ပိုင်းကလဲ စိတ်မချရတာကြောင့် တိုက်စစ်ထက်မြက်တဲ့ အင်တာမီလန်ကို ပေးဂိုးမများဖို့သာ တားဆီးရမှာပါ။ ဒါကြောင့် အင်တာမီလန်အသင်းကိုပဲ ရွေးချယ်ရမှာပါ။

**အင်တာနက်ခန့်မှန်း - အင်တာမီလန် ၂ - ၀ လက်ချီ**

**ရိုးမား Vs ဂျူပင်တပ်**

**ကစားမည့်ရက်/အချိန် ၆-၃-၂၀၂၄ (နံနက် ၀၂း၁၅နာရီ)**

**ပထမအကျော့ရလဒ်**

**ဂျူဗင်တပ် ၁ - ၁ ရိုးမား**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ရိုးမား | - | အိမ်(နိုင်) | အိမ်(နိုင်) | ဝေး(ရှုံး) |
| ဂျူဗင်တပ် | - | ဝေး(နိုင်) | ဝေး(နိုင်) | အိမ်(နိုင်) |

ခြေစွမ်းပိုင်းတည်ငြိမ်မှုမရှိတဲ့ ရိုးမားအသင်းဟာ လက်ရှိကစားသမားနဲ့ နည်းပြကြား နားလည်မှုလွဲနေတာကြောင့် ကစားအားကျဆင်းနေတာကို တွေ့ရမှာပါ။ ဂျူဗင်တပ်ကတော့ ရမှတ်လျော့ခံရပြီးနောက်ပိုင်း ပြိုင်ပွဲတိုင်းကို ရေကုန်ရေခန်းကစားနေသလို ဒီမာရီယာ၊ ဗလာဟိုဗစ်၊ ပေါ့ဂ်ဘာတို့ ခြေစွမ်းပြလာတာကြောင့် တိုက်စစ်ပိုင်းထက်မြက်လာတာကိုတွေ့ရမှာပါ။ ဒါကြောင့် တိုက်စစ်ထက်မြက်နေတဲ့ ဂျူဗင်တပ်ကို ရွေးချယ်ရမှာပါ။

**အင်တာနက်ခန့်မှန်း - ရိုးမား ၁ - ၂ ဂျူဗင်တပ်**

### အားကစားသတင်း အတိုအထွာများ

- အာဆင်နယ်အသင်းနှင့် ချဲလ်ဆီးအသင်းတို့က ခေါ်ယူရန် ကြိုးပမ်းနေသည့် ဆောက်သမ်တန်အသင်း လူငယ်ကစားသမား လာဗီယာကို မန်ယူအသင်းကလည်းခေါ်ယူရန် အပြိုင်ကြိုးပမ်းနေကြောင်း သိရသည်။
- ဂျူဗင်တပ်အသင်းမှ ထွက်ခွာရန် ဆန္ဒရှိနေသည့် တိုက်စစ်မှူး ဗလာဟိုဗစ်ကို ချဲလ်ဆီးအသင်းက ခေါ်ယူရန် ပစ်မှတ်ထားလျက်ရှိနေသည်။
- တိုက်စစ်မှူး ဟာလန်းအနေဖြင့် မန်စီးတီးအသင်းမှ ထွက်ခွာရန် ဆန္ဒရှိနေပြီး ရီးရဲလ်မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ကစားရန်အတွက် မျှော်လင့်ထားသည်ဟု ၎င်း၏အေးဂျင့်က ထုတ်ဖော်ပြောကြားခဲ့ကြောင်း သိရသည်။ ML

## မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၃)တွင် ရှမ်းယူနိုက်တက်အသင်းက ရောဝတီယူနိုက်တက်အသင်းကို သုံးဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိ




**ရန်ကုန် မတ် ၃**

၂၀၂၄ မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၃)အဖြစ် ယနေ့ ညနေ ၃နာရီခွဲက ရန်ကုန်မြို့ သုဝဏ္ဏ အားကစားကွင်းတွင် ရောဝတီယူနိုက်တက်အသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့ကစားခဲ့ရာ ရှမ်းယူနိုက်တက်အသင်းက သုံးဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင်ပွဲစကတည်းက ရှမ်းယူနိုက်တက် အသင်းက ဘောလုံးပိုင်ဆိုင်မှုအသာ၊ ခြေစွမ်းပိုင်းအသာဖြင့် ဖိအားပေးကစားနိုင်ခဲ့ပြီး ပွဲချိန် ခြောက်မိနစ်တွင် ပင်နယ်တီမှတစ်ဆင့် ဇယ်လိုက ရှမ်းယူနိုက်တက် အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့ပြီး ပွဲချိန် မိနစ် ၂၀ တွင်လည်း မူကိုင်လိုက ရှမ်းယူနိုက်တက် အသင်းအတွက် ဒုတိယဦးဆောင်ဂိုးသွင်းယူပေးနိုင်ခဲ့သောကြောင့် ပထမပိုင်းအပြီးတွင် ရှမ်းယူနိုက်တက်အသင်းက နှစ်ဂိုး ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင်လည်း ရောဝတီယူနိုက်တက်အသင်းက လိုအပ်နေသည့်ချေပဂိုးများအတွက် ပြန်လည်ဖိအားပေးကစားရန် ကြိုးပမ်းခဲ့သော်လည်း ရှမ်းယူနိုက်တက်အသင်းခံစစ်ပိုင်းကို ကျော်ဖြတ်ရန်ခက်ခဲခဲ့ပြီး ပွဲချိန် ၇၅ မိနစ်တွင် လင်းထက်စိုးက ရှမ်းယူနိုက်တက်အသင်းအတွက် တတိယဦးဆောင်ဂိုးသွင်းယူပေးနိုင်ခဲ့သည်။

ဦးဆောင်ဂိုး သုံးဂိုး ရရှိခဲ့ပြီးနောက်ပိုင်း ရှမ်းယူနိုက်တက်အသင်းက ကစားအားချခဲ့ရာမှ ရောဝတီယူနိုက်တက် အသင်းက ပြန်လည်ဖိအားပေးခဲ့ပြီး ပွဲချိန် ၉၂ မိနစ်တွင် ရန်နိုင်လင်းက ချေပဂိုးတစ်ဂိုး သွင်းယူနိုင်ခဲ့သည့်အတွက် ပွဲပြီးဆုံးချိန်တွင် ရှမ်းယူနိုက်တက်အသင်းက ရောဝတီယူနိုက်တက်အသင်းကို သုံးဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ယနေ့ ယှဉ်ပြိုင်ကစားခဲ့သည့် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ် (၃) အခြားပွဲစဉ်တွင် ဒဂုံစတားအသင်းက မဟာယူနိုက်တက်အသင်းကို လေးဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ STA

## ဘာစီလိုနာအနေဖြင့် ကစားသမားရောင်းချမှု စတာလင်ပေါင် ၁၇၈ သန်းရရှိမှသာ ကစားသမားသစ်ခေါ်ယူနိုင်မည်

**မက်ဒရစ် မတ် ၃**

ဘဏ္ဍာရေး အကျပ်အတည်းဖြင့် ရင်ဆိုင်နေရသည့် ဘာစီလိုနာအသင်းသည် ကစားသမားရောင်းချမှုမှ စတာလင်ပေါင် ၁၇၈ သန်းထိရရှိအောင် ဆောင်ရွက်နိုင်မှသာ ကစားသမားသစ်ခေါ်ယူမှု ပြုလုပ်နိုင်မည်ဟု အကြောင်းကြားခဲ့ပြီး လိုက်နာခြင်းမရှိပါက လာမည့်အပြောင်းအရွှေ့တွင် ကစားသမားခေါ်ယူခွင့်ပိတ်ပင်မည်ဟုလာလီဂါအဖွဲ့ချုပ်က ထုတ်ပြန်ခဲ့ကြောင်း ဒေးလီးမေးလ်သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ကြွေးမြီ စတာလင်ပေါင် တစ်ဘီလီယံထိရှိသည့် ဘာစီလိုနာအသင်းသည် ပြီးခဲ့သည့်ဘောလုံးရာသီကလည်းရုပ်သံထုတ်လွှင့်ခွင့်နှင့် ကွင်းအမည်ရောင်းချမှုများပြုလုပ်ကာ နွေရာသီအပြောင်းအရွှေ့ကာလက တိုက်စစ်မှူး လီဝမ်ဒေါစကီး၊ ကွင်းလယ်ကစားသမား ရာဖင်ဟာ၊ ခံစစ်ကစားသမား ခွန်ဒီတို့ကိုခေါ်ယူ၍ စတာလင်ပေါင် ၁၀၅ သန်းထိ သုံးစွဲခဲ့သည်။

ထို့ပြင် ဘာစီလိုနာအသင်းသည် ကစားသမားများ၏ လုပ်ခလစာဖြတ်တောက်မှုမှ စတာလင်ပေါင်သန်း ၁၅၀ထိ လျှော့ချမှုပြုလုပ်ကာ ဘဏ္ဍာရေးခက်ခဲမှုကို ဖြေရှင်းခဲ့သော်လည်း လိုငွေစတာလင်ပေါင် ၁၇၈ သန်းထိရှိနေပြီး အသင်းအနေဖြင့်လည်း ချန်ပီယံလိဂ်ပြိုင်ပွဲမှ ထွက်ခွာ၍ ယူရိုပါလိဂ်ပြိုင်ပွဲကစားခဲ့ရပြီး ထပ်မံထွက်ခွာခဲ့ရသောကြောင့် လာလီဂါ၏ ဝင်ငွေ၊ ထွက်ငွေမျှတမှု စည်းမျဉ်းကို ကျော်ဖြတ်နိုင်မည်မဟုတ်ကြောင်း သိရသည်။

လာလီဂါ အဖွဲ့ချုပ်ဥက္ကဋ္ဌ တီဗက်စ်က "ဘာစီလိုနာအသင်းဟာ ငွေကြေးအကျပ်အတည်းတွေရှိနေပေမဲ့ အသင်းရဲ့ပိုင်ဆိုင်မှုတွေကို ရောင်းချပြီး အခြားနည်းလမ်းနဲ့ ဘဏ္ဍာရေးအခက်အခဲကို ဖြေရှင်းခဲ့တာပါ။ လက်ရှိမှာတော့ အသင်းအနေနဲ့ ကစားသမားဝယ်ယူရောင်းချမှုမှာ လိုငွေစတာလင်ပေါင် ၁၇၈ သန်းထိရှိနေတာကြောင့် ဒီလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်မှသာ လာမဲ့အပြောင်းအရွှေ့မှာ အသုံးစရိတ် စတာလင်ပေါင် ၇၀ သန်း သုံးစွဲခွင့်ရမှာပါ။ ဒီလိုအပ်ချက်တွေကို သတ်မှတ်ကာလမှာ မဖြည့်ဆည်းနိုင်ရင်တော့ ဘာစီလိုနာအသင်းကို ကာလတစ်ခုထိ ကစားသမားဝယ်ယူခွင့် ပိတ်ပင်သွားမှာပါ" ဟု ပြောကြားခဲ့ကြောင်း သိရသည်။ ML

## တိုက်စစ်မှူးဆော်လမွန်ကို အပြီးသတ်ခေါ်ယူနိုင်ရန် ဖူလ်ဟမ်အသင်းနည်းပြ မားကိုစ်ဆေးဗား ကြိုးပမ်း

**လန်ဒန် မတ် ၃**

ဖူလ်ဟမ်အသင်းသည် ပြီးခဲ့သည့် နွေရာသီအပြောင်းအရွှေ့ကာလက အငှားစာချုပ်ဖြင့် ခေါ်ယူထားသည့် ရှက်တာဒိုးနက်အသင်း တိုက်စစ်မှူး ဆော်လမွန်ကို အပြီးသတ်ခေါ်ယူခွင့်ရရှိရန် ကြိုးပမ်းလျက်ရှိသည်ဟု Evening Standard သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၂၄ နှစ်ရှိ တိုက်စစ်မှူး ဆော်လမွန်သည် ဖူလ်ဟမ်အသင်းသို့ အငှားစာချုပ်ဖြင့် ရောက်ရှိခဲ့ပြီးနောက် ဒူးဒဏ်ရာကြောင့် သုံးလကျော် အနားယူခဲ့ရသော်လည်း ဒဏ်ရာသက်သာလာချိန်တွင် အသင်းနှင့်အတူ ပွဲထွက်ခွင့်ရရှိခဲ့ရာ လေးပွဲကစားခဲ့ရာတွင် သွင်းဂိုး လေးဂိုးထိ သွင်းယူခြေစွမ်းပြနိုင်သည့်အပြင် ပြီးခဲ့သည့်အက်ဖ်အေဖလားပြိုင်ပွဲတွင်လည်း အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူကာ အသင်းအား အက်ဖ်အေဖလားကွာတားဖိုင်နယ်အဆင့်ထိပို့ဆောင်နိုင်ခဲ့သောကြောင့် နည်းပြ မားကိုစ်ဆေးဗားက အပြီးသတ်ဝယ်ယူခွင့်ရရှိရန် ကြိုးပမ်းနေခြင်းဖြစ်သည်။

လက်ရှိတွင် ယူကရိန်းကလပ်အသင်းမှ ကစားသမားများကို ခေါ်ယူပါက ဖီဖာက ချမှတ်ထားသည့် စည်းမျဉ်းသတ်မှတ်ချက်များမှာ ရှုပ်ထွေးမှုရှိနေသော်လည်း နည်းပြ မားကိုစ်ဆေးဗားက ရှက်တာဒိုးနက်အသင်းနှင့် သဘောတူညီမှုရရှိနိုင်ရန် ဆွေးနွေးမည်ဖြစ်ကာ ကာလရှည်စာချုပ်ချုပ်ဆိုနိုင်ရန် ပစ်မှတ်ထားလျက်ရှိသည်။




ဖူလ်ဟမ်အသင်းသည် ယခုနေရာတွင်ရပ်တည်နေပြီး ဥရောပနှစ်မှ ပရီးမီးယားလိဂ်သို့ ပြန်လည်တန်းတက်လာခဲ့ရာ အမှတ်ပေးပြိုင်ပွဲ ၂၅ ပွဲကစားအပြီးတွင် ၁၁ ပွဲနိုင်၊ ခြောက်ပွဲသရေ၊ ရှစ်ပွဲရှုံးရလဒ်ဖြင့် ရမှတ် ၃၉ မှတ်ထိရရှိခဲ့သောကြောင့် အဆင့် (၇) ပြိုင်ပွဲ ဝင်ခွင့်ရရှိရန် အခြေအနေကောင်းနေသကဲ့သို့ အက်ဖ်အေဖလားပြိုင်ပွဲတွင်လည်း ကွာတားဖိုင်နယ်အဆင့်ထိ တက်ရောက်နိုင်ခဲ့ကာ မန်ယူအသင်းနှင့်တွေ့ဆုံနေကြောင်း သိရသည်။ ML

# မြန်မာဘောလုံးလောကဖွံ့ဖြိုးတိုးတက်ရေးအတွက် အခမဲ့နွေရာသီအခြေခံဘောလုံး သင်တန်းများကို ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် စတင်ဖွင့်လှစ်



**မန္တလေး မတ် ၃**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က မျိုးဆက်သစ်လူငယ်ကစားသမားများပေါ်ထွက်လာစေရန်နှင့် မြန်မာဘောလုံးလောက ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ရည်ရွယ်ပြီး အခမဲ့နွေရာသီဘောလုံးအခြေခံသင်တန်းများကို ယနေ့တွင် ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့၌ စတင်ဖွင့်လှစ်သင်ကြားပေးခဲ့ကြောင်း သိရသည်။

ယနေ့တွင် အမှတ်စဉ်(၁) ၂၀၂၃ နွေရာသီအခြေခံဘောလုံးအခမဲ့သင်တန်းကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ အာရှဘောလုံးအဖွဲ့ချုပ်နည်းပြလိုင်စင်ရ သင်တန်းဆရာများက သင်ကြားပေးလျက်ရှိနေပြီး ရန်ကုန်မြို့ရှိ မြန်မာဘောလုံးအဖွဲ့ချုပ်ဘောလုံးအကယ်ဒမီတွင် သင်တန်းသားဦးရေ ၂၀၀ နှင့် မန္တလေးမြို့ရှိ ဘောလုံးအကယ်ဒမီတွင် သင်တန်းသားဦးရေ၂၀၀ဖြင့် စတင်သင်ကြားလျက်ရှိနေသည်။

အမှတ်စဉ် (၁) ၂၀၂၃နွေရာသီအခြေခံဘောလုံးအခမဲ့သင်တန်းကို ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် မတ် ၁၀ ရက်ထိ သင်ကြားပေးသွားမည်ဖြစ်ပြီး အမှတ်စဉ် (၂) သင်တန်းကိုလည်း ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ရှိ ဘောလုံးအကယ်ဒမီကျောင်းများတွင် သင်တန်းသားဦးရေ ၂၀၀ စီဖြင့် ဧပြီ ၁၉ရက်မှ ၂၉ရက်ထိ ထပ်မံဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်သည်။

အဆိုပါ၂၀၂၃ နွေရာသီအခြေခံဘောလုံးအခမဲ့သင်တန်း အမှတ်စဉ်(၁)နှင့် အမှတ်စဉ် (၂)သင်တန်းများ တက်ရောက်ပြီးစီးပါက သင်တန်းဝတ်စုံတစ်စုံစီနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်အသိအမှတ်ပြု သင်တန်းဆင်းလက်မှတ်များကို ချီးမြှင့်ပေးအပ်မည်ဖြစ်ကြောင်း သိရသည်။

STA

# Dubai Tennis Championships ပြိုင်ပွဲဆီမီးဖိုင်နယ်သို့ ဂျိုကိုဗစ်တက်ရောက်

**ဒူဘိုင်း မတ် ၃**

ဒူဘိုင်းတွင် ကျင်းပနေသည့် DubaiTennis Championships တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့် ပွဲစဉ်တစ်ပွဲအဖြစ် ကမ္ဘာ့အဆင့် (၁) နေရာတွင် ရပ်တည်နေသည့် ဆားဘီးယားတင်းနစ်ကစားသမားဂျိုကိုဗစ်နှင့် ပိုလန်တင်းနစ်ကစားသမား ဟာကက်ဇ်တို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဂျိုကိုဗစ်က (၆-၃၊ ၇-၅) ရလဒ်ဖြင့် အနိုင်ရရှိကာ ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ကြောင်း Super Sport သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။



ဂျိုကိုဗစ်သည် ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ချန်ပီယံဆုကို ဆွတ်ခူးခဲ့ပြီးနောက်ပိုင်းရလဒ်များ တောက်လျှောက်ကောင်းမွန်ခဲ့သလို ထိန်းချုပ်ရခက်သည့်ကစားသမားအဖြစ် သတ်မှတ်ခံထားရသူဖြစ်သည်။

ဂျိုကိုဗစ်သည်ပိုလန်အဆင့်(၁) တင်းနစ်ကစားသမား ဟာကက်ဇ်ကို ပထမပွဲငယ်တွင် ပြတ်သားသည့်ရလဒ်ဖြင့် အနိုင်ရခဲ့ပြီး ဒုတိယပွဲငယ်တွင်မူ ဟာကက်ဇ်ကတုံ့ပြန်မှုကောင်းမွန်လာပြီး Tie-break အဆင့်ထိ ကစားခဲ့ရကာ Tie-break တွင် ဂျိုကိုဗစ်က အနိုင်ရရှိခဲ့သည်။

ဂျိုကိုဗစ်က "ဟာကက်ဇ်နဲ့ကစားရမယ်လို့ သိလိုက်ရကတည်းက ခက်ခဲတဲ့ပွဲစဉ်တစ်ပွဲကို ယှဉ်ပြိုင်ကစားရတော့မယ်လို့ မျှော်လင့်ပြီးသားပါ။ ဟာကက်ဇ်ဟာ လက်ရှိတင်းနစ် ကစားသမားတွေထဲမှာ စပေးဘော အကောင်းဆုံး ကစားသမားတစ်ယောက် ဖြစ်ပါတယ်။ သူ့ရဲ့စပေးဘောတွေက တော်တော်လေးထိန်းရခက်တယ်။ ဒုတိယပွဲငယ်ပြီးတဲ့ထိကို သူ့ရဲ့စပေးဘောကို ဘယ်လိုထိန်းရမလဲ၊ ဘယ်လိုတုံ့ပြန်ရမလဲဆိုတာ အဖြေမရှိခဲ့ဘူး။ ဒါပေမဲ့လဲ ပွဲအပေါ် သေချာအာရုံစိုက်ကစားခဲ့တဲ့အတွက် အနိုင်ရလဒ်ကို စွမ်းဆောင်နိုင်ခဲ့ပါတယ်။ ခက်ခဲတဲ့ ပွဲစဉ်တစ်ပွဲကိုကျော်ဖြတ်နိုင်ခဲ့လို့ ဝမ်းသာဂုဏ်ယူမိပါတယ်။ ဆီမီးဖိုင်နယ်အဆင့်မှာလဲ ခက်ခဲတဲ့ပြိုင်ဘက်နဲ့ ထပ်ကစားရမှာဖြစ်တဲ့အတွက် ပြင်ဆင်လေ့ကျင့်မှုတွေ သေချာလုပ်သွားမယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။ AZL

# Arnold Palmer Invitational ပြိုင်ပွဲအမှတ်ပေးဇယားကို ဂျွန်ရမ်း ဦးဆောင်

**ဖလော်ရီဒါ မတ် ၃**

အမေရိကန်နိုင်ငံတွင် ဖလော်ရီဒါပြည်နယ် အော်လန်ဒိုတွင် ကျင်းပနေသည့် Arnold Palmer Invitational ဂေါက်သီးရိုက်ပြိုင်ပွဲ ပထမနေ့အပြီးတွင် စပိန်ဂေါက်သီးရိုက်ကစားသမား ဂျွန်ရမ်းက သတ်မှတ်ရိုက်ချက်ထက် ခုနစ်ချက်လျော့ရိုက်ကာအမှတ်ပေးဇယားကို ဦးဆောင်နေကြောင်း Independent သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အမေရိကန် ဂေါက်သီးရိုက်ကစားသမားများ ဖြစ်ကြသော ခရစ်ကာစ်၊ ကင်မရွန်းယန်းနှင့် ကီတာယာမာတို့က သတ်မှတ်ရိုက်ချက်ထက် ငါးချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ပူးတွဲရပ်တည်နိုင်ခဲ့ကြသည်။

၂၀၂၃ ခုနှစ်ဂေါက်သီးရိုက်ရာသီတွင် ချန်ပီယံဆုဖလားသုံးလုံးထိ ဆွတ်ခူးထားသော ဂျွန်ရမ်းသည် လေးလုံးမြောက်ဆုဖလားကို ဆွတ်ခူးနိုင်ရန် ပစ်မှတ်ထားနေသလို ကမ္ဘာ့အဆင့် (၁) နေရာကိုလည်း ဆက်လက် ထိန်းသိမ်းထားနိုင်ရေးအတွက် ပစ်မှတ်ထားလျက်ရှိသည်။

ကမ္ဘာ့အဆင့် (၁) နေရာကို စိန်ခေါ်နိုင်ရန် ပစ်မှတ်ထားနေသည့် ကမ္ဘာ့အဆင့်(၂)ဂေါက်သီးရိုက်ကစားသမား စကော့တီရှက်ဖလာမှာပထမနေ့တွင် ရလဒ်ကောင်းခဲ့သော်လည်း ကမ္ဘာ့အဆင့် (၃) ဂေါက်သီးရိုက် ကစားသမား မက်အီလ်ရွိုင်းမှာရလဒ်များ ဆိုးရွားခဲ့သည်။

အမှတ်ပေးဇယားကို ဦးဆောင်နေသည့် ဂျွန်ရမ်းသည် ပထမနေ့တွင် သုံးကျင်းဆက်တိုက် Birdies ရိုက်ချက်ရရှိခဲ့သလို ခရစ်ကာစ်နှင့် ကင်မရွန်းယန်းတို့သည်လည်း Birdies ရိုက်ချက်များ ရရှိခဲ့ကြသည်။

စပိန်ဂေါက်သီးရိုက်ကစားသမား ဂျွန်ရမ်းက "ပထမနေ့မှာ Swing ရိုက်ချက်တွေ တော်တော်လေးကောင်းခဲ့ပါတယ်။ ရလာတဲ့အခွင့်အရေးတွေကိုလဲ အကောင်းဆုံးအသုံးချနိုင်ခဲ့တယ်။ ကျင်းသုံးကျင်းဆက်တိုက်မှာ Birdies ရိုက်ချက်ရခဲ့တယ်။ Swing ရိုက်ချက်တွေ ကောင်းခဲ့တဲ့အတွက်ကြောင့် ပထမနေ့မှာ ရလဒ်ကောင်းတွေရခဲ့တာ ဖြစ်ပါတယ်။ ပြိုင်ပွဲဝင်တော်တော်များများကလဲ ရလဒ်တွေကောင်းခဲ့ကြတယ်။ နောက်ဆုံးနေ့ထိ ခက်ခက်ခဲခဲ ကစားသွားရမှာပါ"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

AZL

## ပြင်သစ်လီဂူး ပွဲစဉ် (၂၆) ပွဲကြိုသုံးသပ်ချက်များ

**ထရွိုင်းယက် Vs မိုနာကို**

**ကစားမည့်ရက်/အချိန် ၅-၃-၂၀၂၃ (ည ၀၆း၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**မိုနာကို ၂ – ၄ ထရွိုင်းယက်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **ထရွိုင်းယက်** | – | **ဝေး(ရှုံး)** | **အိမ်(ရှုံး)** | **ဝေး(ရှုံး)** |
| **မိုနာကို** | – | **ဝေး(နိုင်)** | **အိမ်(ရှုံး)** | **အိမ်(ရှုံး)** |

နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲဆက်ရှုံးပွဲကြိုထားတဲ့ ထရွိုင်းယက်အသင်းရဲ့ခြေစွမ်းပိုင်းက အတော်လေးဆိုးရွားနေပါတယ်။ မိုနာကိုအသင်းကလဲ နှစ်ပွဲဆက်ရှုံးပွဲကြိုထားလို့ အခုပွဲစဉ်မှာတော့မဖြစ်မနေအနိုင်ရလဒ်ရရှိအောင်ကြိုးစားလာမှာပါ။ ဒါကြောင့် အဝေးကွင်းဆိုပေမဲ့ ခြေစွမ်းပိုင်းအသာစီးမှာရှိနေတဲ့ မိုနာကိုအသင်းနဲ့ပဲ လက်တွဲထားရမှာပါ။

**အင်တာနက်ခန့်မှန်း – ထရွိုင်းယက် ၀ – ၂ မိုနာကို**

**လိုင်ယွန် Vs လိုရီယန့်**

**ကစားမည့်ရက်/အချိန် ၅-၃-၂၀၂၃ (ည ၁၀း၃၅နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**လိုရီယန့် ၃ – ၁ လိုင်ယွန်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **လိုင်ယွန်** | – | **ဝေး(ရှုံး)** | **ဝေး(နိုင်)** | **အိမ်(နိုင်)** |
| **လိုရီယန့်** | – | **ဝေး(ရှုံး)** | **အိမ်(နိုင်)** | **အိမ်(ရှုံး)** |

နောက်ပိုင်းပွဲစဉ်တွေမှာ ခြေစွမ်းပိုင်းပြန်လည်ကောင်းမွန်နေတဲ့ လိုင်ယွန်အသင်းဟာ အခုအိမ်ကွင်းပွဲစဉ်မှာ လိုရီယန့်အသင်းကို ခြေစွမ်းပိုင်းအသာနဲ့ဖိအားပေးနိုင်မှာပါ။ လက်ရှိလိုရီယန့်အသင်းရဲ့ခြေစွမ်းပိုင်းကလဲ တည်ငြိမ်မှုမရှိဘဲ ရှုန်းကန်နေရပါတယ်။ ဒါကြောင့် ခြေစွမ်းပိုင်းရောအိမ်ရှင်အားသာချက်ပါရှိနေတဲ့ လိုင်ယွန်အသင်းပဲ အနိုင်ယူသွားမှာပါ။

**အင်တာနက်ခန့်မှန်း – လိုင်ယွန် ၂ – ၁ လိုရီယန့်**

## စပိန်လာလီဂါ ပွဲစဉ် (၂၄) ပွဲကြိုသုံးသပ်ချက်

**ဘာစီလိုနာ Vs ဗလင်စီယာ**

**ကစားမည့်ရက်/အချိန် ၅-၃-၂၀၂၃ (ည ၀၉း၄၅နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဗလင်စီယာ ၀ – ၁ ဘာစီလိုနာ**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **ဘာစီလိုနာ** | – | **ဝေး(ရှုံး)** | **ဝေး(ရှုံး)** | **ဝေး(နိုင်)** |
| **ဗလင်စီယာ** | – | **အိမ်(ရှုံး)** | **ဝေး(ရှုံး)** | **အိမ်(နိုင်)** |

လက်ရှိဘာစီလိုနာအသင်းရဲ့ ခြေစွမ်းပိုင်းက အိမ်ကွင်းမှာ ဗလင်စီယာအသင်းကို အနိုင်ရယူဖို့မခက်ခဲပါဘူး။ ဗလင်စီယာအသင်းရဲ့ ခြေစွမ်းပိုင်းကလဲ တည်ငြိမ်မှုမရှိတာကြောင့် အခုအဝေးကွင်းမှာလဲ ရှုန်းကန်ရဖို့ရှိနေပါတယ်။ ဒါကြောင့် ဒီပွဲမှာခြေစွမ်းပိုင်းအသာစီးမှာရှိနေတဲ့ ဘာစီလိုနာအသင်းပဲ အနိုင်ရယူသွားပါလိမ့်မယ်။

**အင်တာနက်ခန့်မှန်း – ဘာစီလိုနာ ၂ – ၀ ဗလင်စီယာ**

## ဂျာမန်ဘွန်ဒက်လီဂါ ပွဲစဉ် (၂၃) ပွဲကြိုသုံးသပ်ချက်

**ဝုဖ်ဘတ် Vs ဖရန့်ဖတ်**

**ကစားမည့်ရက်/အချိန် ၅-၃-၂၀၂၃ (ည ၁၁း၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဖရန့်ဖတ် ၀ – ၁ ဝုဖ်ဘတ်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **ဝုဖ်ဘတ်** | – | **ဝေး(သရေ)** | **အိမ်(ရှုံး)** | **ဝေး(နိုင်)** |
| **ဖရန့်ဖတ်** | – | **အိမ်(နိုင်)** | **အိမ်(ရှုံး)** | **ဝေး(ရှုံး)** |

နှစ်ပွဲဆက်ရှုံးပွဲကြိုထားတဲ့ ဖရန့်ဖတ်အသင်းဟာ အခုအဝေးကွင်းပွဲစဉ်မှာလဲ ရှုန်းကန်ရပါလိမ့်မယ်။ ဝုဖ်ဘတ်အသင်းကတော့ အိမ်ကွင်းဆိုရင် အသင်းလိုက်ကစားပုံကောင်းမွန်လို့ ဖရန့်ဖတ်အသင်းကို ဖိအားပေးကစားနိုင်မှာပါ။ ဒါကြောင့် ဒီပွဲမှာ အိမ်ရှင်အားသာချက်နဲ့ဖိအားပေးကစားလာမဲ့ ဝုဖ်ဘတ်အသင်းပဲရလဒ်ကောင်းသွားပါလိမ့်မယ်။

**အင်တာနက်ခန့်မှန်း – ဝုဖ်ဘတ် ၂ – ၁ ဖရန့်ဖတ်**

# အိန္ဒိယသို့စစ်လက်နက်များ ဆက်လက်တင်ပို့ရန်ကြိုးပမ်းနေသော ရုရှားနိုင်ငံ

ရုရှားနိုင်ငံသည် နယူးဒေလီ၏မျိုးဆက်သစ်တင့်ကားအစီအစဉ်တွင် နေရာရရှိရန်အတွက် အိန္ဒိယနိုင်ငံသို့ T-14 Armata အမျိုးအစား ပင်မတိုက်ပွဲဝင်တင့်ကား (MBT)များ တင်ပို့ရောင်းချရန်စီစဉ်ဆောင်ရွက်လျက်ရှိသည်။ ရုရှားနိုင်ငံသည် အိန္ဒိယ၏မျိုးဆက်သစ် MBT စီမံကိန်းအတွက် T-14 MBT နည်းပညာများ လွှဲပြောင်းပေးအပ်သွားရန် အသင့်ရှိနေပြီဖြစ်ကြောင်း ရုရှားစစ်ဘက်နည်းပညာကော်ပိုရေးရှင်းမှ ဒုတိယညွှန်ကြားရေးမှူး ဗလာဒီမာဗိုဇရက်က ၂၀၂၃ ခုနှစ် အိန္ဒိယလေကြောင်းပြပွဲ၌ ပြောကြားခဲ့ကြောင်း ရုရှားနိုင်ငံပိုင်သတင်းစာ RIA Novosti တွင် ဖော်ပြထားရှိသည်။

ရုရှားနိုင်ငံသည် တင့်ကားများတည်ဆောက်သည့်နယ်ပယ်တွင် ၎င်း၏ခေတ်မီနည်းပညာများကို အသုံးပြုလျက် အိန္ဒိယ၏ ပင်မတိုက်ပွဲဝင်တင့်ကား ပူးတွဲသုတေသနပြုတည်ဆောက်ရာ၌ ပါဝင်ဆောင်ရွက်သွားရန်စီစဉ်ထားရှိသည်။ အိန္ဒိယနိုင်ငံအနေဖြင့်လည်း ၎င်း၏မျိုးဆက်သစ် MBT စီမံကိန်းအတွက် နိုင်ငံတကာ လေလံခေါ်ယူသွားရန်စီစဉ်ထားရှိပြီး တင်ဒါရွေးချယ်ရာ၌ နည်းဗျူဟာမြောက်နှင့်နည်းပညာဆိုင်ရာအချက်အလက်များကို အခြေခံရွေးချယ်သွားမည်ဟုဆိုသည်။

ရုရှားနိုင်ငံအနေဖြင့် ပြည်ပပို့ကုန်အခြေခံသောစက်မှုလုပ်ငန်းကို ကျားကန်ထားနိုင်ရေးအတွက် အိန္ဒိယနိုင်ငံကို ကမ်းလှမ်းခဲ့ခြင်းဖြစ်သည်။ ရုရှားစက်မှုလုပ်ငန်းသည် ပြည်ပတင်ပို့ရောင်းချရေးအတွက် စိန်ခေါ်မှုများစွာနှင့် ရင်ဆိုင်ရလျက်ရှိသည့်အပြင် ခေတ်လွန် ဆိုဗီယက်ဒီဇိုင်းများနှင့် ယူကရိန်းပဋိပက္ခကြောင့် အနောက်အုပ်စုများ၏ ပိတ်ဆို့မှုများမှာလည်း အကျပ်အတည်းများ ပိုမိုဖြစ်ပေါ်စေလျက်ရှိသည်။

ထို့ပြင် ရုရှားနိုင်ငံသည် အိန္ဒိယကို Su-75 အမျိုးအစား ပဉ္စမမျိုးဆက် ကိုယ်ပျောက်တိုက်လေယာဉ်အစီအစဉ်တွင်ပါဝင်ရန်လည်း စည်းရုံးဆောင်ရွက်လျက်ရှိသည်။ သို့သော် ရုရှားနိုင်ငံသည် အိန္ဒိယနိုင်ငံကို ကိုယ်ပျောက်တိုက်လေယာဉ်အစီအစဉ်တွင် ဆွဲဆောင်နိုင်စွမ်း ရှိ၊ မရှိကိုမူ ရှင်းရှင်းလင်းလင်း မသိရှိရသေးပေ။ အနောက်အုပ်စု၏ ပိတ်ဆို့မှုများကြောင့် ရုရှားနိုင်ငံအနေဖြင့် အာကာသနယ်ပယ်တွင် အိန္ဒိယကို စဉ်ဆက်မပြတ် ပံ့ပိုးမှုပေးသွားနိုင်မည်လားဆိုသောအချက်အပေါ်တွင်လည်း အိန္ဒိယနိုင်ငံက စိုးရိမ်ပူပန်လျက်ရှိသည်။

အိန္ဒိယအနေဖြင့် ပြည်တွင်း၌စစ်ဘက်နည်းပညာတိုးတက်လာခြင်း၊ ကမ္ဘာလုံးဆိုင်ရာ လက်နက်ရောင်းချသူများ များပြားလာခြင်းနှင့် ပဉ္စမမျိုးဆက်တိုက်လေယာဉ်အစီအစဉ်ကို ပြည်တွင်း၌ပင်လျှင် အကောင်အထည်ဖော်ဆောင်သွားရန်ရှိသည့်အတွက် ရုရှားနိုင်ငံနှင့် ခပ်ခွာခွာနေလာလျက်ရှိသည်။ ရုရှားသည် ၎င်း၏ Su-75 အပေါ့စားတိုက်လေယာဉ် အစီအစဉ်တွင် အိန္ဒိယနိုင်ငံကို သိမ်းသွင်းဆောင်ရွက်နိုင်ရေးအတွက် အခွင့်အလမ်းနည်းပါးလျက်ရှိသည်။ ထို့ကြောင့် ရုရှားနိုင်ငံအနေဖြင့် အိန္ဒိယ T-14 MBT စီမံကိန်းတွင် မိတ်ဖက်နိုင်ငံအဖြစ် စည်းရုံးဆောင်ရွက်နိုင်ခြင်းသည် ကံကောင်းမှုတစ်ခုပင်ဖြစ်သည်။

ရုရှားနိုင်ငံသည် အိန္ဒိယ၏ အနာဂတ်တိုက်ပွဲဝင်အသင့်ယာဉ် (FRCV) ဖြစ်သည့် မျိုးဆက်သစ်တင့်ကားအစီအစဉ်တွင် ပါဝင်ဆောင်ရွက်နိုင်ရန် နည်းလမ်းရှာဖွေသွားမည်မှာ အသေအချာပင်ဖြစ်သည်။ FRCV သည် အိန္ဒိယ၏ နှစ် ၄၀ သက်တမ်းရှိ T-72s နှင့် အဆင့်မြှင့်တင်ထားသော T-90 မူကွဲများနေရာတွင် အစားထိုးနိုင်ရန် ရည်ရွယ်ထားသည့်အပြင် ပြည်တွင်းထုတ် Arjun တင့်ကားနေရာတွင်အလှည့်အပြောင်းအနေဖြင့် အသုံးပြုသွားရန်ဖြစ်သည်။ အဆိုပါအစီအစဉ်အရ ၂၀၃၀ ပြည့်နှစ်တွင် တင့်ကားအစီးရေ ၁၇၀၀ ထိ ထုတ်လုပ်သွားရန် ရည်ရွယ်ထားရှိသည်။

FRCV သည် လက်နက်၊ ခံယမ်းများနှင့်ဒရုန်းများကဲ့သို့သော မြီးခြောက်မှုအန္တရာယ်ကို ကာကွယ်နိုင်ရန်အဆင့်မြှင့်တင်ထားပြီး ထိရောက်သောကာကွယ်ရေးစနစ်နှင့် ထောက်လှမ်း၊ စောင့်ကြည့်၊ ကင်းထောက် (ISR)စွမ်းဆောင်ရည်များပါရှိသည်။ အိန္ဒိယအနေဖြင့် ရုရှားနိုင်ငံအပြင် အခြားသော MBT ထုတ်လုပ်သူများမှလည်း သတင်းအချက်အလက်များ တောင်းခံထားရှိသည်။ ပြင်သစ်မှ Leclerc၊ တောင်ကိုရီးယားမှ K1၊ အမေရိကန်မှ M1AX Abrams၊ ဂျာမနီမှ Leopard 2၊ ယူကရိန်းမှ T-84 Oplot ၊ အီတလီမှ Ariete ၊ ဆားဘီးယားမှ M-84၊ အစ္စရေးမှ Merkava၊ ဗြိတိန်မှ Challenger 2 နှင့် တူရကီမှ Altay တင့်ကားများဆိုင်ရာ အချက်အလက်များကို တောင်းခံထားရှိသည်။



ခွင့်ပြုချက်လိုင်စင်ဖြင့် ထုတ်လုပ်နေသော အိန္ဒိယ၏ T-72s နှင့် T-90s တို့သည် အိန္ဒိယတပ်ဖွဲ့များတွင် အဓိကကျောရိုးအဖြစ် အသုံးပြုလျက်ရှိသော်လည်း နည်းပညာဆိုင်ရာပြဿနာများနှင့် ရင်ဆိုင်ရလျက်ရှိသည်။ အိန္ဒိယ၏ T-90 တင့်ကားများသည် နိုင်ငံတကာ ကြည်းတပ်ပြိုင်ပွဲများတွင် ပန်ကာကြိုးအားနည်းချက်ကြောင့် စက်ချွတ်ယွင်းမှုဖြစ်ပေါ်ခဲ့ရာမှ ဆီယိုစိမ့်မှုဖြစ်ပေါ်ခဲ့သဖြင့် အိန္ဒိယနိုင်ငံအနေဖြင့်ပြိုင်ပွဲမှ ထွက်ခဲ့ရသည်။ အဆိုပါ ချွတ်ယွင်းချက်များအပြင် T-90s များသည် ပြင်းထန်သောအပူချိန်အောက်တွင် ညကြည့်ကိရိယာများသည် ကောင်းမွန်စွာအလုပ်မလုပ်သဖြင့် သဲကန္တာရဒေသများတွင် ညဘက်၌ တာဝန်ထမ်းဆောင်နိုင်စွမ်းမရှိခဲ့ပေ။ အဆိုပါတင့်ကား၏အီလက်ထရွန်နစ်စနစ်သည် သဲကန္တာရအပူချိန်အောက်တွင် အမြဲတစေ ချွတ်ယွင်းမှုဖြစ်ပေါ်ခဲ့သည်။

အိန္ဒိယနိုင်ငံအနေဖြင့် ပြည်တွင်းထုတ် Arjun တင့်ကားကို အဆင့်မြှင့်တင်တည်ဆောက်လျက်ရှိသော်လည်း ၎င်းတင့်ကားအပေါ် မှီခိုအားထားရမှုသည် ရှင်းရှင်းလင်းလင်း မသိရှိရသေးပေ။ အိန္ဒိယနိုင်ငံသည် ၁၉၇၂ ခုနှစ်တွင် Arjun ကို သုတေသနပြုတည်ဆောက်ခဲ့သော်လည်း ၂၀၀၉ ခုနှစ်ထိ ထုတ်လုပ်ရန်အသင့်မဖြစ်ခဲ့ပေ။ အိန္ဒိယစက်မှုလုပ်ငန်းသည် နည်းပညာဆန်းသစ်သော တိုက်ပွဲဝင်တင့်ကားများ တည်ဆောက်နိုင်သည့် စွမ်းဆောင်ရည်မရှိသေးပေ။ အထူးသဖြင့် ဗျူရိုကရေစီနှင့် ကြိုးနီစနစ်ကဲ့သို့သော အခြားပြဿနာများကြောင့် ခေတ်မီတင့်ကားများ တည်ဆောက်နိုင်ခြင်း မရှိသေးပေ။ တင့်ကားနည်းပညာများ တိုးတက်လာသည့်အချိန်မျိုးတွင် Arjun တည်ဆောက်မှုကာလ ကြာမြင့်နေခြင်းသည် ဒီဇိုင်းပိုင်းဆိုင်ရာတွင် ခေတ်နောက်ကျကျန်ရစ်ခဲ့ရသည်။

သာဓကအနေဖြင့် GPS၊ လေဆာသတိပေးချက်ဖမ်းယူမှုကိရိယာများ၊ ပေါက်ကွဲမှုတုံ့ပြန်သံချပ်ကာ (NERA) နှင့် အခြားသောဆန်းသစ်တီထွင်မှုများသည် ၁၉၇၀ ပြည့်လွန်နှစ်များထိ သုတေသနစာတမ်းအဆင့်လောက်သာရှိနေခဲ့ပြီး ၂၀၀၀ ပြည့်နှစ်ခန့်မှသာရုပ်လုံးပေါ်လာခဲ့သဖြင့် Arjun အတွက် ဒီဇိုင်းပုံစံမျိုးစုံရေးဆွဲခဲ့ရသည်။ သုတေသနလုပ်ငန်းများကို ကာလရှည်ကြာလုပ်ဆောင်ခဲ့သော်လည်း Arjun သည် နောက်ဆုံးပေါ် ခေတ်မီတင့်ကားတစ်စီးအဖြစ် ရောက်ရှိလာခြင်းမရှိဘဲ နည်းပညာပိုင်းဆိုင်ရာ အလယ်အလတ်အဆင့်ရှိသော တင့်ကားအဖြစ်သာ တည်ဆောက်နိုင်ခဲ့သည်။

ထိုသို့သောအခြေအနေမျိုးတွင် ရုရှား၏ T-14 တင့်ကားသည် အိန္ဒိယအတွက်နည်းပညာလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သည်။ T-14 တင့်ကားသည် ရုရှား၏ ဆိုဗီယက်ခေတ်တင့်ကားဒီဇိုင်းများမှ ဆင်းသက်လာခြင်းဖြစ်သဖြင့် တစ်မူထူးခြားလျက်ရှိသည်။ အလေးချိန် ၅၅ တန်ရှိသော T-14 သည် မောင်းသူမဲ့ဆုံလည်ပါရှိသော ရုရှားနိုင်ငံ၏ ပထမဆုံးသောတင့်ကားဖြစ်သည်။ ၎င်းတင့်ကားတွင် တပ်ဖွဲ့ဝင် သုံးဦးသည် တင့်ကားတွင်အသုံးပြုမည့်လောင်စာ၊ ခဲယမ်းများနှင့် သီးခြားလိုက်ပါနိုင်သည့်အတွက် ဘေးကင်းလုံခြုံမှု ပိုမိုရှိစေမည်ဖြစ်သည်။

အဆိုပါတင့်ကားကို ၁၂၅ မီလီမီတာစက်သေနတ်၊ ၁၂ ဒသမ ၇ မီလီမီတာစက်သေနတ်နှင့် ၇ ဒသမ ၆၂ မီလီမီတာ စက်သေနတ်တို့ကို အဝေးထိန်းချုပ်လက်နက်အထိုင် (RCWS)နှင့်တပ်ဆင်ထားရှိသည်။ ရေဒါအချက်ပြမှုစနစ်ကိုဖမ်းယူပြီး ဆေးသုတ်ထားသောသုံးလွှာပါသည့် အကာအကွယ်စနစ်နှင့် အနီအောက်ရောင်ခြည်သုံး စိုထိုင်းဆကာကွယ်မှုစနစ်အပြင် ပေါက်ကွဲမှုတုံ့ပြန်သံချပ်ကာ (ERA)တို့ တပ်ဆင်ထားရှိသည်။

T-14 တင့်ကားသည် ၃၆၀ ဒီဂရီ ပတ်ပတ်လည်ကို လှည့်ပတ်ပစ်ခတ်နိုင်ခြင်း၊ ပစ်မှတ်ပေးအရာရှိနှင့် သေနတ်သမားများအတွက် နေ့၊ ည ကြည့်ရှုနိုင်သော မှန်ဘီလူးများပါရှိခြင်း၊ ယာဉ်မောင်းအတွက် အနီအောက်ရောင်ခြည်သုံး ကင်မရာပါရှိသည့်အပြင် ယာဉ်ဝမ်းဗိုက်ပိုင်းတွင်လည်း ၃၆၀ ဒီဂရီဘေးပတ်လည်ကို မှတ်တမ်းတင်နိုင်သော ကင်မရာများပါရှိသည်။ ထို့ပြင် T-14 တင့်ကားသည် မြင်းကောင်ရေ ၁၅၀၀ ရှိသော ဒီဇယ်သုံးအင်ဂျင်တပ်ဆင်ထားရှိပြီး ကွန်ရက်ဗဟိုပြုစစ်ဆင်ရေးတာဝန် ထမ်းဆောင်နိုင်သည့်အပြင် တိုက်ခိုက်ရေးနှင့် တိုက်ပွဲအထောက်အကူပြုယာဉ်အဖြစ်လည်း တစ်စိတ်တစ်ဒေသအားဖြင့် တာဝန်ထမ်းဆောင်နိုင်ရန် ပုံစံရေးဆွဲထားရှိသည်။

T-14 Armata တင့်ကားသည် ရုရှားနိုင်ငံ၏ ပင်မတိုက်ပွဲဝင်တင့်ကား(MBT)ဖြစ်ပြီး ၂၀၁၁ ခုနှစ်တွင် စတင်တာဝန်ထမ်းဆောင်ခဲ့သည်။ T-14 သည် နည်းပညာပိုင်းအရ T-95 နေရာတွင် အစားထိုးတာဝန်ထမ်းဆောင်သွားမည်ဖြစ်သည်။ ၎င်းတင့်ကားတည်ဆောက်မှုကိုလျှို့ဝှက်ထားပြီး ၂၀၁၂ ခုနှစ်တွင် ရုရှားကာကွယ်ရေးဝန်ကြီးဌာနက အတည်ပြုပေးခဲ့သည်။ ၂၀၁၅ ခုနှစ်တွင် ပြည်သူလူထုရှေ့မှောက်သို့ တရားဝင်ထုတ်ဖော်ပြသခဲ့သည်။ ကနဦးတည်ဆောက်ခဲ့သည့် ပထမဆုံး ၁၂ စီးကို ၂၀၁၅ ခုနှစ်တွင် ရုရှားကြည်းတပ်သို့ လွှဲပြောင်းပေးခဲ့သည်။ ရုရှားကာကွယ်ရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်တွင် T-14 တင့်ကားအစီးရေ ၁၀၀ မှာယူခဲ့သည်။ ၂၀၂၂ ခုနှစ်တွင် ရုရှားကြည်းတပ်သို့ T-14 တင့်ကားအစီးရေ ၂၀ လွှဲပြောင်းပေးသွားမည်ဖြစ်သည်။ ကြည်းတပ်သည် သက်တမ်းရင့် T-72၊ T-80 နှင့် T-90 တင့်ကားများနေရာများတွင် T-14 Armata တင့်ကားများဖြင့် အစားထိုးသွားရန် စီစဉ်လျက်ရှိသည်။ ၎င်းတင့်ကားတွင် တပ်ဆင်ထားသော ဒုံးကျည်များသည် ၅ ကီလိုမီတာထိရောက်ရှိပြီး အနိမ့်ပျံသန်းလာသော ရဟတ်ယာဉ်များ ချေမှုန်းနိုင်စွမ်းရှိသည်။ ကျည်ထိပ်ဖူး ၄၀ ထိ သယ်ဆောင်နိုင်ပြီး ၃၂ တောင့်သည်အသုံးပြုရန်အသင့်ဖြစ်နေသည်။ T-14 Armata တင့်ကားသည် တစ်နာရီလျှင် ၇၅ ကီလိုမီတာနှုန်းဖြင့် မောင်းနှင်နိုင်ပြီး ကီလိုမီတာ ၅၀၀ ထိ မောင်းနှင်နိုင်သည်။

ဆိုရလျှင် အိန္ဒိယနိုင်ငံ၏ ကာကွယ်ရေးပစ္စည်း ၆၀ ရာခိုင်နှုန်းခန့်သည် ရုရှားနိုင်ငံမှ တင်သွင်းနေရကြောင်း ကျွမ်းကျင်ပညာရှင်များက ပြောဆိုလျက်ရှိသည်။ ၁၉၉၀ ပြည့်လွန်အစောပိုင်းကာလများတွင် အိန္ဒိယကြည်းတပ်၏ လက်နက် ၇၀ ရာခိုင်နှုန်းခန့်၊ လေတပ်လက်နက်စနစ်များ၏ ၈၀ ရာခိုင်နှုန်းခန့်နှင့် ရေတပ်စစ်လက်နက်များ၏ ၈၅ ရာခိုင်နှုန်းခန့်ကို ဆိုဗီယက်ပြည်ထောင်စုမှဝယ်ယူခဲ့ရသည်။ စတော့ခ်ဟုမ်း နိုင်ငံတကာငြိမ်းချမ်းရေးသုတေသနအင်စတီကျု၏အဆိုအရ ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း ရုရှားနိုင်ငံသည် အိန္ဒိယနိုင်ငံသို့ လက်နက် ၄၉ ရာခိုင်နှုန်းခန့်တင်ပို့ခဲ့ပြီး ပြင်သစ်နိုင်ငံက ၁၈ ရာခိုင်နှုန်းနှင့် အစ္စရေးနိုင်ငံက ၁၃ ရာခိုင်နှုန်းတင်ပို့ခဲ့သည်ဟု ဆိုသည်။

စင်စစ်အားဖြင့် ရုရှားနိုင်ငံသည် အိန္ဒိယနိုင်ငံကို ရေငုပ်သင်္ဘောငှားရမ်းခဲ့သည့် တစ်ခုတည်းသောနိုင်ငံပင်ဖြစ်သည်။ အိန္ဒိယနိုင်ငံရှိ တိုက်လေယာဉ်အုပ်များနှင့် တိုက်ပွဲဝင်တင့်ကား ၉၀ ရာခိုင်နှုန်းခန့်မှာလည်း ရုရှားနိုင်ငံမှပင်ဖြစ်သည်။ အထူးသဖြင့် ရုရှားနိုင်ငံသည် ၂၀၂၅ ခုနှစ်ခန့်တွင် အိန္ဒိယသို့ နျူကလီးယားစွမ်းအင်သုံး တိုက်ခိုက်ရေးရေငုပ်သင်္ဘောများ လွှဲပြောင်းပေးအပ်သွားမည်ဟု မျှော်မှန်းရသည်။

အိန္ဒိယလေတပ်သည် လက်ရှိအချိန်တွင် ဆိုဗီယက်နှင့်ရုရှားထုတ် လေယာဉ်အစင်းရေ ၄၁၀ ကျော်ဖြင့် ဝေဟင်ပိုင်နက်နယ်မြေ ကာကွယ်ရေးတာဝန်များ ထမ်းဆောင်လျက်ရှိပြီး ၎င်းလေယာဉ်များတွင် ရုရှားမှတင်သွင်းသည့် လေယာဉ်များနှင့် လိုင်စင်ဖြင့် ပြည်တွင်း၌တည်ဆောက်သည့် လေယာဉ်များလည်း ပါဝင်သည်။ ရုရှားထုတ် စစ်လက်နက်ပစ္စည်းများကို အိန္ဒိယနိုင်ငံ၌ တည်ဆောက်ထားမှုများတွင် ရေငုပ်သင်္ဘောများ၊ တင့်ကားများ၊ ရဟတ်ယာဉ်များ၊ ဖရီးဂိတ်များနှင့်ဒုံးကျည်များ ပါဝင်သည်။

သာဓကအနေဖြင့် အိန္ဒိယနိုင်ငံသည် ရုရှားနိုင်ငံထုတ် S-400 လေကြောင်းရန်ကာကွယ်ရေးစနစ်ဝယ်ယူရေးလုပ်ငန်းစဉ်တွင် အမေရိကန်၏ပိတ်ဆို့မှုများနှင့် ကြုံတွေ့ရလျက်ရှိသည်။ အိန္ဒိယသည် အမေရိကန်၊ အစ္စရေး၊ ပြင်သစ်နှင့် အခြားသောနိုင်ငံများမှ စစ်လက်နက်ပစ္စည်းများဝယ်ယူလျက်ရှိသော်လည်း ရုရှားစစ်လက်နက်ပစ္စည်းများအပေါ် မှီခိုအားထားနေရသည်မှာ နှစ်ပေါင်း ၂၀ ကျော်နေပြီဖြစ်သည့်အတွက် အနာဂတ်တွင်လည်း ဆက်လက်ဝယ်ယူနေရဦးမည်ဖြစ်ကြောင်း သုံးသပ်တွေ့ရှိရပါသည်။

**ကိုးကား**

- **Russia wants India to take its T-14 battle tanks by Asia Times.**

**မောင်သောင်းဝင်း(တမန်ဟောင်း)**

# ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ ဝိစာရပန်းချီပြခန်းတွင် အလင်းတန်း အွန်လိုင်းပန်းချီပြပွဲ ပြသမည်



**ရန်ကုန် မတ် ၃**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ ဝိစာရပန်းချီပြခန်းတွင် အလင်းတန်းအမည်ရှိ အွန်လိုင်းပန်းချီပြပွဲကို မတ် ၅ ရက်မှ မတ် ၇ ရက်ထိ ပြသသွားမည်ဖြစ်ကြောင်း အဆိုပါပြခန်းတာဝန်ခံ ဦးကိုကိုဇော်က ပြောပြ၍ သိရသည်။

အလင်းတန်းပန်းချီပြပွဲ၌ စာနယ်ဇင်းလောကတွင် ထင်ရှားသော စာနယ်ဇင်းသရုပ်ဖော်ပန်းချီဆရာများဖြစ်သည့် ပန်းချီမုတ်သုန်၊ ပန်းချီ ဝင်းဇော်၊ ပန်းချီ ကံကောင်း၊ ပန်းချီ ဝေမွန်လင်း၊ ပန်းချီ တင်ကိုဇော်၊ ပန်းချီ ကြည်သိန်း၊ ပန်းချီ မောင်မောင်သိုက်၊ ပန်းချီ သဲဇာတို့၏ ရေဆေး၊ ဆီဆေး၊ အခရိုင်းလစ်စသည့် ခဲခြစ်လက်ရာစုံများကို ပြသပေးမည်ဖြစ်ပြီး ပန်းချီကားပေါင်း ၄၀ ခန့် ပြသပေးမည်ဖြစ်ကြောင်း သိရသည်။

"စာနယ်ဇင်းလောကမှာ စာနယ်ဇင်းသရုပ်ဖော်ပန်းချီဒီဇိုင်းတွေရေးဆွဲရင်း ထင်ရှားလာပြီး ပန်းချီလောကမှာ နေရာရလာတဲ့ ပန်းချီဆရာတွေရဲ့ လက်ရာတွေကို စုစည်းပြသမှာပါ။ ဒီအထဲမှာ ဆရာကြည်သိန်း၊ ဆရာ မောင်မောင်သိုက်၊ ဆရာဝေမွန်လင်းတို့ကတော့ ကွယ်လွန်ထင်ရှားတွေဖြစ်ပါတယ်။ ဒီပြပွဲမှာ ပြသမဲ့ ပန်းချီကားတွေကို အွန်လိုင်းက ကြည့်ရှုဝယ်ယူနိုင်တဲ့အပြင် ပြပွဲရက်တွေအတွင်း မနက် ၁၀ နာရီကနေ ညနေ ၅ နာရီထိ လူကိုယ်တိုင် လာရောက်လေ့လာဝယ်ယူနိုင်ပါတယ်"ဟု ဦးကိုကိုဇော်က ပြောပြသည်။

အဆိုပါပန်းချီပြပွဲတွင် ပြသပေးမည့် ပန်းချီကားများမှာ အရွယ်အစားအနေဖြင့် (၂၀× ၃၆) လက်မ၊ (၁၈×၂၄) လက်မ၊ (၁၈× ၁၈) လက်မ စသည့် အရွယ်အစားစုံပန်းချီကားများပါဝင်ပြီး ဈေးနှုန်းမှာ ငွေကျပ် ခုနစ်သိန်းမှ ငွေကျပ် ၁၅ သိန်းထိဖြစ်ကြောင်း သိရသည်။ ASH

# Deadpool-3 ဇာတ်ကားရိုက်ကူးမှုကို ယခုနှစ် မေ ၁ ရက်တွင် စတင်မည်

**နယူးယောက် မတ် ၃**

Deadpool-3 ဇာတ်ကား ရိုက်ကူးမှုလုပ်ငန်းကို ယခုနှစ် မေ ၁ ရက်တွင် ဗြိတိန်နိုင်ငံ လန်ဒန်မြို့၌ စတင်မည်ဖြစ်ကြောင်း Deadline သတင်းဝက်ဘ်ဆိုက်က မတ် ၂ ရက်တွင် ရေးသားတင်ပြထားသည်။

Deadpool-3 ရိုက်ကူးရေးလုပ်ငန်းကို မေ ၁ ရက်တွင် စတင်မည်ဖြစ်ပြီး ရိုက်ကူးရေးလုပ်ငန်းအများစုကို လန်ဒန်မြို့၌သာ ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

Deadpool-3 ဇာတ်ကားကို ဒါရိုက်တာ ရှောင်းလီဗိုင်းက တာဝန်ယူရိုက်ကူးမည်ဖြစ်သည်။

အဆိုပါဇာတ်ကားတွင် မင်းသား ရိုင်ယန်ရေးနိုး၊ ဟက်ဂျက်မင်နှင့် မင်းသမီး အမ်မာကော်ရင်တို့ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း သိရသည်။

မင်းသား ရိုင်ယန်ရေးနိုးသည် ယခင် ရုံတင်ပြသခဲ့ပြီးဖြစ်သော Deadpool(2016) နှင့် Deadpool-2(2018) တို့တွင်လည်း အဓိကဇာတ်ကောင်အဖြစ် ပါဝင်ခဲ့ကြောင်း သိရသည်။

လက်ရှိတွင် Deadpool ဇာတ်ကားကို ၂၀၂၄ ခုနှစ် ဇူလိုင် ၈ ရက်တွင် ရုံတင်ပြသရန် မာဗယ် စတူဒီယိုက စီစဉ်ထားကြောင်း သိရသည်။

KKO




# fortune tv ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသမည့် မရဏာဝှက်တဲ့ အမုန်းကျိန်စာ ရုပ်သံဇာတ်လမ်းတွဲ စတင်ရိုက်ကူးနေ

**ရန်ကုန် မတ် ၃**

fortune tv ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသမည့် မရဏာဝှက်တဲ့ အမုန်းကျိန်စာ ရုပ်သံဇာတ်လမ်းတွဲကို ဖေဖော်ဝါရီလ စတုတ္ထပတ်က စတင်ရိုက်ကူးနေပြီဖြစ်ကြောင်း အဆိုပါ ရုပ်သံဇာတ်လမ်းတွဲတွင် အဓိကဇာတ်ဆောင်အဖြစ် ပါဝင်သရုပ်ဆောင်ထားသည့် သရုပ်ဆောင် တိုင်ရွှန်က ပြောပြ၍ သိရသည်။

မရဏာဝှက်တဲ့ အမုန်းကျိန်စာ ရုပ်သံဇာတ်လမ်းတွဲကို ရွှေလင်းယုန် ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်မည်ဖြစ်ကြောင်း၊ ရဲရင့်သစ္စာ၏ဝတ္ထုဇာတ်လမ်းကို ယွန်းသခင်က ဇာတ်လမ်းဇာတ်ညွှန်း ရေးသားထားခြင်းဖြစ်ပြီး ဒါရိုက်တာ ရဲရင့်သစ္စာက ပုံဖော်ရိုက်ကူးနေကြောင်း သိရသည်။

"ဒီဇာတ်လမ်းကတော့ ရတနာပုံခေတ်ကစပြီးတော့ ဇာတ်အိမ်တည်ထားတဲ့ ဇာတ်လမ်းကောင်းတစ်ပုဒ်ပါ။ ရတနာပုံခေတ်မှာ အလိုရမ္မက်ကြီးတဲ့ မင်းသားတစ်ပါးကနေ မင်းသမီးတစ်ပါးပေါ် လှည့်ဖြားခဲ့တဲ့



ခေတ်အဆက်ဆက် သွေးစွန်းခဲ့ပြီး ကျိန်စာသင့်နေတဲ့ ဘယက်အကြောင်းပါ။ ဒီဘယက်ရရှိတဲ့ ခေတ်အဆက်ဆက်က လူတွေဟာ အလိုရမ္မက်ကြီးရင် ကြမ္မာဆိုးတွေနဲ့ကြုံရတယ်ဆိုတဲ့ ဘယက်ရဲ့ အကြောင်းဖြစ်ပါတယ်"ဟု သရုပ်ဆောင် တိုင်ရွှန်က ပြောပြသည်။

အဆိုပါ မရဏာဝှက်တဲ့ အမုန်းကျိန်စာ ရုပ်သံဇာတ်လမ်းတွဲတွင် သရုပ်ဆောင် တိုင်ရွှန်၊ Fie Fie Mara၊ ဇင်မျိုး၊ ကျော်ဇင်ထွန်း၊ ဒေါင်းဝေ၊ မင်းဇော်၊ ဟန်ဆက်လူတို့အပြင် ဝါရင့်သရုပ်ဆောင်များဖြစ်သည့် ဦးကျင်ဝမ်၊ ဦးဝင်းမြင့်၊ မောင်မောင်မျိုးသန့် စသည်တို့က အားဖြည့်ပါဝင်ပေးထားကြောင်း သိရသည်။ ASH

# The Gorge ဇာတ်ကား၌ မင်းသမီး ဆစ်ဂိုနီဝေဗာ ပါဝင်မည်

**နယူးယောက် မတ် ၃**

Apple နှင့် Skydance ရုပ်ရှင်ကုမ္ပဏီတို့၏ The Gorge အမည်ရှိ ဇာတ်ကားတွင် ကမ္ဘာကျော်မင်းသမီးကြီး ဆစ်ဂိုနီဝေဗာ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း Deadline သတင်းဝက်ဘ်ဆိုက်က မတ် ၂ ရက်တွင် ရေးသားတင်ပြထားသည်။

The Gorge ဇာတ်ကားတွင် ဆစ်ဂိုနီဝေဗာသည် မင်းသား မိုင်းတယ်လာ၊ မင်းသမီး အန်ယာတေလာဂျွိုင်းတို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

The Gorge ဇာတ်ကားသည် မြေအောက်လောကမှ အလွန်အန္တရာယ်ကြီးသည့် လူငယ်နှစ်ဦး၏ဘဝကို ပုံဖော်ရိုက်ကူးမည့် အက်ရှင်ဒရာမာဇာတ်ကားအမျိုးအစားဖြစ်ကြောင်း၊ အဆိုပါဇာတ်ကားကို ကမ္ဘာကျော်ဒါရိုက်တာ စကော့ဒါးရစ်ဆင်က တာဝန်ယူရိုက်ကူးမည်ဖြစ်သည်။

မင်းသမီးကြီး ဆစ်ဂိုနီဝေဗာသည် ကမ္ဘာကျော် Avatar ဇာတ်ကားများ၌ အဓိကဇာတ်ကောင်အဖြစ် ပါဝင်ခဲ့သူဖြစ်ပြီး ၎င်းပါဝင်သရုပ်ဆောင်ထားသော Avatar: The Way of Water ဇာတ်ကားမှာ လက်ရှိတွင် ရုံတင်ပြသနေဆဲဖြစ်ကြောင်း၊ လက်ရှိတွင် The Gorge ဇာတ်ကား စတင်ရိုက်ကူးမည့်ရက်နှင့် ရုံတင်ပြသမည့်ရက်တို့ကို The Apple နှင့် Skydance တို့က ကြေညာခြင်းမရှိသေးကြောင်း သိရသည်။ KKO





# မကွေးမြို့နယ် သံဘိုကန်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**မကွေး မတ် ၃**

မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ သန့်ရှင်းသောသောက်သုံးရေလုံလောက်စွာရရှိပြီး နွေရာသီ ရေရှားပါးသည့်အခက်အခဲများကို ကုစားနိုင်ရန်အတွက် သံဘိုကန်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မကွေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ကြီး၊ မကွေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်စိုးနှင့် တာဝန်ရှိသူများက သောက်သုံးရေရရှိရေးကော်မတီဝင်များနှင့်အတူ သံဘိုကန်ကျေးရွာ၌ အကျယ် လေးလက်မ၊ အနက်ပေ ၅၀၀ စက်ရေတွင်းတူးဖော်ခြင်း၊ အလျား ၁၀ ပေ၊ အနံ ရှစ်ပေ၊ အမြင့် ရှစ်ပေ ရေစက်ရုံတည်ဆောက်ခြင်းနှင့် ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင် တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာရေရရှိရေးကော်မတီဝင်များကို ဆောင်ရွက်ပြီးလုပ်ငန်းများ ရေရှည်အသုံးပြုနိုင်ရေး စနစ်တကျပိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားသည်။

မကွေးမြို့နယ် အိုင်ကြီးကုန်းကျေးရွာအုပ်စု သံဘိုကန်ကျေးရွာ၌ အကျယ် လေးလက်မ၊ အနက်ပေ ၅၀၀ စက်ရေတွင်းတူးဖော်ခြင်း၊ အလျား ၁၀ ပေ၊ အနံ ရှစ်ပေ၊ အမြင့် ရှစ်ပေ ရေစက်ရုံ တည်ဆောက်ခြင်းနှင့် ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင် တည်ဆောက်ခြင်းလုပ်ငန်းများကို မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေကျပ် ၂၈ ဒသမ ၆၈ သန်းဖြင့် Global Source ကုမ္ပဏီက စက်တင်ဘာလ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယနေ့တွင် လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးနေပြီဖြစ်ပြီး ကျေးရွာရှိ အိမ်ခြေ ၁၁၀၊ လူ ၃၄၆ ဦးနှင့် ကျွဲ၊ နွားတိရစ္ဆာန်များအတွက် သန့်ရှင်းသော သောက်သုံးရေလုံလောက်စွာရရှိမည်ဖြစ်ကြောင်း မကွေးမြို့နယ်ဦးစီးမှူး ဒေါ်တင်တင်စိုးထံမှ သိရသည်။ **အထွေး**

# SAC Chairman PM Senior General Min Aung Hlaing, wife Daw Kyu Kyu Hla offer day meals to Sayadaws who would accept religious titles for 2023




Congregation led by Senior General Min Aung Hlaing and Daw Kyu Kyu Hla shares merits gained.

**Nay Pyi Taw March 3**

Chairman of the State Administration Council Prime Minister of the Republic of the Union of Myanmar Senior General Min Aung Hlaing and wife Daw Kyu Kyu Hla offered day meals to members of the Sangha who would accept religious titles for 2023 at the Sasana Maha Beikman in the precinct of Nay Pyi Taw Uppatasanti Pagoda this morning.

Also present at the ceremony were a total of 131 internal and external title recipient Sayadaws and three nuns led by specially invited Vice Chairman of the State Sangha Maha Nayaka Committee Myingyan Presiding Patron of Koehsaungtaik in Myingyan Agga Maha Pandita Bhaddanta Jotikapala and Vice Chairman Presiding Patron of Thiho Pariyatti Buddhist Learning Centre in Kyaukme of Shan State (North) Agga Maha Pandita Bhaddanta Dr Candanasara, together with the SAC Chairman Prime Minister and wife, SAC Vice Chairman Deputy Prime Minister Vice-Senior General Soe Win and wife Daw Than Than Nwe, the council secretary and wife, the joint secretary and wife, council members and their wives, Union level officials, Union ministers and their wives, the chairman of Nay Pyi Taw Council, senior military officers from the Office of the Commander-in-Chief and their wives, the commander of Nay Pyi Taw Command and officials.

Before the meeting, the Senior General offered alms in the emerald alms-bowl, fruits, flowers, water and oil lights to the Buddha image in the Beikman. *See Page 13*



Senior General Min Aung Hlaing and wife Daw Kyu Kyu Hla offer day meal to Sayadaws.



Vice-Senior General Soe Win and wife Daw Than Than Nwe offer day meal to Sayadaws.




Lt-Gen Aung Lin Dway and wife present offertories to a Sayadaw.



Lt-Gen Ye Win Oo and wife present offertories to a Sayadaw.

*From Page 12*

The ceremony was opened with three-time recitation of Namo Tassa. The congregation led by the Senior General and wife took the Five Precepts from the Vice Chairman Myingyan Sayadaw and members of the Sangha recited Metta Sutta.

The Senior General and wife donated offertories to Vice-Chairman Myingyan Sayadaw, SAC Vice-Chairman Deputy Prime Minister Vice-Senior General Soe Win and wife Daw Than Than Nwe, to the Vice-Chairman Thiho Pariyatti Buddhist Learning Centre in Kyaukme of northern Shan State Dr Bhaddanta Candanasara, SAC members and relevant heads at the ceremony, to title recipient Sayadaws.

The Senior General and wife, the Vice-Senior General and wife donated offerings to title recipient nuns.

Presiding Patron of Thiho Pariyatti Buddhist Learning Centre in Kyaukme Sayadaw delivered a sermon, and the congregation shared merits gained with recitation of Buddha Sasanam Ciram Titthatu three times before concluding the ceremony.

After the ceremony, the Senior General and wife offered day meals to title recipient members of the Sangha and nuns at home and abroad for 2023 led by Vice Chairman Myingyan Sayadaw and Vice-Chairman Kyaukme Thiho Pariyatti Buddhist Learning Centre Sayadaw. 100

# Myawady trade zone handles export of more than 500 truckloads of commodities to Thailand daily



The gate of Myawady border trade zone seen with cargo trucks.

**Myawady March 3**

More than 500 truckloads of commodities flow into Thailand via Myawady trade zone on a daily basis, said U Saw Kabaw Htoo, CEC member of Myanmar-Thai chamber of commerce (Kayin State).

Currently, daily trade value between Myanmar and Thailand reaches some US$8 million. As forex rate of Thai baht declines, Myanmar merchants increase import volume while export more than 500 truckloads of commodities including over 100 truckloads of maize to Thailand daily.

"At present, as increased export volume of maize through land border helps decline forex rate of Thai baht in border trading. Value of Thai baht was set at K85.47 per baht in the second week of February, compared to K84.03 per baht at present. So, Myanmar businesspersons boost import of commodities from Thailand," he added.

Myanmar imports medicines and medical equipment, agricultural inputs, machines and machinery and foodstuffs while exports maize, tapioca, onion, marine products and agricultural produce. ASH

# Tamu border trade camp handles more than US$15 million of trade value with over US$3 million trade surplus

**Tamu March 3**

The Ministry of Commerce on 27 February stated that Tamu border trade camp could handle total trade value worth more than US$15 million with over US$3 million trade surplus up to 17 February 2023 of the 2022-23 fiscal year.

India is an important trade partner country of Myanmar. At present, Myanmar operates trade process with 170 trade partner countries, India of which stands fourth in the trade process with Myanmar.

Myanmar opens border trade camps in Tamu and Reed border trade camps with India.

But, Reed border trade camp cannot function border trade process in 2022-23 fiscal year. So, Tamu camp alone only operates its tasks.

Tamu camp could handle total trade value worth US$15.012 million from 1 April 2022 to 17 February 2023.

It manages import goods worth US$5.660 million and export worth US$9.352 million with US$3.692 million of trade surplus.




India-Myanmar Friendship Road.

Hence, the director general of Trade Department under the Ministry of Commerce held a meeting with the chair and managing director of North Eastern Development Finance Corporation Ltd. Of India at the ministry in Nay Pyi Taw on 23 February to discuss encouragement of border trade process, infrastructure development of transport facilities, easing restrictions for increased exportation from Myanmar to India, import of electric cars to Myanmar, investment and smooth trade process. 336

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# High prices of river catfish encourage local fish farms in Pantanaw Township



River catfish seen at a local market.

**Pantanaw March 3**

As prices of river catfish in Pantanaw Township of Ayeyawady Region are remarkably high, local fish farms are cost effective, according to the Pantanaw fish farmers association on 27 February 2023.

Mostly, local fish farmers are engaged in breeding river catfish in Pantanaw Township. As from February this year, river catfish was exported to foreign markets. It helps increase prices of river catfish with active marketable situation within one month.

In January this year, river catfish was sold at K4,500 per viss compared to more than K7,500 per viss at present with some K3,000 per viss of increased value.

Myanmar exports river catfish to Thailand and Singapore vial Yangon.

As such, marine products among seven items of export groups stands third in earning the largest amount of foreign exchange on a yearly basis.

Up to 17 February in the 2022-23 fiscal year, finished industrial goods earned US$9,844.88 million as the first position export item, followed by US$3,325.922 million of agricultural produce and US$663.245 million of marine products.

336

# နိုင်ငံတကာစစ်မှုရေးရာအပြောပြော

## အမေရိကန်ကြည်းတပ်က အနာဂတ်နည်းပျူဟာမြောက်ဒရုန်းစနစ်များ ထုတ်လုပ်နိုင်ရန် ကုမ္ပဏီငါးခုနှင့် စာချုပ်ချုပ်ဆို



အမေရိကန်ကြည်းတပ်သည် အနာဂတ်နည်းဗျူဟာမြောက် Future Tactical Unmanned Aircraft System (FTUAS)ဒရုန်းစနစ်များထုတ်လုပ်နိုင်ရန် ထပ်တိုးအမှတ်စဉ်(၂) တင်ဒါခေါ်ယူမှုတွင် ကုမ္ပဏီငါးခုနှင့် စာချုပ်ချုပ်ဆိုနိုင်ခဲ့ကြောင်း မတ် ၁ ရက်က Defense Post တွင် ဖော်ပြထားသည်။

အဆိုပါ သဘောတူစာချုပ်များသည် ပြိုင်ပွဲဝင်ကုမ္ပဏီများ ကြိုးစားအားထုတ်မှုမည်မျှရှိသလဲဆိုသည့်အချက်ပေါ် မူတည်၍ အမေရိကန်ဒေါ်လာတစ်သန်းမှ ၂၅ သန်းထိပါရှိကာ ယှဉ်ပြိုင်အကဲဖြတ်ဆန်းစစ်ချက်မှတစ်ဆင့် Rapid Prototyping Other Transaction Agreement (OTA) သဘောတူညီမှုတစ်ရပ် အောက်တွင် ပဏာမချုပ်ဆိုနိုင်ခဲ့ခြင်းဖြစ်သည်။

ရွေးချယ်ခံထားရသောကုမ္ပဏီများမှာ AeroVironment၊ Griffon Aerospace၊ Northrop Grumman၊ Sierra Nevada Corporation နှင့် Textron Systems ကုမ္ပဏီတို့ဖြစ်သည်။

အမေရိကန်ကြည်းတပ်သည် ၂၀၁၈ ခုနှစ်တွင် Textron ထုတ် AAI RQ-7 Shadow ဒရုန်းကို အစားထိုးရန် စတင်ရှာဖွေကြိုးပမ်းခဲ့ပြီး မတော်တဆမှုဖြစ်လေ့ရှိမှုများနှင့် ဆူညံသောအင်ဂျင်ကြောင့် ဒရုန်းကို ရန်သူမှရှာဖွေထောက်လှမ်းရလွယ်ကူသည်ဟု ယူဆခဲ့ကြသည်။

အမေရိကန် ကြည်းတပ်အနေဖြင့် Northrop Grumman ထုတ် V-BAT နှင့် Textron ထုတ် Aerosonde's Mk. 4.8 Hybrid Quad၊ L3Harris Technologies ထုတ် FVR-90၊ AeroVironment ထုတ် Jump 20 တို့အပါအဝင် အစားထိုးရန်ဖြစ်နိုင်မည့် မောင်းသူမဲ့လေယာဉ်စနစ်လေးခုကို ၂၀၁၉ ခုနှစ်တွင် ရွေးချယ်ခဲ့သည်။

၂၀၂၂ ခုနှစ် ဩဂုတ်လတွင် အမေရိကန် ကြည်းတပ်သည် လက်ရွေးစင်တိုက်ခိုက်ရေးတပ်မဟာအဖွဲ့ထံ Jump 20 မောင်းသူမဲ့လေယာဉ်စနစ်တစ်စုံကို ထုတ်လုပ်၍ အမေရိကန်ကြည်းတပ်သို့လွှဲပြောင်းပေးအပ်ရန် Aero Vironment ကုမ္ပဏီကို ရွေးချယ်ခဲ့သည်။

Jump 20 စနစ်တွင် မောင်းသူမဲ့လေယာဉ်ခြောက်စင်း၊ မြေပြင်အချက်အလက်ပို့ဖမ်း Data Terminals များ၊ မြေပြင်ထိန်းချုပ်ရေးစခန်းများ ပါဝင်ဖွဲ့စည်းထားသည်။

စာချုပ်ချုပ်ဆိုစဉ်အတွင်း ကနဦးစမ်းသပ်မှုအပြီးတွင်ပင် နောက်ထပ်စနစ် ခုနစ်စုံကို မှာယူသွားနိုင်ဖွယ်ရှိကြောင်း အမေရိကန်ကြည်းတပ်က ပြောကြားခဲ့သည်။

INC 2 (ထပ်တိုးအမှတ်စဉ် ၂) လုပ်ဆောင်ချက်တွင်၂၀၂၃ ခုနှစ်မှ၂၀၂၅ ခုနှစ်ထိ ကနဦးအခြေခံကာလနှင့် လုပ်ဆောင်ချက် လေးခုအတွက် အချိန်ကာလလေးပိုင်းအပါအဝင်အဆင့် ၅ ဆင့်ပါသော အကောင်အထည်ဖော်လုပ်ဆောင်သွားရမည်လည်းဖြစ်သည်။

ကနဦးအခြေခံကာလတွင်လုပ်ဆောင်ချက်အမှတ်(၂)၏ ဒီဇိုင်းပိုင်း ပြန်လည်သုံးသပ်ခြင်းကို မြင်တွေ့ရမည်ဖြစ်ပြီး လုပ်ဆောင်ချက်အမှတ်(၃)တွင် ကျန်ရှိသောကုမ္ပဏီကိုယ်စားလှယ်များက စမ်းသပ်ပျံသန်းမှုများမှတစ်ဆင့် စွမ်းဆောင်ရည်သရုပ်ပြခြင်းများ ပါဝင်သည်။ ထို့ပြင် တတိယအဖွဲ့အစည်းတစ်ရပ်မှ "third-party modular open systems approach (MOSA) verification activities" (MOSA) စနစ်ကို အတည်ပြုပေးခြင်း လုပ်ငန်းများပါဝင်သည်ဟု အမေရိကန်ကြည်းတပ်က ရှင်းပြသည်။

နောက်ဆုံးလုပ်ဆောင်ချက်အဆင့်တွင် ကုမ္ပဏီများအနေဖြင့် လိုအပ်သောဆက်စပ်ပစ္စည်းများအပါအဝင် အရည်အချင်းစစ်စမ်းသပ်မှုများအတွက် ယာဉ်တင်ထိန်းချုပ်ရေးကိရိယာနှစ်ခုအပါအဝင် ကုမ္ပဏီတစ်ခုလျှင် မောင်းသူမဲ့လေယာဉ်လေးစင်းကို လွှဲပြောင်းပေးအပ်လိမ့်မည်ဖြစ်သည်။

ယခုကြိုးပမ်းမှုတွင် အမေရိကန်အစိုးရ၏ MOSA ကိုအကောင်အထည်ဖော်ရန် မော်ဒယ်လ် အခြေပြုစနစ်ပိုင်းဆိုင်ရာ အင်ဂျင်နီယာ (MBSE) နှင့် အခြားသော ဒစ်ဂျစ်တယ်အင်ဂျင်နီယာနည်းပညာများကို အသုံးပြုထားသည်ဟု အမေရိကန်ကြည်းတပ်က ရေးသားထားသည်။

**US Army Awards Five Companies Future Tactical Drone Contracts ကို ဘာသာပြန်ဆိုထားပါသည်။**

## ယူကရိန်းသို့ပေးပို့ထားသည့် အမေရိကန်စစ်လက်နက်များအပေါ် ပင်တဂွန်စစ်ဌာနချုပ် ကြပ်မတ်စစ်ဆေးရန် အခက်တွေ့နေ

ပင်တဂွန်စစ်ဌာနချုပ်သည် ယူကရိန်းသို့ပေးပို့ထားသည့် ဒေါ်လာဘီလီယံပေါင်းများစွာတန်ဖိုးရှိသော စစ်လက်နက်များကို ပင်တဂွန်စစ်ဌာနချုပ်မှ ကြပ်မတ်စစ်ဆေးရန် အခက်တွေ့နေကြောင်း လျှို့ဝှက်အစီရင်ခံစာတစ်စောင်တွင် တွေ့ရှိခဲ့ရသည်။ ၎င်းအစီရင်ခံစာ၏ အသေးစိတ်အချက်အလက်များကို မရည်ရွယ်ဘဲ ဖေဖော်ဝါရီ ၂၈ ရက်က ကြားနာမှုအတွင်း ရီပတ်ဘလစ်ကန်အမတ်တစ်ဦးက ထုတ်ဖော်ပြောကြားခဲ့ခြင်းလည်းဖြစ်သည်။

အမေရိကန်ရှိ အောက်လွှတ်တော်လက်နက်ကိုင် ဝန်ဆောင်မှုကော်မတီ၏ ဖေဖော်ဝါရီ ၂၈ ရက်ကြားနာပွဲ၌ ပင်တဂွန်စစ်ဌာနချုပ်အရာရှိ Robert Storch က ယူကရိန်းပဋိပက္ခအတွင်း အမေရိကန်က ယူကရိန်းသို့အကူအညီ အမေရိကန်ဒေါ်လာ ၁၁၃ ဘီလီယံခွဲဝေချထားပေးခဲ့ပြီး ၎င်းအနက် ၆၀ ရာခိုင်နှုန်းခန့်သာ ယူကရိန်းစစ်ဘက်သို့ ရောက်ရှိခဲ့ခြင်းဖြစ်သည်ဟု မှတ်ချက်ပြုခဲ့သည်။

ယူကရိန်းအကူအညီပေးရေးဘဏ္ဍာငွေများအပေါ် ဖြုန်းတီးမှု၊ လိမ်လည်မှုသို့မဟုတ် အလွဲသုံးစားလုပ်မှုများကြောင့် ဆုံးရှုံးသွားခြင်းမရှိကြောင်း သေချာစေရန်တာဝန်ပေးအပ်ထားသည့် Storch က ၎င်း၏အဖွဲ့သည် ယူကရိန်းတွင် ထိုကဲ့သို့ အကျင့်ပျက်ခြစားမှုများကြုံတွေ့ခဲ့ရခြင်းရှိ၊ မရှိကိုပြောကြားရန်ငြင်းဆိုခဲ့သည်။ သို့သော်လည်း ရီပတ်ဘလစ်ကန်အမတ် မိုက်ဂျွန်ဆင်က ပင်တဂွန်သည် ၎င်း၏ကိုယ်ပိုင်မူဝါဒများနှင့်အညီ ယူကရိန်းသို့လက်နက်များပေးပို့မှုကို စောင့်ကြည့်ခြင်းမပြုနိုင်ကြောင်း ပြီးခဲ့သည့် အောက်တိုဘာလက Storch ၏ရုံးမှ ရေးသားထားသော အစီရင်ခံစာတွင်တွေ့ရှိခဲ့ရသည်ဟု ထုတ်ဖော်ပြောကြားခဲ့သည်။

မေးခွန်းထုတ်ခံခဲ့ရသည့်အထဲတွင် ကိုးကားပြောကြားခဲ့သော အစီရင်ခံစာအကြောင်းကို လျှို့ဝှက်ထားရန်လိုအပ်သည်ဟု Storch ကတုံ့ပြန်ခဲ့သော်လည်း ယူကရိန်းတွင် အမေရိကန်တို့စစ်လက်နက်ထောက်ပံ့ပေးအပ်မှုများနှင့်ပတ်သက်၍ ခြေရာခံထောက်လှမ်းနိုင်ရန် စိန်ခေါ်မှုများနှင့်ရင်ဆိုင်နေရသည်မှာ အတိအကျပင်ဖြစ်ကြောင်း ၎င်းက ဝန်ခံပြောကြားခဲ့သည်။

ထိုကဲ့သို့ လက်နက်များ ပေးပို့မှုကြပ်မတ်စောင့်ကြည့်ခြင်းကို ၁၉၉၆ ခုနှစ် စစ်လက်နက်တင်ပို့မှု ထိန်းချုပ်ရေးအက်ဥပဒေဖြင့် ကြပ်မတ်လုပ်ဆောင်ခြင်းလည်းဖြစ်သည်။ ယူကရိန်းကိုစစ်ရေးအကူအညီပေးနေခြင်းအပေါ် ဆန့်ကျင်ကန့်ကွက်နေသည့် ရီပတ်ဘလစ်ကန်အမတ် Matt Gaetz က မေးခွန်းထုတ်ခဲ့ခြင်းလည်းဖြစ်ပြီး Storch က ပင်တဂွန်စစ်ဌာနချုပ်က အဆိုပါအက်ဥပဒေအတိုင်း လိုက်နာဆောင်ရွက်ခြင်းရှိ၊ မရှိအပေါ် လွှတ်တော်၏တရားဝင်ကြားနာမှုအတွင်း အတည်ပြုခြင်း သို့မဟုတ် ငြင်းဆိုခြင်းလုပ်ဆောင်ခဲ့ခြင်းမျိုးမရှိပေ။



အမျိုးသားလုံခြုံရေးကောင်စီပြောရေးဆိုခွင့်ရှိသူ John Kirby က ဇန်နဝါရီတွင် ဂျိုးဘိုင်ဒင် အစိုးရအဖွဲ့သည် ယူကရိန်းတွင် စစ်ရေးသို့မဟုတ် စီးပွားရေးအကူအညီများ ခြစားမှုမျိုးတွင် သားကောင်ဖြစ်သွားပြီဟူသော အရိပ်အယောင်မျှမတွေ့ခဲ့ရကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။ သို့သော်လည်း Johnson က ထုတ်ဖော်ပြောကြားထားသော လျှို့ဝှက်အစီရင်ခံစာတွင် လက်နက်များပေးပို့ပြီးသည်နှင့် တစ်မုဟုတ်ချင်းပျောက်သွားလေ့ရှိကြောင်း အကြံပြုထားသော အစီရင်ခံစာတချို့ကို ကျောထောက်နောက်ခံပြုကိုးကားရည်ညွှန်းထားပုံရှိသည်။

ပြီးခဲ့သောနှစ်တွင် နိုင်ငံတကာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့မှ ပြုစုထုတ်ပြန်ထားသည့် အစီရင်ခံစာများတွင် ယူကရိန်းသို့ အနောက်နိုင်ငံမှ ပေးပို့သောလက်နက်များ၏ ၃၀ ရာခိုင်နှုန်းခန့်သာ အမှန်တကယ်ရှေ့တန်းသို့ရောက်ရှိခဲ့သည်ဟု ဖော်ပြထားသည်။

ယူကရိန်းတွင် အကျင့်ပျက်ခြစားမှုဆိုင်ရာပြဿနာများနှင့်ပတ်သက်၍ လည်း ရှည်လျားသော သမိုင်းကြောင်းနောက်ခံရှိသည်ဟု ဖေဖော်ဝါရီ ၂၈ ရက်ထုတ် Gaetz သတင်းစာတွင် သတင်းစာရှင်းလင်းပွဲ၌ Storch က ဝန်ခံပြောကြားခဲ့သေးသည်။ ဖေဖော်ဝါရီ ၂၈ ရက် အစောပိုင်းတွင် ယူကရိန်းနိုင်ငံနိုင်ငံခြားတပ်ဖွဲ့မှ တိုက်ပွဲဝင်ခဲ့သော အမေရိကန်စစ်သားဟောင်းတစ်ဦးက ရုရှားနိုင်ငံဘက်သို့ ဘက်ပြောင်းရောက်ရှိမလာခင်အချိန်က အနောက်နိုင်ငံထုတ် ဒုံးကျည်များနှင့် ရိုင်ဖယ်သေနတ်များ ရောင်းချနေသည့် ယူကရိန်းတပ်မှူးများကို မျက်ဝါးထင်ထင်မြင်တွေ့ခဲ့ဖူးကြောင်း RT သတင်းဌာနသို့ ပြောကြားခဲ့သည်။

**Pentagon says it struggles to track US weapons in Ukraine ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွတ်ခိုင်မြို့နယ်ရှိ ခိုလုံရေကန် ကန်ပေါင်တိုးချဲ့ခြင်းလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီး



**လားရှိုး မတ် ၃**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကွတ်ခိုင်မြို့နယ်တွင် သောက်သုံးရေလုံလောက်စွာရရှိရေးအတွက် ခိုလုံရေကန် ကန်ပေါင်တိုးချဲ့ခြင်း လုပ်ငန်းများရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း ရှမ်းပြည်နယ် (မြောက်ပိုင်း) ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ) ဦးမျိုးနိုင်က ပြောပြ၍ သိရသည်။

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကွတ်ခိုင်မြို့နယ်တွင် ဒေသခံပြည်သူများ သောက်သုံးရေလုံလောက်စွာရရှိစေရေးအတွက် ခိုလုံရေကန် ကန်ပေါင်တိုးချဲ့ခြင်းလုပ်ငန်းများကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုငွေလုံးငွေရင်း ရန်ပုံငွေကျပ် ၁၇၂ သန်းဖြင့် ကွတ်ခိုင်မြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ၂၀၂၂ ခုနှစ် နိုဝင်ဘာပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ လက်ရှိတွင် လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ကွတ်ခိုင်မြို့ပေါ်ရပ်ကွက်တွေက ဒေသခံပြည်သူတွေသောက်သုံးရေလုံလုံလောက်လောက်ရရှိစေဖို့အတွက် ခိုလုံရေကန်ကန်ပေါင်တိုးချဲ့တဲ့လုပ်ငန်းတွေကို ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ အခုလိုဆောင်ရွက်ပေးတဲ့အတွက် လိုအပ်တဲ့ရေပမာဏကို တိုးမြှင့်သိုလှောင်နိုင်မှာဖြစ်ပါတယ်။ မိုးရာသီကာလမှာကန်ပေါင်ပေါ်က ရေကျော်ခြင်းကိုလဲ ကာကွယ်ပေးနိုင်မှာဖြစ်ပါတယ်"ဟု ရှမ်းပြည်နယ် (မြောက်ပိုင်း) ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှဒုတိယညွှန်ကြားရေးမှူး(မြို့ပြ) ဦးမျိုးနိုင်က ပြောပြ၍ သိရသည်။

ကွတ်ခိုင်မြို့နယ်ရှိ ခိုလုံရေကန်သည် အလျားပေ ၉၅၀၊ ကန်ပေါင်ထိပ်အကျယ် ၁၈ ပေ နှင့် ကန်ရေပြင်အကျယ် ရှစ်ဧကရှိသော ရေကန်ဖြစ်ကြောင်း ရှမ်းပြည်နယ်(မြောက်ပိုင်း)ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

**ကျော်စောဦး(မောရှမ်းမြေ)**

# မိုးညိုမြို့နယ် ကျွန်းကလေးကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မိုးညို မတ် ၃**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မိုးညိုမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျွန်းကလေးကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) ရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိုးညိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန်းသန်းခိုင်က ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် အခြားမိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း၊ စီမံကိန်းလုပ်ငန်းများကို အောင်မြင်အောင် အလေးထားဆောင်ရွက်ကြရန်လိုကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

ဆက်လက်၍ မိုးညိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေပါ ကျေးလက်နေပြည်သူများ လိုက်နာရမည့် တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့် ပြစ်ဒဏ်များကို အသေးစိတ်ရှင်းလင်းပြောကြားခဲ့ပြီး မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံတို့က ကျေးရွာစီမံကိန်းကော်မတီဝင်များထံ VRFP စီမံကိန်းရန်ပုံငွေကျပ် ၂၃ သန်းကို လွှဲပြောင်းပေးအပ်ခဲ့သည်။



ထို့နောက် ကျေးရွာရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များက မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၏ ကြီးကြပ်မှုဖြင့် ကျွန်းကလေးကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၁ ဦးကို ငွေကျပ် ၁၄ ဒသမ ၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၅ ဦးကို ငွေကျပ် ၂ ဒသမ ၇ သန်း၊ အရောင်းအဝယ် လုပ်ငန်းလုပ်ကိုင်သူ ခုနစ်ဦးကို ငွေကျပ် ၁ ဒသမ ၄ သန်းနှင့် ရေလုပ်ငန်းလုပ်ကိုင်သူ ၂၂ ဦးကို ငွေကျပ် ၄ ဒသမ ၄ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၇၅ ဦးကို VRFP စီမံကိန်းရန်ပုံငွေကျပ် ၂၃ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**အေးမြတ်**

# ဘားအံမြို့နယ် ရွှေတောကျေးရွာ၌ ဘက်စုံသုံးခန်းမတည်ဆောက်ပြီးစီးမှု စစ်ဆေး

**ဘားအံ မတ် ၃**

ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဘားအံမြို့နယ် ရွှေတောကျေးရွာအုပ်စု ရွှေတောကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ရန်ပုံငွေဖြင့် ဘက်စုံသုံးခန်းမတည်ဆောက်ပြီးစီးမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဘားအံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းဇော်နှင့် တာဝန်ရှိသူများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များနှင့်အတူ ရွှေတောကျေးရွာ၌ ဘက်စုံသုံးခန်းမတည်ဆောက်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များကို ဘက်စုံသုံးခန်းမ ရေရှည်တည်တံ့စေရေး အသေးစားပြုပြင်ခြင်းလုပ်ငန်းများကို ကျေးရွာစုပေါင်းအင်အားဖြင့် ဆောင်ရွက်ရန် မှာကြားသည်။

ဘားအံမြို့နယ် ရွှေတောကျေးရွာ၌ အလျား ပေ ၅၀၊ အနံ ပေ ၃၀၊ အမြင့် ၁၂ ပေရှိသော ဘက်စုံသုံးခန်းမတည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းရန်ပုံငွေကျပ် ၁၀ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၁၂ ဒသမ ၅ သန်း စုစုပေါင်းငွေကျပ် ၂၂ ဒသမ ၅ သန်းဖြင့် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများက အနီးကပ်ကြီးကြပ်၍ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် နိုဝင်ဘာလ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယနေ့တွင် လုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးနေပြီဖြစ်ကြောင်း အဆိုပါ ဘက်စုံသုံးခန်းမတည်ဆောက်ပေးနိုင်မှုကြောင့် ကျေးရွာရှိ အိမ်ခြေ ၂၀၃ အိမ်နှင့် လူ ၈၄၃ ဦးတို့၏ ကျန်းမာရေး၊ လူမှုရေးကိစ္စရပ်များ၌ အကျိုးရှိစွာအသုံးပြုနိုင်တော့မည်ဖြစ်ကြောင်း ဘားအံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**အထွေး**






## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၃-၃-၂၀၂၃

| | | |
|---|---|---|
| **ရွှေ** | | |
| ၁၆ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၇၁၀၀၀၀ |
| ၁၅ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၆၈၅၀၀၀ |
| **(ရွှဲထက်ရွှေဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၈၂၀၀၀/၈၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၇၀၀၀၀/၇၃၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၅၃၀၀၀/၅၆၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၄၂၀၀၀/၄၅၀၀၀ |
| နွေဇီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၄၁၀၀၀/၄၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၃၅၀၀၀/၃၉၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၁၀၀၀/၁၂၅၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၁၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၅၆၀၀/၆၀၀၀ |
| **ဓာတ်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၂၇၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၃၅၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၀၉၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၁၇၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၂၄၅ |
| **(သာ ဓာတ်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ** | | |
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၈၅)

☆ ကျောဖုံးမှအဆက်

ဆက်ကပ်လှူဒါန်း ချီးမြှင့်အပ်နှင်းပွဲ အခမ်းအနားသို့ ကြွရောက်တော်မူလာကြသည့် ဘွဲ့ခံဆရာတော်ကြီးများ၊ သီလရှင်ဆရာကြီးများနှင့် ဘွဲ့ခံလူပုဂ္ဂိုလ်များက ယနေ့ညနေပိုင်းတွင် သွားရောက်လေ့လာ ဖူးမြော်ကြည်ညိုကြသည်။

ဦးစွာ ဘွဲ့ခံဆရာတော်ကြီးများ၊ သီလရှင်ဆရာကြီးများနှင့် ဘွဲ့ခံလူပုဂ္ဂိုလ်များကို ရှင်းလင်းဆောင်၌ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ကံမြင့်သန်းက မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား တည်ထားကိုးကွယ်ရသည့် ရည်ရွယ်ချက်၊ တည်ထားကိုးကွယ်ရန် စကျင်ကျောက်တော်ကြီးအား အဆင့်ဆင့်တူးဖော်ခြင်းနှင့် ကျောက်တုံးတော်များကို ရေလမ်းကြောင်း၊ ကုန်းလမ်းကြောင်းများဖြင့် ပင့်ဆောင်ခဲ့ရမှု၊ ရုပ်ပွားတော်မြတ်ကြီး၏ ဆင်းတုတော်အပိုင်း (၁/၂/၃/၄)တို့ကို ထုဆစ်ခြင်း၊ ပလ္လင်တော်ထက်သို့ပင့်ဆောင်နိုင်ရန် သံမဏိမျှော်စင်ဝန်ချီစက်တည်ဆောက်ခြင်း၊ ရုပ်ပွားတော်မြတ်ကြီးအား ပင့်ထောင်ခြင်းနှင့်၊ ပင့်ဆောင်နေရာချထားခြင်း လုပ်ငန်းအဆင့်ဆင့် ဆောင်ရွက်နေမှုအခြေအနေများကိုလည်းကောင်း၊ ဒုတိယဗိုလ်ချုပ်ကြီး ကျော်စွာလင်းက မာရဝိဇယဗုဒ္ဓဥယျာဉ်တော်ကြီးနှင့် သာသနိကအဆောက်အအုံ



မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတည်ဆောက်ပူဇော်နေမှုများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၃ ခုနှစ် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားသို့ ကြွရောက်တော်မူကြသည့် ဘွဲ့ခံဆရာတော်ကြီးများ၊ သီလရှင်ဆရာကြီးများနှင့် ဘွဲ့ခံလူပုဂ္ဂိုလ်များ လေ့လာဖူးမြော်ကြည်ညိုစဉ်။

စိမ်းလန်းစိုပြည်သာယာလှပစေရေးအတွက် သစ်ပင်၊ ပန်းမန်များ စိုက်ပျိုးဆောင်ရွက်နေမှု၊ သာသနိကအဆောက်အအုံများ ဆောက်လုပ်နေမှုနှင့် အဆင့်ဆင့်တိုးတက်လာမှု အခြေအနေများကိုလည်းကောင်း အသီးသီး ရှင်းလင်းလျှောက်ထားသည်။

ထို့နောက် ကြွရောက်လာကြသော ဘွဲ့ခံဆရာတော်ကြီးများနှင့် သီလရှင်ဆရာကြီးများ၊ ဘွဲ့ခံလူပုဂ္ဂိုလ်များသည် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ပလ္လင်တော် တည်ဆောက်ပြီးစီးမှု၊ ဗုဒ္ဓဥယျာဉ်တော်ကြီးအတွင်းရှိ သာသနိကအဆောက်အအုံများ တည်ဆောက်ပြီးစီးမှုနှင့် ဆက်လက်တည်ဆောက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများအတွက် အလှူငွေကျပ်သိန်း ၁၀၀၀ ကို လောက်ကိုင်မြို့ ပယ်စိမ်းကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးဘေရင်နယ်(ခ) ဦးခင်မောင်လွင်က ပေးအပ်လှူဒါန်းရာ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဘဏ္ဍာငွေရှာဖွေထိန်းသိမ်းရေး လုပ်ငန်းကော်မတီအဖွဲ့ဝင် ဦးစိုးလွင်ကျော်က လက်ခံရယူခဲ့ပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

# တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) ရခိုင်ပြည်နယ် ဂွမြို့နယ်မှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်



တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)ပေါ်၌ တာဝန်ရှိသူတစ်ဦးက ဂွမြို့နယ်ရှိ မျက်စိခွဲစိတ်လူနာတစ်ဦးကို အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် မျက်စိအထောက်အကူပြုပစ္စည်းများ ပေးအပ်စဉ်။

**နေပြည်တော် မတ် ၃**

ရခိုင်ပြည်နယ်အတွင်းရှိ ကမ်းရိုးတန်းဒေသတစ်လျှောက်မှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးရန် ရောက်ရှိနေသော တပ်မတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ အထူးကုဆေးအဖွဲ့များမှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သည့် တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)သည် ယနေ့တွင် ဂွမြို့ရှိ ခွဲစိတ်ကုသပြီးသော ဒေသခံပြည်သူ မျက်စိခွဲစိတ်လူနာ ၁၂ ဦးကို ဆေးရုံရေယာဉ်ပေါ်၌ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးပြီး ခွဲစိတ်လူနာများကို အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့် မျက်စိအထောက်အကူပြု ပစ္စည်းများ ပေးအပ်သည်။

ထို့နောက် တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)မှ မျက်စိခွဲစိတ်လူနာများကို ဂွမြို့သို့ တပ်မတော်ရေယာဉ်ဖြင့် ပြန်လည်ပို့ဆောင်ပေးသည်။ ၎င်းနောက် တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)သည် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ဂွမြို့မှ သပြုချိုင်သို့ ဆက်လက်ထွက်ခွာကြသည်။

ကျန်းမာရေးဆောင်ရွက်ပေးမှုအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုလိုပဲကြားသိခဲ့ရပါတယ်-

"ပင်လယ်ရေယာဉ်ဆေးရုံအဖွဲ့ လာမယ်ပေါ့လေ ဆေးကုဖို့ အဘွားကို သာသနာ့ဗိမာန်မှာ ပြလို့ရတယ်ဆိုတာ သူတို့က ပြောထားလို့လာကြတာပေါ့။ နယ်ကနေပြီးတော့။ ဆယ်မိုင်ခရီးပေါ့။ ကျွန်မတို့ဆီက နေဆို တော့။ မျက်စိကတိမ်ပေါ်လို့လာတာ။ အခုခွဲပြီးတဲ့အခါကျတော့လည်း မြင်သွားပြီပေါ့။ မြင်သွားတော့ သဘောပေါ်လာတာရော၊ ဟိုမှာစမ်းသပ်စစ်ဆေးတာရော အရာအားလုံး ဒီကဆရာတွေအားလုံးကို ကျေးဇူးတင်ပါတယ်။ မျက်စိသမားတွေရဲ့ကိုယ်စားပေါ့။ သင်္ဘောပေါ်ရောက်လာလည်း စားဝတ်နေရေး ဘာမှပူစရာမလိုဘူး။ အကုန်အဆင်ပြေအောင် တွဲသင့်တဲ့သူတွဲ၊ ပိုးသင့်တဲ့သူပိုးပေါ့နော် လုပ်ပေးတဲ့အတွက် အရာအားလုံးကို ကျေးဇူးတင်ပါတယ်လို့။ အမေကြီးကတော့ နဂိုကမျက်စိတစ်လုံးပဲမြင်ပြီးတော့ ယခုနှစ်လုံးစလုံးမြင်ရတဲ့အတွက် အမေကြီးမျက်စိမြင်သလို အဲ့ဒီပညာတတ်ကြီးတွေက ဒီထက်အဆင့်မြင့် တိုးတက်အောင်မြင်တဲ့ ပုဂ္ဂိုလ်ကြီးတွေဖြစ်စေချင်ပါတယ်။ နောက်နောင်ကိုလည်း ဒီထက်အများကြီး ဒီလိုပြုစုစောင့်ရှောက်ပေးနိုင်ပါစေလို့ အမေကြီးကတော့ပြောချင်ပါတယ်။ နောက်ထပ်ဒီလိုပဲလာစေချင်တယ်။ နောက်နှစ်နောက်နှစ်တွေလည်း လာနိုင်ပါစေလို့ အမေကြီးက ဆုတောင်းပါတယ်။ သွားလမ်းသာလို့ လာလမ်းဖြောင့်ပြီးတော့ လိုရာခရီးကိုရောက်ပြီးတော့ ဒီထက်တိုးတက်အောင်မြင်တဲ့ ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မြတ်တွေဖြစ်ပါစေလို့ ဆန္ဒပြုပါတယ်။ အခုလိုပေါ့နော် လာတဲ့အဖွဲ့တွေကော၊ စီစဉ်ညွှန်ကြားပေးတဲ့လူတွေကော၊ ပြုစုစောင့်ရှောက်ပေးတဲ့လူတွေကော အားလုံးကိုကျေးဇူးတင်ပါတယ်လို့။ ဒါရင်ထဲကစကားပါ" ဟု ပြောသည်။

"လူကြီးတွေကလာပြီးတော့ မျက်စိခွဲမလို့လာဖို့တဲ့။ သင်္ဘောနဲ့ပေါ့။ တပ်မတော်ကလာဖို့တဲ့။ စာရင်းလာကောက်သွားတယ်။ စာရင်းကောက်သွားပြီးတော့ လာပြောတယ်။ လာပြောတဲ့အခါကျတော့ ဗုဒ္ဓဟူးနေ့ကို ဒီဗိမာန်ကြီးမှာလာပြဆိုတော့ လာပြတယ်။ လာလည်းပြရော အဲ့ဒီနေ့ ၃ နာရီမှ ပြရတယ်။ အဲဒီနေ့က ခွဲဖို့အချိန်မမီတော့ မနေ့ကမှ တစ်ခါလာပြတာပေါ့။ အဲ့ဒီနေ့က ၉ နာရီမှာလာတယ်။ လာတဲ့အခါကျတော့ပြတယ်။ ပြလည်းပြီးရော ခွဲဖို့ကို ၁ နာရီလာပြီးခဲ့တော့ ကျေးဇူးလည်းတင်ပါတယ်" ဟု ပြောသည်။

"သာသနာ့ဗိမာန်ကနေ သင်္ဘောပေါ်ကို ကားနဲ့ သူကဟိုဘက်ကနေခေါ်လာတယ်။ ခေါ်လာပြီးတော့မှ ဇက်ပေါ်ရောက်တယ်။ အဲ့ဒီဇက်ပေါ်ကနေမှ ဒီသင်္ဘောကြီးပေါ်ကို လာခဲ့ရတယ်ပေါ့ အဲ့ဒီလိုမျိုးပါ။ လိုလေသေးမရှိအဆင်ပြေတယ်။ အားလုံးလိုလေသေးမရှိ မနက်စာလည်းကျွေးတယ်။ ညစာလည်းကျွေးပေးတယ်ပေါ့နော်။ တာဝန်ကျပါတယ်။ ကျေးဇူးလည်းတင်တယ်။ နိုင်ငံတော်အကြီးအကဲနဲ့ ယခုလွှတ်လိုက်တဲ့ ဆရာတွေ၊ အဖွဲ့သားတွေအကုန်လုံးကိုလည်း နောက်နှစ်ခါလည်းလာစေချင်တယ်။ လွှတ်ပေးစေချင်တယ်။ လာနိုင်အောင်လည်း ဆုတောင်းပေးပါတယ်" ဟု ပြောသည်။









# မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း ၂၀၂၃ ခုနှစ် (၄၉)နှစ်မြောက် မွန်ပြည်နယ်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မော်လမြိုင်မြို့ ရာမညအားကစားကွင်း ဖွင့်ပွဲအခမ်းအနားတက်ရောက်၊ မုဒုံမြို့နယ်အတွင်း နိုင်ငံတကာအဆင့်မီ အပြည်ပြည်ဆိုင်ရာလေဆိပ်တည်ဆောက်ရာတွင်ပါဝင်သော လယ်ယာမြေများအတွက် မြေယာလျော်ကြေး၊ သီးနှံလျော်ကြေး၊ အဆောက်အအုံတန်ဖိုးလျော်ကြေးပေးအပ်ခြင်းအပေါ် ကြည့်ရှုအားပေး

**နေပြည်တော် မတ် ၃**

၂၀၂၃ ခုနှစ် (၄၉)နှစ်မြောက် မွန်ပြည်နယ်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မော်လမြိုင်မြို့ ရာမညအားကစားကွင်းဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းက မော်လမြိုင်မြို့ ရာမညအားကစားကွင်း၌ကျင်းပရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းနှင့် ဇနီး၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြတ်သက်ဦးနှင့် ဇနီး၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်သည်။

အခမ်းအနားတွင် ရာမညအားကစားကွင်းကို ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် ပြည်နယ်ဝန်ကြီးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပြီး အမှတ်တရ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ကြပြီး ရာမညအားကစားကွင်း ကမ္ဘည်းမော်ကွန်းကို ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အမွှေးနံ့သာများဖြင့် ပက်ဖျန်းကြသည်။

ထို့နောက် ၂၀၂၃ခုနှစ် မွန်ပြည်နယ် ၁၀ မြို့နယ် ၁၈ နှစ်အောက် အမျိုးသား၊ အမျိုးသမီး ပြေးခုန်ပစ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။ ယင်းနောက် ပြိုင်ပွဲဝင် အားကစားသမားများက အားကစားအဓိဋ္ဌာန်လေးချက် ရွတ်ဆိုကြသည်။

၎င်းနောက် အမှတ်(၈) အခြေခံပညာ အထက်တန်းကျောင်း(မော်လမြိုင်)၊ အမှတ်(၉) အခြေခံပညာအထက်တန်းကျောင်း (မော်လမြိုင်)တို့မှ ဘင်ခရာအဖွဲ့၊ ကျောင်းသား၊ ကျောင်းသူများက ပန်းဖွားအကဖြင့်လည်းကောင်း၊ မွန်တိုင်းရင်းသား အဖွဲ့က တိုင်းရင်းသားအကများဖြင့် လည်းကောင်း၊ မြန်မာသိုင်းအဖွဲ့က သိုင်းသရုပ်ပြဖြင့်လည်းကောင်း၊ Physical Fitness Dance အကအဖွဲ့မှ အကများဖြင့် လည်းကောင်း အသီးသီးဖျော်ဖြေတင်ဆက်ကြမှုအပေါ် ကြည့်ရှုအားပေးကာ ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ မီတာ ၁၀၀ နှင့် မီတာ ၄၀၀ အမျိုးသား၊ အမျိုးသမီး အပြေးပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ အားကစားနည်းအလိုက် ပြိုင်ပွဲဝင် အားကစားသမားများ၏ ဝင်ရောက်ယှဉ်ပြိုင်နေမှုအပေါ် ကြည့်ရှုအားပေးကြပြီး ပြိုင်ပွဲအလိုက် ပထမ၊ ဒုတိယ၊တတိယ ဆုရရှိသူများကို ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက ဆုများ အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် မုဒုံမြို့ ရွှေဟသာခန်းမသို့ ရောက်ရှိပြီး မုဒုံမြို့နယ်အတွင်း နိုင်ငံတကာအဆင့်မီ အပြည်ပြည်ဆိုင်ရာ လေဆိပ်တည်ဆောက်ရာတွင် ပါဝင်သော လယ်ယာမြေများအတွက် မြေယာ လျော်ကြေး၊ သီးနှံလျော်ကြေး၊ အဆောက်အအုံတန်ဖိုး လျော်ကြေးပေးအပ်ခြင်း အပေါ် ကြည့်ရှုအားပေးခဲ့သည်။



မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းနှင့် အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြတ်သက်ဦးတို့က ရာမညအားကစားကွင်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

ထို့နောက် ဝန်ကြီးချုပ်က လယ်ယာမြေလျော်ကြေးရရှိသည့် တောင်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

၎င်းနောက် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ နိုင်ငံတကာအဆင့်မီ အပြည်ပြည်ဆိုင်ရာ လေဆိပ်စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး မြေနေရာလျော်ကြေးများတွက် သတ်မှတ်ကာလ ဘဏ္ဍာနှစ်အတွင်း ပြီးပြတ်အောင်ဆောင်ရွက်ကြရန်၊ လေဆိပ်စီမံကိန်း ဧရိယာအတွင်း မြေနေရာများအပေါ် မြေအမျိုးအစားအလိုက် အသုံးပြုသည့်အခြေအနေများပေါ် မူတည်၍ မြေယာလျော်ကြေးပေးချေရာတွင် မှန်ကန်တိကျမှုရှိစေရေး ဆောင်ရွက်ကြရန်ပြောကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

# ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ် စက်မှုဇုန်ယာယီခိုလှုံရာစခန်းမှ မိမိသဘောဆန္ဒဖြင့် နေရပ်ပြန်ကြမည့် ယာယီနေရပ်စွန့်ခွာသူ အိမ်ထောင်စုဝင်များကို ထောက်ပံ့ငွေနှင့် လူသုံးကုန်ပစ္စည်းများ ထောက်ပံ့

**နေပြည်တော် မတ် ၃**

ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ် စက်မှုဇုန်ယာယီခိုလှုံရာစခန်းတွင် ခေတ္တခိုလှုံနေထိုင်လျက်ရှိသော ယာယီနေရပ်စွန့်ခွာသူ အိမ်ထောင်စုဝင်မိသားစုများသည် ၎င်းတို့၏သဘောဆန္ဒဖြင့် မူလနေရပ်ဒေသများသို့ ပြန်လည်နေထိုင်ကြမည်ဖြစ်ရာ အဆိုပါ ယာယီနေရပ်စွန့်ခွာသူ အိမ်ထောင်စုဝင်များ လက်တလော စားသောက်နေထိုင်ရေး အဆင်ပြေစေရန်အတွက် ထောက်ပံ့ငွေနှင့် လူသုံးကုန်ပစ္စည်းမျိုးစုံ ထောက်ပံ့ပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းတွင် ပုဏ္ဏားကျွန်းမြို့ရှိ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှု၊ လက်မှုပညာသင်တန်းကျောင်း ခန်းမဆောင်၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦး၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ နေရပ်ပြန် အိမ်ထောင်စုဝင်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အားပေးအမှာစကားပြောကြားသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ရခိုင်ပြည်နယ်အစိုးရအဖွဲ့ကထောက်ပံ့သည့် အိမ်ထောင်စုတစ်စုလျှင် ငွေကျပ် ၅၀၀၀၀၀ နှုန်းဖြင့် အိမ်ထောင်စု ၁၄၀ အတွက် ငွေကျပ်



ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း ပုဏ္ဏားကျွန်းမြို့နယ် စက်မှုဇုန် ယာယီခိုလှုံရာစခန်းတွင် ခေတ္တခိုလှုံနေထိုင်လျက်ရှိသော ယာယီနေရပ်စွန့်ခွာသူ အိမ်ထောင်စုဝင်မိသားစုများအတွက် ထောက်ပံ့ငွေများပေးအပ်စဉ်။



အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦး ပုဏ္ဏားကျွန်းမြို့နယ် စက်မှုဇုန် ယာယီခိုလှုံရာစခန်းတွင် ခေတ္တခိုလှုံနေထိုင်လျက်ရှိသော ယာယီနေရပ်စွန့်ခွာသူ အိမ်ထောင်စုဝင်မိသားစုများအတွက် ထောက်ပံ့ငွေများပေးအပ်စဉ်။

သိန်း ၇၀၀ ကိုလည်းကောင်း၊ တိုင်းမှူးက ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနကထောက်ပံ့သည့် အိမ်ထောင်စုတစ်စုလျှင် ငွေကျပ် ၁၀၀၀၀၀ နှုန်းဖြင့် ငွေကျပ် သိန်း ၁၄၀ ကိုလည်းကောင်း၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီးက ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနက ထောက်ပံ့သည့် ဆန်ရိက္ခာဖိုးငွေ တစ်လစာအတွက် လူတစ်ဦးလျှင် ငွေကျပ် ၉၀၀၀ နှုန်းဖြင့် လူဦးရေ ၅၃၂ ဦးအတွက် ထောက်ပံ့ငွေကျပ် ၄၇၈၈၀၀၀ ကို လည်းကောင်း၊ ပြည်နယ် သယံဇာတရေးရာဝန်ကြီးက ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီး ဌာနကထောက်ပံ့သည့် အိမ်ထောင်စုတစ်စုလျှင် လူသုံးကုန်ပစ္စည်း ၁၇ မျိုးပါသည့် Family Kit တစ်ပုံးနှုန်းဖြင့် Family Kit ပုံး ၁၄၀ ကိုလည်းကောင်း မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် စခန်းတာဝန်ခံများထံ အသီးသီး ထောက်ပံ့ပေးအပ်ကြသည်။

ဆက်လက်၍ ပြည်နယ်အစိုးရအဖွဲ့နှင့် တပ်မတော်မှ စီစဉ်ဆောင်ရွက်ပေးမှုဖြင့် စက်မှုဇုန်ယာယီခိုလှုံရာစခန်းမှ ၎င်းတို့၏နေရပ်ဒေသဖြစ်သော ပုဏ္ဏားကျွန်းမြို့နယ် သာစည်ကျေးရွာနှင့် ကျောက်ဆိပ်ကျေးရွာတို့သို့ နေရပ်ပြန်ကြမည့် ယာယီနေရပ်စွန့်ခွာသူ အိမ်ထောင်စုဝင်များ၏ အိမ်သုံးကုန်ပစ္စည်းများကို အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများက မော်တော်ယာဉ်များပေါ်သို့ ကူညီသယ်ယူပို့ဆောင်ပေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များက နေရပ်ပြန်မိသားစုဝင်များကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြကာ ၎င်းတို့၏ နေရပ်ကျေးရွာများအရောက် မော်တော်ယာဉ်များဖြင့် အခမဲ့ပို့ဆောင်ပေးခဲ့ကြောင်း သတင်းရရှိသည်။

# အခြေခံဗုဒ္ဓဘာသာနှင့် ယဉ်ကျေးမှုသင်တန်းဖွင့်လှစ်



အခြေခံဗုဒ္ဓဘာသာနှင့် ယဉ်ကျေးမှုသင်တန်း ဖွင့်ပွဲကျင်းပစဉ်။

**နေပြည်တော် မတ် ၃**

ကျောင်းသား၊ ကျောင်းသူ လူငယ်မောင်မယ်များအနေဖြင့် နွေရာသီကျောင်းပိတ်ရက်ကာလအတွင်း အားလပ်ချိန်များကို အကျိုးရှိစွာဖြတ်သန်းနိုင်စေရန်၊ ကိုယ်၊ စိတ်၊ နှလုံး ယဉ်ကျေးလိမ္မာစေရန်နှင့် ဗုဒ္ဓ၏အဆုံးအမ တရားတော်များနှင့်အညီ ကျင့်ကြံနေထိုင်တတ်စေရန် ရည်ရွယ်၍ ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်ရှိ ရေတပ်လေ့ကျင့်ရေးဌာနချုပ်တွင် ဖွင့်လှစ်သည့် အခြေခံဗုဒ္ဓဘာသာနှင့် ယဉ်ကျေးမှုသင်တန်းအမှတ်စဉ် (၁/၂၀၂၃)ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် သန်လျင်တပ်နယ် ရေတပ်လေ့ကျင့်ရေးဌာနချုပ်ရှိ သီရိမဟာဇေယျကျော်ထင်ခန်းမ၌ ပြုလုပ်ရာ ဌာနချုပ်မှူး ဗိုလ်ချုပ်နိုင်မင်းကျော်နှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ သင်တန်းနည်းပြများ၊ သင်တန်းသား၊ သင်တန်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ဌာနချုပ်မှူးက သင်တန်းဖွင့်လှစ်ရသည့် ရည်ရွယ်ချက်များကို ပြောကြားသည်။ ထို့နောက် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA)ဒုတိယဥက္ကဋ္ဌ ဦးဟန်မြင့်က အဖွင့်အမှာစကားပြောကြားပြီး ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA) မှထုတ်ဝေသည့် ယဉ်ကျေးလိမ္မာ စာအုပ်၊ စာစောင်များနှင့် သင်ထောက်ကူပစ္စည်းများကို ရေတပ်လေ့ကျင့်ရေးဌာနချုပ် ဌာနချုပ်မှူးကပေးအပ်ရာ သင်တန်းသား၊ သင်တန်းသူများက လက်ခံရယူကြသည်။

အဆိုပါ အခြေခံဗုဒ္ဓဘာသာနှင့် ယဉ်ကျေးမှုသင်တန်းကို သင်တန်းသား၊ သင်တန်းသူ ၅၉ ဦးဖြင့် မတ် ၉ ရက်ထိ ဖွင့်လှစ်သင်ကြားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

# ၂၀၂၃ ခုနှစ်အတွက် အာဆီယံဆု (ASEAN Prize 2023) လျှောက်ထားနိုင်ကြောင်းကြေညာ

၁။ အာဆီယံအတွင်းရေးမှူးချုပ်ရုံးအနေဖြင့် အာဆီယံ၏ ဂုဏ်ပုဒ်၊ အာဆီယံစိတ်ဓာတ်နှင့် အောက်ဖော်ပြပါ သတ်မှတ်ထားသည့်နယ်ပယ်များတွင် အာဆီယံလမ်းစဉ်တို့ကို မြှင့်တင်ပေးနိုင်သည့် လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းတို့၏ ဆောင်ရွက်မှုများနှင့် အောင်မြင်မှုများကို အသိအမှတ်ပြုသည့်အနေဖြင့် ၂၀၂၃ခုနှစ် အာဆီယံဆုကိုပေးအပ်ချီးမြှင့်ရန်အတွက် အဆိုပြုလွှာများ ခေါ်ယူလျက်ရှိပါသည်-

(က) အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုများ၊
(ခ) အာဆီယံနှင့် ကမ္ဘာတစ်ဝန်းအကြား ပူးပေါင်းဆောင်ရွက်မှုများ၊
(ဂ) အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှုများ၊
(ဃ) အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား စံနှုန်းများမြှင့်တင်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ၊
(င) အာဆီယံအသိုက်အဝန်းတည်ထောင်ရေးအတွက် သိသာထင်ရှားသည့်ဆောင်ရွက်မှုများ

၂။ အာဆီယံဆုအား အပြီးသတ်ရွေးချယ်မည့်ဒိုင်အဖွဲ့ကို လက်ရှိအာဆီယံအတွင်းရေးမှူးချုပ်နှင့် အာဆီယံအတွင်းရေးမှူးချုပ်ဟောင်းများအပါအဝင် ထင်ရှားသော အဆင့်မြင့်ပုဂ္ဂိုလ်များဖြင့်ဖွဲ့စည်းထားပြီး ဆုရရှိသူအား အာဆီယံဆုဖလားနှင့် အမေရိကန်ဒေါ်လာ ၂၀၀၀၀ ချီးမြှင့်သွားမည်ဖြစ်ပါသည်။

၃။ အဆိုပါဆုအား လျှောက်ထားရန်အဆိုပြုသူများသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံသား(သို့မဟုတ်) အဖွဲ့အစည်းဖြစ်ရမည်ဖြစ်ပြီး စည်းမျဉ်းစည်းကမ်းကိုအခြေခံပြီး ပြည်သူကိုဦးတည်၍ ပြည်သူကိုဗဟိုပြုသည့် အာဆီယံအသိုက်အဝန်းထူထောင်ခြင်းနှင့် အာဆီယံဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ဆောင်ရွက်ချက်များ၊ အောင်မြင်မှုများနှင့် အာဆီယံနှင့်ပတ်သက်၍ ရှေ့ဆက်ဆောင်ရွက်မည့်အစီအစဉ်များကို အင်္ဂလိပ်ဘာသာဖြင့် လျှောက်လွှာတွင် အကျဉ်းချုပ်ရေးသားဖော်ပြရမည်ဖြစ်ပါသည်။

၄။ အကျဉ်းချုပ်တွင်ပါရှိရမည့်အချက်အလက်များကို လျှောက်လွှာပုံစံတွင် ဖော်ပြပါရှိကြောင်းနှင့် လျှောက်လွှာပုံစံကို အာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ အင်တာနက်စာမျက်နှာ https:// asean.org/nomination-form/တွင် ရယူ၍ အာဆီယံရေးရာဦးစီးဌာန နိုင်ငံခြားရေးဝန်ကြီးဌာန ရုံးအမှတ်(၉) နေပြည်တော်(သို့မဟုတ်) dgasean@gmail.com နှင့် amns.mofa@gmail.com ကို **၂၈-၄-၂၀၂၃ ရက် နောက်ဆုံးထား၍** လိပ်မူလျှောက်ထားနိုင်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ အသေးစိတ်အချက်အလက်များကိုလည်း ဖော်ပြပါ အာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ အင်တာနက်စာမျက်နှာတွင် ဝင်ရောက်လေ့လာကြည့်ရှုနိုင်ကြောင်း အသိပေးအပ်ပါသည်။

# မြန်မာနိုင်ငံပြန်တမ်း

ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဘဏ်လုပ်ငန်းကြီးကြပ်စစ်ဆေးရေးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းဟန်စိုးအား အစမ်းခန့်ကာလ တစ်နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

# ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် (၅/၈)ရပ်ကွက် ကျောက်စိမ်းလမ်း အမှတ်(၃၁၈)တွင် ပါတီရုံးချုပ်တည်ရှိသော **ပြည်သူ့အင်အားပါတီ**က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင် မှတ်ပုံတင်ခွင့်ပြုရန် ၃-၃-၂၀၂၃ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့လျှောက်ထားရာတွင် ပါတီ အမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေ ၁၄(ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

ပြည်သူ့အင်အားပါတီ၏ အလံပုံစံ



ပြည်သူ့အင်အားပါတီ၏ တံဆိပ်ပုံစံ




ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# ပြည်သူများကျန်းမာစေဖို့ ဆီစားသုံးမှုလျှော့ချစို့

ဆီကို စားသုံးသင့်သည့်ပမာဏထက် ကျော်လွန်စားသုံးခြင်းနှင့် အရည်အသွေးမပြည့်မီသည့်ဆီများစားသုံးခြင်းတို့ကြောင့်-

- နှလုံးရောဂါ၊ နှလုံးသွေးကြောပိတ်ရောဂါ၊ ဆီးချိုရောဂါ၊ သွေးတိုးရောဂါ၊ အဝလွန်ခြင်း၊ အသည်းအဆီဖုံးခြင်း၊ လေဖြတ်ခြင်း စသည့်ကျန်းမာရေး ဆိုင်ရာဆိုးကျိုးများစွာခံစားရစေပါသည်။
- ထိုသို့ ဆိုးကျိုးများစွာခံစားလာရသည်နှင့်အမျှ စီးပွားရေး၊ လူမှုရေးဆိုင်ရာ ထိခိုက်မှုများကိုပါ တွေ့ကြုံစေနိုင်သောကြောင့် ဆီစားသုံးမှုကို လျှော့ချစားသုံးသင့်ပါသည်။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် မတ် ၃**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကိုအကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် (၄)ရပ်ကွက်နေ သီတာအောင်သည် ၎င်းအသုံးပြုသည့် "Thidar Aung" Facebook အကောင့်နှင့် မင်္ဂလာဒုံမြို့နယ် မြောက်ပိုင်းရပ်ကွက်နေ ဝင်းရွှေသည် ၎င်းအသုံးပြုသည့် "Win Shwe" Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

# (၇၅)နှစ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲ၌ အောင်မြင်တော်မူကြသည့် စာအောင်သံဃာတော်များကို ဂုဏ်ပြုပူဇော်ပွဲပြုလုပ်

**နေပြည်တော် မတ် ၃**

(၇၅)နှစ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲ၌ အောင်မြင်တော်မူကြသည့် စာအောင်သံဃာတော်များအား ဂုဏ်ပြုပူဇော်ပွဲမဟာမင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မြို့နယ် ရွှေတောင်ဦးတိပိဋကဓမ္မပါလ မဟာဝိဟာရကျောင်းတိုက်ရှိ ဓမ္မဝိနယဓမ္မာရုံ၌ပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းမှူး ဗိုလ်ချုပ်သန်းထိုက်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက နိုင်ငံတော်ဩဝါဒါစရိယ မုံရွာမြို့ မဟာဝိဇ္ဇာသိပ္ပံကျောင်းတိုက်ပဓာနနာယက ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တအရိယာလင်္ကာရထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသော မေတ္တာသုတ်ပရိတ်တရားတော်များကို နာယူကြည်ညိုကြပြီး သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့ပြင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန (၇၅)နှစ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ၌ ရေးဖြေအောင် သံဃာ နှစ်ပါးနှင့် အာဂုံအောင် သံဃာ ၁၃ ပါး စုစုပေါင်း သံဃာ ၁၅ ပါးတို့ကို တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က စာအောင်လက်မှတ်နှင့် စာအောင်ဆုများကို ဆက်ကပ်၍ မုံရွာမြို့ ရန်ကင်းကျောင်းတိုက်ဆရာတော် တိပိဋကဓရ တိပိဋကကောဝိဒ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပညာဝံသထံမှ ရေစက်ချအနုမောဒနာတရားနာယူကြည်ညိုကြပြီး သံဃာတော်များကို နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

➤ ➤ ➤



စာအောင်သံဃာတော်များထံ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သန်းထိုက်က စာအောင်လက်မှတ်နှင့် စာအောင်ဆုများ ဆက်ကပ်စဉ်။

# ကိုကိုးကျွန်းမြို့နယ်ရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကြည့်ရှုစစ်ဆေး ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့မိမြို့ဖများကို တွေ့ဆုံ




ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေ ကိုကိုးကျွန်းမြို့နယ်ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် မြို့မိမြို့ဖများကို တွေ့ဆုံအမှာစကားပြောကြားစဉ်။

**နေပြည်တော် မတ် ၃**

ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်ရှိ ဌာနဆိုင်ရာဝန်ထမ်းများကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေနှင့် တာဝန်ရှိသူများက သွားရောက်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြည့်ရှုသည်။

ဦးစွာ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ကိုကိုးကျွန်းမြို့နယ် နယ်မြေခံတပ်ရင်းခန်းမ၌ အရာရှိ၊ စစ်သည်၊ မိသားစုများကို တွေ့ဆုံ၍ စားသောက်ဖွယ်ရာများပေးအပ်သည်။

၎င်းနောက် ကိုကိုးကျွန်းမြို့နယ်ပြည်သူ့ဆေးရုံသို့သွားရောက်၍ ဆေးရုံတက်ရောက်ကုသမှုခံယူနေသူများအတွက် ထောက်ပံ့ပစ္စည်းများပေးအပ်ပြီး တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ကိုကိုးကျွန်းမြို့နယ်အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်၍ ဆရာ၊ ဆရာမများကို တွေ့ဆုံကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

၎င်းနောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ရုံးခန်းမ၌ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံအမှာစကားပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

# တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

**နေပြည်တော် မတ် ၃**

တပ်မတော်အနေဖြင့် ပြည်သူများ၏ ကျန်းမာရေးမြှင့်တင်မှုကဏ္ဍတွင် တစ်ဖက်တစ်လမ်းက အထောက်အကူဖြစ်စေရန်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ နယ်မြေခံဆေးကုသရေးအဖွဲ့များက မြို့နယ်၊ ကျေးရွာများထိ သွားရောက်၍ ဒေသခံ တိုင်းရင်းသားပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို လူမျိုး၊ဘာသာ၊အချိန်၊နေရာမရွေး ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နယ် မယ်ဟန်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ သံဃာတော်များနှင့် ဒေသခံပြည်သူ ၄၉၈ ဦး၊ ကွမ်းလုံမြို့နယ် အောင်ပင်လယ်ကျေးရွာရှိ သံဃာတော်များနှင့် ဒေသခံပြည်သူ ၉၆ ဦး၊ ရှမ်းပြည်နယ် (တောင်ပိုင်း) ခိုလမ်မြို့နယ် ဟိုနောင်ကျေးရွာရှိ ဒေသခံတိုင်းရင်းသားပြည်သူ ၃၇၅ ဦး၊ ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ်အတွင်းရှိ ကျေးရွာများမှ ဒေသခံပြည်သူ ၁၂၄၇ ဦး၊ မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်နှင့်မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် သပြေစမ်းကျေးရွာတို့ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူဦးရေ ၄၈၀ တို့ကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်အသီးသီးရှိ နယ်မြေခံဆေးကုသရေးအဖွဲ့များက ကျေးရွာဘုန်းတော်ကြီးကျောင်းများနှင့် စာသင်ကျောင်းများ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ သွားရောက်ဆောင်ရွက်ပေးကြသည်။

နယ်မြေခံ ဆေးကုသရေးအဖွဲ့များက သံဃာတော်များနှင့် ဒေသခံပြည်သူများကို သွားနှင့်ခံတွင်းရောဂါ၊အရိုး၊အကြောဆိုင်ရာရောဂါ၊သားဖွားမီးယပ်ရောဂါ၊အစာအိမ်နှင့်အူလမ်းကြောင်းဆိုင်ရာရောဂါ၊ သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့်ဆေးဝါးကုသမှုများဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သောလူနာများကို နီးစပ်ရာတပ်မတော်ဆေးရုံများသို့ တက်ရောက်ကုသနိုင်ရေး ဆောင်ရွက်ပေးကြသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများက တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှုအားပေးပြီး စားသောက်ဖွယ်ရာများပေးအပ်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်း ရှမ်းပြည်နယ် (တောင်ပိုင်း) ခိုလမ်မြို့ရှိ ဒေသခံတိုင်းရင်းသားပြည်သူများအား နယ်မြေခံဆေးကုသရေးအဖွဲ့က ကျန်းမာရေးစစ်ဆေးပေးနေမှုကို ကြည့်ရှုအားပေးစဉ်။

# Online မှ လောင်းကစားခြင်း၊ ကံစမ်းမဲဟောက်ခြင်း၊ ငွေချေးခြင်းပြုလုပ်၍ ငွေကြေးလိမ်လည်ခံရမှုမဖြစ်စေရေး ပြည်သူသို့ အသိပေးထုတ်ပြန်ချက်

နည်းပညာများဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ Online မှတစ်ဆင့် လိမ်လည်မှုကျူးလွန်ခြင်း၊ လောင်းကစားခြင်းကို ဗန်းပြ၍ ငွေကြေးလိမ်လည်မှုကျူးလွန်ခြင်းများကြောင့် ပြည်သူများအနေဖြင့် ငွေကြေးနစ်နာဆုံးရှုံးမှုဖြစ်ပေါ်လျက်ရှိပါသည်။

ထိုသို့ Onlineအသုံးပြု၍ လောင်းကစားလုပ်ငန်း၊ ကံစမ်းမဲဖောက်လုပ်ငန်း၊ တရားမဝင်ချေးငွေလုပ်ငန်းလုပ်ကိုင်သူများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့က စုံစမ်းဖော်ထုတ်ဆောင်ရွက်ခဲ့ရာ TTbet Online Game လုပ်ငန်း၊ Golden Gift Online ကံစမ်းမဲဖောက်လုပ်ငန်း၊ Money Bag Application ၊ Cash Now Application ၊ Cola Kyat Application နှင့် U Loan Application တို့ကိုအသုံးပြုပြီး တရားမဝင်ချေးငွေလုပ်ငန်းလုပ်ကိုင်နေကြသည့်ပြစ်မှုကျူးလွန်သူ ၇၁ ဦးကို ဖော်ထုတ်ဖမ်းဆီးအရေးယူခဲ့ရပါသည်။

ပြစ်မှုကျူးလွန်သူများသည် နိုင်ငံသားစိစစ်ရေးကတ်များကို တစ်ကတ်လျှင် တစ်သောင်းကျပ်ဖြင့် ငှားရမ်းပြီး Online လောင်းကစားလုပ်ငန်းများ၊ Online လိမ်လည်မှုများ၊ တရားမဝင်ချေးငွေလုပ်ငန်းများတွင်အသုံးပြုရန် Bank Account များဖွင့်လှစ်၍ လုပ်ကိုင်ကြောင်း တွေ့ရှိရသဖြင့် နိုင်ငံသားစိစစ်ရေးကတ်ငှားရမ်းသူများအနေဖြင့်လည်း ဥပဒေအရ အရေးယူခံရနိုင်ပါသည်။

သို့ဖြစ်၍ Online အသုံးပြုပြီး လောင်းကစားခြင်း၊ ကံစမ်းမဲဖောက်ခြင်း၊ ချေးငွေလုပ်ငန်းလုပ်ကိုင်ခြင်းများတွင်ပါဝင်လုပ်ကိုင်ပါက တည်ဆဲဥပဒေများအရအရေးယူခံရမည့်အပြင် ပြစ်မှုကျူးလွန်ရာမှရရှိသော ငွေကြေးနှင့်အကျိုးအမြတ်များကိုလည်း ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေအရစိစစ်ပြီး အရေးယူခံရမည်ဖြစ်သဖြင့် ယင်းလုပ်ငန်းများတွင် ပါဝင်လုပ်ကိုင်ခြင်းမပြုလုပ်ကြရန် အသိပေးထုတ်ပြန်အပ်ပါသည်။

# ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၏ (၂၇)နှစ်မြောက် တိုင်းနှစ်ပတ်လည်နေ့အခမ်းအနား ကျင်းပ




ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စောသန်းလှိုင် (၂၇)နှစ်မြောက် တိုင်းနှစ်ပတ်လည်နေ့ အခမ်းအနားတွင် ဆုရရှိသူတစ်ဦးကို ဆုပေးအပ်ချီးမြှင့်စဉ်။

**နေပြည်တော် မတ် ၃**

ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၏ (၂၇)နှစ်မြောက် တိုင်းနှစ်ပတ်လည်နေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်ရှိ စစ်ရေးပြကွင်း၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်စောသန်းလှိုင်နှင့်အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက တိုင်းနှစ်ပတ်လည်နေ့ အထိမ်းအမှတ်မိန့်ခွန်း ပြောကြားပြီး စစ်ရေးပြအစီအစဉ်အတိုင်း ကျင်းပပြုလုပ်သည်။ ထို့နောက် တိုင်းစစ်ဌာနချုပ်ရှိ တိုင်းရန်အောင်ခန်းမ၌ တိုင်းနှစ်ပတ်လည်နေ့အထိမ်းအမှတ်ပွဲကို ဆက်လက်ကျင်းပရာ တစ်နှစ်တာအတွင်း စံပြဆုနှင့် သင်တန်းများတွင် ထူးချွန်ဆုရရှိကြသူများ၊ တူညီဝတ်စုံနှင့် လိုင်းခန်းသန့်ရှင်းရေးနှင့် စိုက်ပျိုးရေး၊ မွေးမြူရေး အကောင်းဆုံးဆုရရှိကြသော အရာရှိ၊ စစ်သည်၊ မိသားစုများကို တိုင်းမှူးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ အသီးသီးပေးအပ်ခဲ့ကြကြောင်းသတင်းရရှိသည်။



မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်အတွင်းရှိ သံဃာတော်များကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးစဉ်။

# မန္တလေးတိုင်းဒေသကြီးအတွင်း၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် မတ် ၃**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆောင်ရွက်ရာတွင် ကာကွယ်ဆေးထိုးနှံခြင်းသည် အဓိကအခန်းကဏ္ဍတွင်ပါဝင်သည့် လုပ်ငန်းတစ်ရပ်ဖြစ်သောကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ ကာကွယ်ဆေးထိုးနှံခြင်းကို အင်တိုက်အားတိုက်ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခုတို့မှ သံဃာတော် ၁၃၅ ပါးနှင့် ဒေသခံပြည်သူ ၄၁၈ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့်ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

# တြိဂံဒေသတိုင်းစစ်ဌာနချုပ်၏ (၂၇)နှစ်မြောက် တိုင်းနှစ်ပတ်လည်နေ့အခမ်းအနား ကျင်းပ

**နေပြည်တော် မတ် ၃**

တြိဂံဒေသတိုင်းစစ်ဌာနချုပ်၏ (၂၇) နှစ်မြောက် တိုင်းနှစ်ပတ်လည်နေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်ရှိ စစ်ရေးပြကွင်း၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်နီလင်းအောင်နှင့်အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက တိုင်းနှစ်ပတ်လည်နေ့ အထိမ်းအမှတ်မိန့်ခွန်း ပြောကြားပြီး စစ်ရေးပြအစီအစဉ်အတိုင်း ကျင်းပပြုလုပ်သည်။ ထို့နောက် တိုင်းစစ်ဌာနချုပ်ရှိ ပြည်ငြိမ်းအေးခန်းမ၌ တိုင်းနှစ်ပတ်လည်နေ့ အထိမ်းအမှတ်ဆုပေးပွဲကို ဆက်လက်ကျင်းပရာ စစ်မှုထမ်းကောင်းတံဆိပ်၊ သင်္ဂဟတံဆိပ်ရရှိသူများ၊ သင်တန်းများတွင် ထူးချွန်ဆုရရှိသော အရာရှိ၊ စစ်သည်များ၊ အားကစားပြိုင်ပွဲများတွင် ဆုရရှိသူများနှင့် အိမ်ထောင်သည်လိုင်းခန်းသန့်ရှင်းရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများတွင် အကောင်းဆုံးဆုရရှိသော အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များကို တိုင်းမှူးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

➤ ➤ ➤



တြိဂံဒေသတိုင်းစစ်ဌာနချုပ်၏ (၂၇)နှစ်မြောက် တိုင်းနှစ်ပတ်လည်နေ့ စစ်ရေးပြအခမ်းအနား ကျင်းပစဉ်။

# တပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှု ခံယူနေသူများကို ကြည့်ရှုအားပေး



အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နိုင်နိုင်ဦး ဆေးရုံတက်ရောက်ကုသမှုခံယူနေသူတစ်ဦးကို အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။

**နေပြည်တော် မတ် ၃**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ရှိ တပ်မတော်ဆေးရုံ၊ မွန်ပြည်နယ်၊ မော်လမြိုင်မြို့ရှိ တပ်မတော်ဆေးရုံ၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ နယ်မြေခံဆေးတပ်ရင်းနှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ တပ်မတော်ဆေးရုံတို့၌ တက်ရောက်ကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်များ၊ မိသားစုဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများကို ယနေ့တွင် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်မှုအခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကား ပြောကြားပြီး ဆေးရုံတက်လူနာများကို အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်သည်။

ထို့နောက် တိုင်းမှူးများနှင့် အဖွဲ့ဝင်များသည် ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

# မတ် ၃ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိ

**နေပြည်တော် မတ် ၃**

မတ် ၂ ရက် ည ၈ နာရီမှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်းအခု ၂၉၆၀ ကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ်မတွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

## ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ

| | |
|---|---|
| ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း | ၆၃၃၉၃၅ ဦး |
| သေဆုံးသူ | ၁၉၄၉၀ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၆၁၄၄၀၂ ဦး |

# သူ့မြေမှာ ဖြူပြာပွင့်ရင်ဖြင့် ကိုယ့်မြေမှာ နီဝါတင့်စေဖို့...လူသာလျှင်ပဓာန

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် စစ်တွေတပ်နယ်မှ အရာရှိ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားခဲ့သည့် သတင်းကို ၂၆-၂-၂၀၂၃ ရက်က မြဝတီရုပ်မြင်သံကြားတွင် ကြည့်လိုက်ရပါသည်။ **"မည်သည့်ကိစ္စတွင်မဆို လူသာလျှင် အရေးအကြီးဆုံးဖြစ်ကြောင်း၊ လူသာလျှင် ပဓာနဟု ဆိုကြခြင်းဖြစ်ကြောင်း၊ နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည့်အရေးကိစ္စအားလုံး၌ လူပါဝင်ဆောင်ရွက်ရပြီး လူ၏ဦးဆောင်မှု၊ လူ၏ လိုက်နာဆောင်ရွက်မှု၊ လူ၏ပြုပြင်ဖန်တီးမှုတို့သည် အဓိကကျကြောင်း၊ ထို့ကြောင့် လူတစ်ဦးချင်း အရည်အသွေး၊ အရည်အချင်းမြင့်မားနေစေရေး ဆောင်ရွက်ရမည်"**ဟူသော လမ်းညွှန်ချက်ကို ရုပ်မြင်သံကြားမှတစ်ဆင့်နာခံရင်း အခုရက်ပိုင်း အတွင်း ကျွန်တော့်အာရုံထဲရှိနေသည့် အကြောင်းအရာလေးတစ်ခု ခေါင်းထဲပြန်ရောက်လာခဲ့ပါသည်။ လက်ရှိ ကျွန်တော်နေရသည့် အိမ်သစ်သို့ပြောင်းရွှေ့ခဲ့သည်မှာ လပိုင်းမျှသာရှိပါသေးသည်။

"ကျောက်မြေတွေဖြစ်လို့ဖြစ်လောက်မှာ မဟုတ်ဘူးနော်"
"ဟုတ်တယ် ရေကလည်း နွေရောက်လို့ရှားပြီ"

လက်ရှိအိမ်သစ်လေးကိုပြောင်းလာပြီး နောက်တစ်နေ့မှာပဲ အိမ်ရှေ့မြေကွက်လပ်မှာ စံပယ်ပင်များ စိုက်နေသည့် ကျွန်တော့်ကိုဘေးအိမ်က လုပ်ဖော်ကိုင်ဖက်တွေရော ဇနီးသည်ကပါ အထက်ပါအတိုင်း မဖြစ်နိုင်ရေးအမြင်ကို ဆိုခဲ့ကြသည်။ သူတို့မှမဟုတ်ပါ။ တခြားမည်သူမဆို အများစုက ထိုသို့သာပြောကြမည်ဖြစ်ပေသည်။ တကယ်တမ်းမှာလည်း ကျွန်တော်နေရမည့် လိုင်းခန်းသစ်လေးကို ဆောင်းအကုန်နွေအကူးကာလမှာ ရောက်ရှိခဲ့ခြင်းဖြစ်သလို နေရသည်မှာလည်း နေပြည်တော်လိုနေရာဖြစ်၏။ နွေရောက်တိုင်း ပူလွန်းလှသည့် အပူပြဿနာအပြင် ရေဒုက္ခကလည်း မသေးလှပေ။ ထိုအချိန်မျိုး၌ အပင်စိုက်ဖို့ပြင်သော ကျွန်တော့်အား သူတို့ ထူးဆန်းကြသည်မှာ အလွန်တော့မဟုတ်။ ဒါပေမဲ့လည်း ကျွန်တော့်မှာ ခံယူချက်နှင့်ယုံကြည်ချက်တစ်ခုရှိသည်။ ဒီအချိန်မှာတော့ သူတို့ကိုဘာမျှ ပြန်မပြောဖြစ်ခဲ့။ တာဝန်ထမ်းဆောင်ခဲ့ဖူးသည့် တပ်အသီးသီးရှိ ရိပ်သာများတွင် သီးပင်စားပင်နှင့် အရိပ်ရပင်လေးများစိုက်လေ့ရှိသည်မှာ ကျွန်တော့် အကျင့်ပင်ဖြစ်သည်။ ရှေ့တန်းနောက်တန်း နေရာမရွေးဘဲ ရသည့်အချိန် ရသည့်နေရာမှာ စိုက်ပျိုးသည်။ ရှေ့လူတွေ စိုက်ပျိုးခဲ့သော အသီးအရွက်များကိုစားရတိုင်း သူတို့ကိုကျေးဇူးတင်မိသည်။ အရိပ်ခိုရတိုင်းလည်း ထိုနည်းတူစွာပင်။

နှစ်လတာအတွင်းမှာပဲ အိမ်သစ်လေးရှေ့စိုက်ပျိုးထားသည့် ချဉ်ပေါင်၊ ကိုက်လန်၊ တိုင်ထောင်ပဲ၊ ကန်စွန်း၊ ရုံးပတီ စသည့် စိုက်ပေါင်အသီးသီးမှ အသီးအရွက်များက စိမ်းစိုဝေဆာစွာသီးပွင့်လာကြသည်။ မဖြစ်လောက်ပါဘူးဟု အများထင်ထားကြသည့် စံပယ်ပင်လေးများက စိုက်ထားသည့်အပင်တိုင်းလိုလို ရွက်စိမ်းလေးများဝေလာကြသည်။ တစ်ပင် ၃၀၀၀ နှုန်းဖြင့် ဝယ်စိုက်ထားသော ကံ့ကော်ပင်လေးနှင့် မိတ်ဆွေတစ်ဦးဆီမှ တောင်းထားသော ကံ့ကော်ပင်လေးများကလည်း ဆက်လက်ရှင်သန်နေကြပြီမို့ အပွင့်ပွင့်မည့်အချိန်ကိုသာ ကျွန်တော်မျှော်မိသည်။ စိုက်ချင်သည့်အပင်အားလုံး ဝယ်စိုက်ရန် မတတ်သာသည်မို့ လိုင်းထဲက မိသားစုဝင်တွေဆီကနေ စံပယ်ပင်တောင်းသလို ဟိုလူ့ဆီက သနပ်ခါးပင်တောင်း၊ ဒီလူ့ဆီက နှင်းဆီ၊ ရွက်လှများတောင်းကာ ကျွန်တော့်အိမ်ရှေ့လေးကို တန်ဆာဆင်ခဲ့ရသည်။ နွေဝင်တော့မည်မို့ အပင်မစိုက်ခင် ပေါင်အရင်ဖော်သည်။ ကျောက်မြေမို့ ကျောက်သားများ မကျန်အောင်လုပ်ရသည်။ မလုပ်လျှင်ဘာမှဖြစ်မလာမှာမို့ ညနေရုံးဆင်းပြီဆိုသည်နှင့် ပေါက်တူးဆွဲကာ တစ်ပေါင်ပြီးပြီး နှစ်ပေါင်ပြီးပြီး ဟူသောခံယူချက်ဖြင့် စိုက်ခင်းပေါင်လေးများကို အစပျိုးခဲ့ရခြင်းဖြစ်သည်။ ထို့နောက် ရေလောင်းပြီးထားလိုက်သည်။ တပ်ရင်းနွားခြံနှင့် ဆိတ်ခြံတို့မှ နွားချေး၊ ဆိတ်ချေးများအား ဆိုင်ကယ်ဖြင့်သွားသယ်သည်။ ရုံးဖွင့်ရက်ပင်ဖြစ်လင့်ကစား နေ့လယ်ထမင်းစားချိန်အိမ်ပြန်တိုင်း စိုက်ခင်းလေးအခြေအနေကို ဝင်ဝင်ကြည့်မိသည်။

စိုက်ပျိုးနည်းစနစ်တကျသိ၍ စိုက်ခြင်းတော့ မဟုတ်ပေ။ သို့သော် စိုက်ရင်းပျိုးရင်း တတ်ကျွမ်းသူများဆီမှ အကြံဉာဏ်များယူရင်းဖြင့် ကိုယ်လိုချင်သည့် စိုက်ခင်းပုံစံလေးတစ်ခုကို ဖန်တီးလာနိုင်ခဲ့သည်။

မနက်မိုးလင်းမျက်နှာသစ်လျှင် စိုက်ခင်းလေးထဲပတ်ရင်း သွားတိုက်၊ မျက်နှာသစ်သည်။ ရေရှားသဖြင့် ရေချိုးချိန်တိုင်း စိုက်ခင်းထဲဝင်ချိုးသည်။ အိမ်ထဲရေချိုးခန်းမှထွက်သည့်ချိုးရေ အဝတ်လျှော်ရေကို အိမ်ပြင်မှာ သားနို့မှုန့်ဘူးခွံလေးဖြင့်ခံထားသည်။ ထိုရေအား သံပရာပင်ခြေသို့လောင်းရသည်။ အားလုံးတစ်ပြေးညီ စိုက်ပျိုးခဲ့သော်လည်း ချဉ်ပေါင်ကို ဦးဆုံးစားရသည်။ ထို့နောက်မှ ပဲသီးနှင့်ရုံးပတီတို့ လိုက်လာသည်။ များများစိုက်တော့ များများပင်ပန်းသလို များများလည်းစားရသည်။ ဘူးညွန့်လေးတွေက အခုဆို တလူလူဖြစ်နေပါပြီ။ မကြာမီ သီးတော့မည်။ သီးသည်ဖြစ်စေ၊ မသီးသည်ဖြစ်စေ စိမ်းစိုပြီး အညွန့်တလူလူတက်နေသည့် အပင်လေးတွေကိုမြင်တွေ့ရသည်မှာ စိတ်ကြည်နူးစရာကောင်းလှသည်။ ထိုအရာကား ကျွန်တော်တစ်ဦးတည်းခံစားရသည့် ကြည်နူးခြင်းမဟုတ်။ သစ်ပင်စိုက်သူတိုင်း ခံစားရသော ခံစားမှုပင်ဖြစ်သည်။

ကျင်းတူး၊ မြေပြင်၊ မြေဩဇာထည့်၊ ရေပုံမှန်လောင်းပေးနိုင်ခဲ့ခြင်း အကျိုးကျေးဇူးတို့ကြောင့် အပင်လေးများ ရှင်သန်ဖွံ့ထွားခဲ့သည်။ စိုက်ပျိုးရေးသမားစစ်စစ်ကဲ့သို့ ရာနှုန်းပြည့်အောင်မြင်သည်ဟု မဆိုသာသော်လည်း ကိုယ့်တစ်အိမ်နှင့် ပိုလျှံသည်များကို ဘေးအိမ်လေးများသို့ ဝေငှနိုင်ခဲ့ပါပြီ။ စိုက်ခင်းထဲဝင်လွန်းလှသော ကျွန်တော့်အား ဇနီးသည်က " အားရင်စိုက်ခင်းထဲပဲ သွားနေတော့တာပဲ " ဟု ဆိုသည်အထိဖြစ်ရသည်။ တကယ်တော့ အထက်တွင် တင်ပြခဲ့သလို ကျွန်တော်စိုက်ပျိုးခြင်းသည် ကိုယ့်အိမ်လေး စိမ်းစိုအေးချမ်းခြင်းပုံရိပ်ကိုမျှော်ကိုး၍ဖြစ်သည်။ မြင်သူတိုင်းကိုလည်း စိတ်ကြည်နူးစေလိုသည်။ စားပင်သီးပင်များမှရရှိသော အသီးအပွင့်များကြောင့် မီးဖိုချောင်စရိတ်ဖာထေးနိုင်သလို နှင်းဆီ၊ စံပယ်၊ ရွက်လှ၊ သမြေအစရှိသည့် အပင်လေးများ ကြီးထွားလာပါကလည်း ကိုယ့်အိမ်ဘုရားစင်သို့ ကြည်နူးစွာဆက်ကပ်နိုင်ပါဦးမည်။ ကိုယ့်တစ်အိမ်စာရှေ့ စိုက်ပျိုးပြီးသည့်နောက် အများနှင့်ဆိုင်သည့် နေရာများတွင်လည်း ခရေ၊ ပိတောက်၊ ရေတမာ၊ စိန်ပန်းပင်လေးများကို ကျွန်တော်စိုက်ပျိုးပေးနိုင်ခဲ့သည်။ ဤအပင်များကြီးထွားချိန်တွင် ကျွန်တော်လက်ရှိနေရာ၌ ရှိဖို့မသေချာသော်လည်း စိုက်ခဲ့ချင်သည်မှာ ကျွန်တော့်ဆန္ဒသာဖြစ်သည်။ ရှေ့လူတွေစိုက်ခဲ့သဖြင့် ကျွန်တော်တို့အိမ်ရှေ့တွင် ရင်ကွဲသရက်ပင်ကြီးအခုဆို သီးကင်းလိုက်နေပါပြီ။ မကြာမီ ကျွန်တော်တို့စားရပါဦးမည်။ အခုဆို အဲဒီသရက်ပင်အောက်မှာ ကွပ်ပျစ်လေးပါပြုလုပ်ထားခဲ့ပြီဖြစ်သည်။



တကယ်တော့ ကျွန်တော်ကိုယ်တိုင်က ကျန်းမာရေးအလုံးစုံကောင်းသူမဟုတ်ပါချေ။ နှလုံး၊ သွေးတိုးရောဂါသည်မဟုတ်သော်ငြား လူအများစုကြုံရလေ့ရှိသည့် ခါးနာဝေဒနာကို နှစ်ရှည်လများခံစားနေရသူဖြစ်၏။ ရိုးရိုးအဆင့်မဟုတ်ဘဲ ခွဲစိတ်ကုသမှုအထိ ခံယူထားရသည်။ လမ်းလျှောက်လျှင် ခါးကစောင်းနေသည်ကို တော်တော်များများက သတိပြုမိကြသည်။ မြင်နေကျလူတွေကသာ မထူးဆန်းသော်လည်း တခြားသူများအတွက် အမြင်တစ်မျိုးဖြစ်နေသည်။ ခါးဝေဒနာကြောင့်ပဲ ကွန်ပျူတာစားပွဲတွင် ကြာကြာထိုင်ရိုက်လို့မရပေ။ စာပေဝါသနာပါသူမို့ စာစီစာရိုက်ကို ထိုင်၍တစ်မျိုး၊ မတ်တတ်တစ်ဖုံ၊ ဝမ်းလျားမှောက်တစ်နည်းဖြင့် ရိုက်ရသည်။ အကျိုးဆက်အားဖြင့် ကျွန်တော်ရေးချင်သော စာများရေးနိုင်ခဲ့သည်။ လိုချင်သော စာပေဆုများရခဲ့သည်။ ခါးဝေဒနာနှင့် မိသားစုအပူသောကများကြားမှာသာ အာရုံစိုက်ထားပါက စာများလည်းရေးဖြစ်မည်မဟုတ်။ အခု အများက မဖြစ်နိုင်ဟု ထင်မှတ်ထားကြသော ကျွန်တော့်စိုက်ခင်းလေးကိုလည်း ထိုနည်းအတိုင်း ကျင့်ကြံလျက် နွေကိုအန်တုကာ ရေနိုင်အောင်လောင်းပေးခဲ့သည်။ အပင်က လက်ခံနိုင်သည့်မြေဖြစ်လာအောင် ကြိုးစားပေးခဲ့သည်။ လူသာအဓိကဖြစ်သည်။ လူသားတို့၏ တီထွင်ကြံဆမှုဖြင့်သာ ကြေးခေတ်၊ ကျောက်ခေတ်၊ သံခေတ်များမှသည် စက်မှုသိပ္ပံပညာရပ်များ ထွန်းကားလာခဲ့ခြင်းနှင့်အတူ အာကာသဆီခြေဆန့်နိုင်ခဲ့ခြင်းဖြစ်သည်။ ယနေ့ကမ္ဘာတွင် ဖြစ်ပေါ်ပြောင်းလဲနေသော အရာမှန်သမျှသည် လူသားတို့ဆီမှ မြစ်ဖျားခံခဲ့ခြင်းပင်ဖြစ်သည်။ **"စိတ္တေန နီယျတေ လောကော"** ဟူသည့်အတိုင်း စိတ်၏ဆွဲဆောင်ရာနောက်သို့ လိုက်ပါကြရခြင်းဖြစ်၏။ စိတ်၏ဆွဲဆောင်ရာနောက်သို့ လိုက်ပါကြသည့် လူသားတို့၏ပြုမူဆောင်ရွက်ချက်များဖြင့်သာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးရာအဖြာဖြာသည် အကောင်း အဆိုးဟူ၍ ဖြစ်လာကြခြင်းဖြစ်ပေသည်။ လူကောင်းလူတော်တို့ထံတွင် မွန်မြတ်သန့်စင်သော နှလုံးသားများရှိကြ၏။ **"လမ်းကောင်း လမ်းဆိုး၊ ထိုနှစ်မျိုးတွင်၊ ဆိုးကောင်းဟူဘိ၊ မြင်အသိကို၊ မိမိစိတ်သာဖန်ဆင်း၏"**ဟူသော ကဗျာလေးအတိုင်း လူသားတို့၏ စိတ်နှလုံးသားအခံကသာ အရာရာကို ဆုံးဖြတ်ပေးသွားမည်ဖြစ်သည်။

မိမိတို့နိုင်ငံထက် ပိုမိုဆိုးရွားစွာ စစ်ဘေးဒဏ်ခံခဲ့ရသည့်နိုင်ငံများ ယနေ့မိမိတို့ရှေ့ကရောက်နေသည်ကို သတိပြုမိပါက လူသာလျှင် ပဓာနကျသည်ကို တွေ့မြင်ရပေမည်။ ထိုနည်းတူစွာ မိမိတို့လွတ်လပ်ရေးရပြီးချိန်မှ နိုင်ငံအဖြစ်ပေါ်ထွန်းလာသော နိုင်ငံအချို့သည်လည်း ကိုယ်တွေထက် ရှေ့ရောက်နေသည်မှာ ကောင်းသည့်ဘက်တွင် စုစည်းညီညာသောတိုင်းသူပြည်သားတို့၏ စွမ်းအားကြောင့်သာဖြစ်ပေသည်။ အတိတ်ကိုလက်ညိုးညွှန်၍ အကြောင်းပြချက်မရှိနိုင်သော ခေါင်းစဉ်များသည် နိုင်ငံတော်ဖွံ့ဖြိုးရေးကို အထောက်အကူပြုနိုင်လိမ့်မည် မဟုတ်ပါချေ။ စစ်ဘေးစစ်ဒဏ်သင့်ခြင်းကြောင့်လည်းကောင်း၊ သဘာဝဘေးဒဏ်ကြုံရခြင်းကြောင့်လည်းကောင်း အချို့နိုင်ငံများပျက်စီးဆုံးရှုံးမှုများဖြစ်ကြရသည်။ သို့သော် နှစ်ပိုင်းအတွင်းမှာပဲ မူလနေရာရောက်အောင် သူတို့ပြန်ကြိုးစားနိုင်ခဲ့ကြသည်။ လူသာလျှင် ပဓာနပါပေ။ လောကနီတိတွင် **" နိမ့်ကျသူ၏ သားပင်ဖြစ်လင့်ကစား မင်းအမတ်ဖြစ်နိုင်၏။ သူမိုက်၏သားပင် ဖြစ်လင့်ကစား ပညာရှိဖြစ်နိုင်၏။ ဥစ္စာမရှိသူ၏ သားပင်ဖြစ်လင့်ကစား ကြွယ်ဝချမ်းသာနိုင်၏"** ဟူ၍ ပြဆိုထားသည်ကို မှတ်သားရသည်။ ထို့ပြင် ငယ်စဉ်က သင်ကြားခဲ့ရသည့်ကျေးညီနောင် ပုံပြင်လေးကိုလည်း အမှတ်ရမိပြန်သည်။

ကျွန်တော့်အနေဖြင့် **"တစ်သက်လုံးပျော်ချင်ရင် သစ်ပင်စိုက်"**ဟူသော ထုံးကိုနှလုံးမူလျက် ရှေးက စိုက်ခဲ့ပျိုးခဲ့သူများ၏ကျေးဇူးကို သတိရအောက်မေ့ကာ သစ်ပင်များထပ်စိုက်နေပါသည်။ ဥစ္စာဖြို စားဖို့က မဖြစ်ရလေအောင်လည်း အိမ်နောက်ဖေး စိုက်ခင်းလေးများကို ပုံဖော်နေသည်။ ကိုယ်ပြောင်းရွှေ့သွားသော်နောက်လူများအတွက်ဟူသော စိတ်ကိုမွေးမြူကာ ကြုံရသည့် မြေပြင်ရာသီဥတုအခက်အခဲများကို စိတ်ရှည်ရှည်ရင်ဆိုင်လျက် စိုက်ခင်းလေးအတွက် အချိန်ပေးနေဆဲဖြစ်သည်။

စာမျက်နှာ ၂၅ သို့

# ကလေးအလုပ်သမားပပျောက်ရေး(၂)

ရွှေနေ-ဦးဝင်းကြည်(စဉ့်ကိုင်)

ဖုန်းတောင်းယာစကာများသည် နေရာဒေသ အသီးသီးလှည့်လည်တောင်းရမ်းနေသည်ကို တွေ့ဖူးသည်။ တစ်နှစ်လျှင် အနည်းဆုံး ခုနစ်အိမ်၊ ခုနစ်ရွာ ပြည့်အောင် မျိုးရိုးစဉ်ဆက်တောင်းစားလာခဲ့ရကြောင်း၊ မိမိတို့ရပ်ရွာတွင် တောင်သူလုပ်ငန်းများလုပ်ကိုင်ကြောင်း၊ ဖုန်းတောင်းယာစကာမျိုးဖြစ်နေ၍ နူမှာ၊ ဝဲမှာ၊ ကျိန်စာသင့်မှာကြောက်၍ စတိတောင်းစားနေရကြောင်း ဖုန်းတောင်းယာစကာတစ်ဦးက ပြောပြခဲ့ဖူးသည်။ အချို့ကား ငွေရပေါက်ချောင်ချောင်ဖြင့် တောင်းစားနေသူများရှိကြောင်း၊ ရွာပေါင်ဖဲရိုက်ကြောင်း၊ ထိုသူများသည် တောင်းရမ်းစားသောက်ရသည်ကို ခံတွင်းတွေ့သူများဖြစ်ကြောင်း၊ အချို့မှာ မျိုးရိုးမရှိဘဲ တောင်းစားနေသည့် လူပေါ့လူပျင်းများဖြစ်ကြောင်း လေ့လာသိရှိရသည်။

ဖုန်းတောင်းယာစကာမျိုးရိုးမဟုတ်ဘဲ တောင်းစားနေသည်များကို မြင်တွေ့ဖူးကြပေမည်။ စာရေးသူ စားသောက်ဆိုင်ပိုင်ရှင်တစ်ဦးနှင့် စကားလက်ဆုံပြောနေစဉ် တစ်နှစ်သားခန့်ကလေးငယ်ကို ခါးထစ်ခွချီထားသည့် မိန်းကလေးတစ်ဦး ဆိုင်ရှေ့ရောက်လာသည်။ ဆိုင်မှ အလုပ်သမားတစ်ဦးခေါ်ပြီး ငွေနှစ်ရာကျပ်ပေးခိုင်းလိုက်သည်။ ထိုမိန်းကလေးအပြင် အခြားသော အရွယ်စုံ အမျိုးသား၊ အမျိုးသမီးအစုံ ဆိုင်ရှေ့လာရပ်လျှင် ငွေနှစ်ရာကျပ်ပေးစမြဲ ကိုယ်တိုင်မြင်တွေ့နေရသည်။ နေ့စဉ်ရက်ဆက်နီးနီး လာတောင်းသူများကို ပေးနေသဖြင့် မေးမြန်းကြည့်ရာ "လာတောင်းနေကျဖြစ်ကြောင်း၊ လာတိုင်း ငွေနှစ်ရာကျပ်ပေးကြောင်း" ပြောပြပြီး "အတိတ်ကအကြွေးလာတောင်းသဖြင့် ပြန်ဆပ်နေခြင်းဖြစ်သည်"ဟု ဟာသနှောကာ ပြုံးပြုံးရွှင်ရွှင်ပြောပြသည်။

မိဘအုပ်ထိန်းမှုအောက်ရှိ ကလေးသူငယ်များ တောင်းရမ်းနေသည်ကို မိဘများကတားမြစ်ခြင်းမရှိ အလိုတူအလိုပါ ကလေးငယ်ကိုတောင်းရမ်းစေခြင်းဖြစ်သည်။ တောင်းရမ်းရာတွင် ကလေးသူငယ်ကို အသုံးပြုနေကြသည်။ ကလေးသူငယ်သည် တောင်းရမ်းရသည့် ကလေးသူငယ်အလုပ်သမား ဖြစ်မှန်းမသိဖြစ်နေရသည်။ ထိုသို့ ကလေးသူငယ်တောင်းရမ်းနေသည်ကို မတားမြစ်ခြင်း၊ ကလေးသူငယ်ကိုတောင်းရမ်းစေခြင်း၊ ကလေးသူငယ်ကို အသုံးပြုတောင်းရမ်းခြင်း စသည့် ပြုလုပ်မှုတစ်ရပ်ရပ်ပြုလုပ်လျှင် ကလေးသူငယ် အခွင့်အရေးများဆိုင်ရာဥပဒေပုဒ်မ-၁၀၂ အရ တရားစွဲဆိုခြင်းခံရမည်။ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေပုဒ်မ-၁၀၂ ဖြင့် တရားစွဲဆိုခြင်းခံရသူသည် ပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်းပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် အနည်းဆုံး ခြောက်လမှ အများဆုံး သုံးနှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ငွေကျပ် ခြောက်သိန်းမှ အများဆုံး ငွေကျပ် ၁၂ သိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးဖြစ်စေ ချမှတ်အပြစ်ပေးခြင်းခံရမည်။

ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေပုဒ်မ-၁၀၂ သည် တောင်းရမ်းစားသောက်နေသည့် ကလေးအလုပ်သမားများနှင့် တောင်းရမ်းစေခိုင်းခြင်းခံရသည့် ကလေးအလုပ်သမားများ ပပျောက်ရေးအတွက် ပြဋ္ဌာန်းထားသည့်ပုဒ်မဖြစ်ကြောင်း တွေ့ရှိရသည်။ ကလေးသူငယ်များကိုယ်တိုင်တောင်းရမ်းခြင်း၊ ကလေးသူငယ်များကို တောင်းရမ်းစေရန် စေခိုင်းခြင်း၊ တောင်းရမ်းရာတွင် ကလေးသူငယ်ကို အသုံးပြုခြင်း စသည့်ကလေးသူငယ်များကို ကာကွယ်ပေးသည်။

မသန်စွမ်းကလေးသူငယ်ကို နိုင်ထက်စီးနင်း အကြမ်းဖက်ခြင်း၊ အလွဲသုံးခြင်း၊ ခေါင်းပုံဖြတ်ခြင်း၊ ခွဲခြားဆက်ဆံခြင်း၊ ရုပ်ပိုင်းဆိုင်ရာစိတ်ပိုင်းဆိုင်ရာ၊ ဂုဏ်သိက္ခာပိုင်းဆိုင်ရာထိခိုက်မှုဖြစ်စေသော အလုပ်လုပ်ရန်စေခိုင်းခြင်း၊ ဘေးအန္တရာယ်ရှိသောအလုပ်၊ ကျန်းမာရေးထိခိုက်စေသာအလုပ်ကို စေခိုင်းခြင်း၊ လုပ်ကိုင်ရန်ခွင့်ပြုခြင်း၊ အဓမ္မအလုပ်ခိုင်းစေခြင်း၊ နှိပ်စက်ညှဉ်းပန်းမှု၊ ရက်စက်ကြမ်းကြုတ်မှု၊ နှိမ့်ချပြုမူဆက်ဆံခြင်းများပြုလျှင် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေပုဒ်မ-၁၀၃(က) ဖြင့် တရားစွဲဆိုခြင်းခံရမည်။ ဥပဒေပုဒ်မ-၁၀၃(က)အရ တရားစွဲဆိုခြင်းခံရသူသည် ပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် အနည်းဆုံး ရှစ်လမှ အများဆုံး ငါးနှစ်အထိ ထောင်ဒဏ်ချမှတ်ခြင်းခံရမည့်အပြင် အနည်းဆုံးငွေကျပ် ရှစ်သိန်းမှ အများဆုံး ငွေကျပ် ၁၆ သိန်းအထိ ငွေဒဏ်ချမှတ်အပြစ်ပေးခြင်းခံရမည်ဖြစ်သည်။

**❖ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေပုဒ်မ-၁၀၂ သည် တောင်းရမ်းစားသောက်နေသည့် ကလေးအလုပ်သမားများနှင့် တောင်းရမ်းစေခိုင်းခြင်းခံရသည့် ကလေးအလုပ်သမားများ ပပျောက်ရေးအတွက် ပြဋ္ဌာန်းထားသည့်ပုဒ်မဖြစ်ကြောင်း တွေ့ရှိရသည်။ ကလေးသူငယ်များကိုယ်တိုင်တောင်းရမ်းခြင်း၊ ကလေးသူငယ်များကို တောင်းရမ်းစေရန် စေခိုင်းခြင်း၊ တောင်းရမ်းရာတွင် ကလေးသူငယ်ကို အသုံးပြုခြင်း စသည့်ကလေးသူငယ်များကို ကာကွယ်ပေးသည်။ ❖**

ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေပုဒ်မ-၁၀၃(က)သည် မသန်စွမ်းသည့်ကလေးသူငယ် အလုပ်သမားပပျောက်စေရန်နှင့် မသန်စွမ်းသည့် ကလေးသူငယ်များကိုဖန်းပြကာ ခေါင်းပုံဖြတ် စီးပွားရှာမည့်သူများအန္တရာယ်မှ ကာကွယ်ပေးသည့်ပုဒ်မဖြစ်သည်။ မသန်စွမ်းသည့်ကလေးသူငယ်သည် ကိုယ်ခန္ဓာကြံ့ခိုင်ခြင်းမရှိပေ။ ကာယအစွမ်းမရှိ၊ ဉာဏ်စွမ်းသာလျှင်ရှိပေသည်။ မသန်စွမ်းသည့် ကလေးသူငယ်များသည် ခန္ဓာကိုယ်ကြံ့ခိုင်မှုချို့ယွင်းသဖြင့် သိမ်ငယ်စိတ်၊ အားငယ်စိတ်များရှိနိုင်ပေသည်။ ထိုသိမ်ငယ်စိတ်၊ အားငယ်စိတ်များကို အခွင့်ကောင်းတစ်ရပ်အဖြစ်သတ်မှတ်ကာ မသန်စွမ်းသည့်ကလေးသူငယ်များကို နှိမ့်ချဆက်ဆံခြင်း၊ အနိုင်အထက်စေခိုင်းခြင်း၊ နှိပ်စက်ညှဉ်းပန်း၍ အလုပ်စေခိုင်းမှုများခံရတတ်သဖြင့် မသန်စွမ်းကလေးသူငယ်အလုပ်သမားပပျောက်ရေးအတွက် ရည်ရွယ်ပြဋ္ဌာန်းထားခြင်းဖြစ်ပေသည်။

ကလေးသူငယ်အားလက်နက်ကိုင်ပဋိပက္ခအတွင်း ရိက္ခာ၊ လက်နက်၊ ပစ္စည်းသယ်ယူခိုင်းခြင်း၊ ပံ့ပိုးရေးလုပ်ငန်းများတွင် အသုံးပြုခြင်း၊ လမ်းပြခိုင်းခြင်း၊ တစ်နည်းနည်းဖြင့် အသုံးပြုခြင်း၊ စိတ်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်းများပြုလျှင် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေပုဒ်မ-၁၀၃(ခ) ဖြင့် တရားစွဲဆိုခြင်းခံရမည်။ ဥပဒေပုဒ်မ-၁၀၃(ခ)အရ တရားစွဲဆိုခြင်းခံရသူသည် ပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် အနည်းဆုံး တစ်နှစ်မှ အများဆုံးခြောက်နှစ်အထိ ထောင်ဒဏ်ချမှတ်ခြင်းခံရမည့်အပြင် အနည်းဆုံး ငွေကျပ် ကိုးသိန်းမှ အများဆုံး ငွေကျပ် ၁၈ သိန်းအထိ ငွေဒဏ်ချမှတ်အပြစ်ပေးခြင်းခံရမည်။

လက်နက်ကိုင်ပဋိပက္ခများဖြစ်ပေါ်နေချိန်တွင် ကလေးသူငယ်များကို လက်နက်ကိုင်ဆောင်ထားသူများက ကလေးသူငယ်များကို ရိက္ခာ၊ လက်နက်၊ ပစ္စည်းသယ်ယူခိုင်းခြင်း၊ ပံ့ပိုးရေးလုပ်ငန်းများ လုပ်ဆောင်စေခြင်း၊ လမ်းပြအဖြစ်အသုံးပြုခြင်း စသည့် လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်အလုပ်သမားများ မစေခိုင်းနိုင်စေရန် ရည်ရွယ်ပြဋ္ဌာန်းထားခြင်းဖြင့် လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်အလုပ်သမားပပျောက်စေမည်။

အသက် ၁၈ နှစ်အောက်ဖြစ်သောသူများကို နိုင်ငံတော်၏ တပ်မတော်မဟုတ်သည့် အခြားအုပ်စုများသို့ လူသစ်စုဆောင်းခြင်းမပြုရဟု ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေပုဒ်မ-၆၄(က)တွင် ပြဋ္ဌာန်းထားသည်။ ဥပဒေပုဒ်မ-၆၄(က) ပြစ်မှုကျူးလွန်ပါက ဥပဒေပုဒ်မ-၁၀၄(ခ) ဖြင့် တရားစွဲဆိုခြင်းခံရမည်။ ဥပဒေပုဒ်မ-၁၀၄(ခ) အရတရားစွဲဆိုခြင်းခံရသူသည် ပြစ်မှုကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ငါးနှစ်အထိ ထောင်ဒဏ်ချမှတ်အပြစ်ပေးခြင်းခံရမည်။

အသက် ၁၈ နှစ်အောက်ဖြစ်သောသူများကို တိုက်ခိုက်မှုများတွင် အသုံးမပြုရန်နှင့် အသက် ၁၈ နှစ်အောက်ဖြစ်သူများကို နိုင်ငံတော်၏ တပ်မတော်မဟုတ်သည့် အခြားမည်သည့်အုပ်စုကမဆို တိုက်ခိုက်မှုများတွင် အသုံးမပြုရန် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေပုဒ်မ-၆၃(ခ)နှင့် ဥပဒေပုဒ်မ-၆၄(ခ)တို့တွင် ပြဋ္ဌာန်းထားသည်။ ဥပဒေပုဒ်မ-၆၃(ခ) နှင့် ဥပဒေပုဒ်မ-၆၄(ခ)ပါပြစ်မှုကို ကျူးလွန်ပါက ဥပဒေပုဒ်မ-၁၀၄(ဂ) ဖြင့် တရားစွဲဆိုခြင်းခံရမည်။ ဥပဒေပုဒ်မ-၁၀၄(ဂ)အရ တရားစွဲဆိုခြင်းခံရသူသည် ပြစ်မှုကျူးလွန်ကြောင်းပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ၁၀ နှစ်အထိ ထောင်ဒဏ်အပြစ်ပေးခြင်းခံရမည်။

ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေပုဒ်မ-၁၀၄(က)၊ ၁၀၄(ခ)နှင့် ၁၀၄(ဂ)တို့သည် အရွယ်မရောက်သေးသည့် ကလေးစစ်သား အလုပ်သမားများ ပပျောက်ရေးအတွက် ရည်ရွယ်ပြဋ္ဌာန်းထားခြင်းဖြစ်သည်။ ကလေးသူငယ်များသည် နိုင်ငံတော်၏ တပ်မတော်တွင်သာမက အခြားသောမည်သည့် လက်နက်ကိုင်အဖွဲ့အစည်းတွင်မှ ကလေးသူငယ် လက်နက်ကိုင်ဘဝမဖြစ်စေရန် ရည်ရွယ်၍ ကလေးသူငယ်လက်နက်ကိုင်အလုပ်သမားပပျောက်စေရန် ပြဋ္ဌာန်းထားခြင်းဖြစ်သည်။

မိမိအုပ်ထိန်းမှုအောက်ရှိ ကလေးသူငယ်ကို ပြည့်တန်ဆာလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုနေသူနှင့်အတူနေစေရန် ခွင့်ပြုခြင်း၊ ကလေးသူငယ်သည် ပြည့်တန်ဆာအဖြစ် အသက်မွေးဝမ်းကျောင်းပြုနေသည်ကိုသိလျက်နှင့် တမင်လျစ်လျူရှုခြင်း၊ ဟိုတယ်၊ မိုတယ်၊ ဧည့်ဂေဟာ၊ တည်းခိုရိပ်သာ၊ ကိုယ်ကာယအလှပြခန်း၊ စားသောက်ဆိုင်တွင် ကလေးသူငယ်ကို ပြည့်တန်ဆာကိစ္စအလို့ငှာ ပေါင်းသင်းဆက်ဆံရန်ခိုင်းစေခြင်း၊ ခွင့်ပြုခြင်း၊ ကလေးသူငယ်ညစ်ညမ်းပုံပြုလုပ်ဖြန့်ဖြူးခြင်း သို့မဟုတ် ၎င်းကိစ္စအလို့ငှာ ကမ်းလှမ်းခြင်း၊ ရောင်းချခြင်း၊ လက်ဝယ်ပိုင်ဆိုင်ခြင်း၊ ပြည်ပမှတင်သွင်းခြင်း၊ ပြည်ပသို့တင်ပို့ခြင်း၊ အတင်းအကျပ်လက်ထပ်ခြင်း၊ လက်ထပ်စေခြင်း ပြုလုပ်မှုတစ်ရပ်ရပ်ပြုလုပ်လျှင် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေပုဒ်မ-၁၀၅(က) ဖြင့် တရားစွဲဆိုခြင်းခံရမည်။ ဥပဒေပုဒ်မ-၁၀၅(က) အရတရားစွဲဆိုခြင်းခံရသူသည် ပြုလုပ်မှုတစ်ရပ်ရပ်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် အနည်းဆုံး တစ်နှစ်မှ အများဆုံး ခုနစ်နှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် အနည်းဆုံး ငွေကျပ် ၁၀ သိန်းမှ အများဆုံး ငွေကျပ် သိန်း ၂၀ အထိ ငွေဒဏ်ချမှတ်အပြစ်ပေးခြင်းခံရမည်။

ကလေးသူငယ်ကိုပြည့်တန်ဆာအလုပ်ခိုင်းစေခြင်း၊ ကလေးသူငယ်ကို ပြည့်တန်ဆာအဖြစ်ခိုင်းစေ၍ ရှာဖွေရရှိသည့် အကျိုးစီးပွားကို မှီခို၍ အသက်မွေးခြင်း၊ လိင်ပိုင်းဆိုင်ရာ အလွဲသုံးခြင်း သို့မဟုတ် ခေါင်းပုံဖြတ်ခြင်းပြုရန် ကလေးသူငယ်ကို အသုံးပြုခြင်း၊ ငွေ သို့မဟုတ် ပစ္စည်းကိုပေး၍ ခေါ်ယူခြင်း၊ ဖြားယောင်းသွေးဆောင်ခြင်း သို့မဟုတ် ကမ်းလှမ်းခြင်း ပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်လျှင် ကလေးသူငယ် အခွင့်အရေးများဆိုင်ရာဥပဒေပုဒ်မ-၁၀၅(ခ)ဖြင့် တရားစွဲဆိုခြင်းခံရမည်။ ဥပဒေပုဒ်မ-၁၀၅(ခ)အရ တရားစွဲဆိုခြင်းခံရသူသည် ပြုလုပ်မှုတစ်ရပ်ရပ် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် အနည်းဆုံး နှစ်နှစ်မှ အများဆုံး ၁၀ နှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် အနည်းဆုံး ငွေကျပ် ၁၂ သိန်းမှ အများဆုံး ငွေကျပ် ၁၅ သိန်းအထိ ငွေဒဏ်ချမှတ်အပြစ်ပေးခြင်းလည်းခံရမည်။

ကလေးသူငယ်များသည် အရွယ်မရောက်မီ ပန်းကောင်းညွန့်ကျိုးမခံရစေရန်အတွက် မိဘအုပ်ထိန်းသူ ဆွေမျိုးသားချင်းများနှင့်တကွ ပတ်ဝန်းကျင်များမှ ကာကွယ်စောင့်ရှောက်ပေးရပေမည်။ ကလေးသူငယ်များကို ပြည့်တန်ဆာအဖြစ် စေခိုင်းခြင်း၊ ပြည့်တန်ဆာအဖြစ် လုပ်ကိုင်ဆောင်ရွက်နေသည်ကို အားပေးခြင်း၊ ကလေးသူငယ်များကို အတင်းအကျပ်လက်ထပ်စေခြင်းတို့သည် "မျိုးစေ့မမှန်သဖြင့် ပင်မသန်သည့်ဘဝ"ကိုရောက်စေမည်။ "မျိုးစေ့မှန် အပင်သန်"စေသည့် အနာဂတ်နိုင်ငံတော်၏ သားကောင်းရတနာ၊ သမီးကောင်းရတနာများဖြစ်စေရန်အတွက် ကလေးသူငယ်များ လိင်ပိုင်းဆိုင်ရာ အလွဲသုံးစားပြုခြင်း၊ လူမှုပတ်ဝန်းကျင်တွင် လက်မခံရှုံ့ချစက်ဆုပ်ဖွယ်ရာ ပြည့်တန်ဆာလုပ်ငန်းလုပ်ကိုင်ခြင်းတို့မှ ကာကွယ်တားဆီးနိုင်ရန်အတွက် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေပုဒ်မ-၁၀၅(က)နှင့် ဥပဒေပုဒ်မ-၁၀၅(ခ)တို့ကို ပြဋ္ဌာန်းကာကွယ်ထားခြင်းဖြစ်ပေသည်။ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်များကို လေးစားလိုက်နာခြင်းအားဖြင့် ကလေးသူငယ်အလုပ်သမားများ ပပျောက်ရေး ဖြေရှင်းဆောင်ရွက်ပေးနိုင်ပေမည်။

ကလေးသူငယ်များသည် အနာဂတ်အတွက် အားထားရမည့် လူသားအရင်းအမြစ်များဖြစ်သည်။ အနာဂတ်အားထားရမည့် လူသားအရင်းအမြစ် ကလေးသူငယ်များကို စာပေပညာ၊ အသက်မွေးပညာများ သင်ကြားပေးခြင်းဖြင့် ကလေးသူငယ်များ၏ သာယာအေးချမ်းသည့်အနာဂတ်ဘဝတည်ဆောက်နိုင်ပေမည်။ ကလေးသူငယ်များကို ပညာသင်ကြားခြင်း၊ အသက်မွေးပညာသင်ကြားပေးခြင်းမရှိဘဲ အလွဲအသုံးပြုနေလျှင် အနာဂတ်နိုင်ငံတော်အတွက် ကုစားမရနိုင်သော လူသားအရင်းအမြစ် ဆုံးရှုံးမှုကြီးဖြစ်ပေသည်။ ထိုဆုံးရှုံးမှုများနှင့် ကလေးသူငယ်အလုပ်သမားပပျောက်ရေးအတွက် ကလေးသူငယ် မိဘအုပ်ထိန်းသူနှင့်ပတ်ဝန်းကျင်မှ ဝိုင်းဝန်းကူညီကာကွယ်စောင့်ရှောက်ပေးသင့်ပါကြောင်း ရေးသားတင်ပြအပ်ပါသည်။

# ဆံတော်ရှင်မြတ်မော်တင်စေတီတော်ကြီး ဗုဒ္ဓပူဇနိယပွဲတော် ဘုရားဖူးများဖြင့် စည်ကား



**ပုတော မတ် ၃**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့ တင်းချောင်းကျေးရွာ မော်တင်အငူတွင်တည်ရှိသည့် သမိုင်းဝင်ဆံတော်ရှင် မြတ်မော်တင်စေတီတော်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်တွင် ဘုရားဖူးများဖြင့် စည်ကားလျက်ရှိကြောင်း အဆိုပါစေတီတော်ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဝင် ဦးကျော်စွာဝင်းထံမှ သိရသည်။

အဆိုပါ ဗုဒ္ဓပူဇနိယပွဲတော်ကို ၁၃၈၄ ခုနှစ် တပေါင်းလဆန်း ၁ ရက်မှ တပေါင်းလပြည့်ထိကျင်းပလျက်ရှိရာ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးဦးရေ ၁၁၀၀၀ လာရောက်ဖူးမြော်ခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီး၊ နေပြည်တော်နှင့် ဧရာဝတီတိုင်းဒေသကြီးမှ အများဆုံး လာရောက် ဖူးမြော်ကြကြောင်း သိရသည်။

"ဆံတော်ရှင် မြတ်မော်တင်စေတီတော်ကြီးက နဂါးရစ်တောင်ထိပ် ပင်လယ်ကမ်းစပ်အနားမှာ မြတ်စွာဘုရားရှင်ရဲ့ဆံတော်အစစ်ကို ဌာပနာထည့်ပြီး မြန်မာနိုင်ငံမှာ ပထမဆုံးတည်ထားတဲ့ စေတီတစ်ဆူဖြစ်တယ်။ မြတ်မော်တင်ဘုရားပွဲက ဧရာဝတီတိုင်းဒေသကြီးမှာ အစည်ကားဆုံးဘုရားပွဲဖြစ်ပါတယ်။ အခုနှစ် ဘုရားပွဲတော်ကိုလဲ အနယ်နယ်အရပ်ရပ်က ဘုရားဖူးသူတွေနဲ့ စည်ကားနေပါတယ်"ဟု ဆံတော်ရှင်မြတ်မော်တင်စေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဝင် ဦးကျော်စွာဝင်းက ပြောပြသည်။

ဆံတော်ရှင် မြတ်မော်တင်စေတီတော်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်ကို ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်ညွှန်ကြားချက်ဖြင့်ကျင်းပပြုလုပ်ခြင်းဖြစ်ကြောင်း၊ အဆိုပါဘုရားပွဲတော်ကိုစနစ်တကျကျင်းပပြုလုပ်နိုင်စေရန် မြတ်မော်တင်စေတီနှင့် စေတီရံများကို ရောင်တော်ဖွင့် ဆေးသက်န်းများကပ်လှူခြင်း၊ ဘုရားရင်ပြင်တော်တိုးချဲ့ခြင်း၊ ဘုရားအနီးခြံနွယ်များ၊ ရှင်းလင်းပေးခဲ့ခြင်း၊ ဘုရားတောင်တော်ရှင်းလင်းခြင်း၊ ရေတွင်းကန်များရှင်းလင်းခြင်း၊ ဘုရားမုခ်ဦးများရှင်းလင်းခြင်း စသည့်လုပ်ငန်းများကို ကြိုတင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ကျော်ကျော်လင်း**

# ဟိုပန်မြို့နယ် ဖာကျွတ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ဟိုပန် မတ် ၃**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ဟိုပန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားမိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ဖာကျွတ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဟိုပန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝါဝါမိုးနှင့်စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များနှင့်အတူ ဖာကျွတ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများဆောင်ရွက်နေမှု၊ ငွေစာရင်းပုံစံများ စနစ်တကျဖြည့်သွင်းထားခြင်းရှိ၊ မရှိနှင့် စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဦးစီးအရာရှိ ဒေါ်ဝါဝါမိုးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ရေရှည်တည်တံ့ရေး ဆောင်ရွက်ကြရန် မှာကြားခဲ့သည်။

ဖာကျွတ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှစတင်ဆောင်ရွက်ခဲ့ရာ ယခုအခါမြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေ နဝမအကြိမ်အဖြစ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူဦးရေ ၄၀ ကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် သိန်း ၄၀၀ ထုတ်ချေးပေးထားကြောင်း ဟိုပန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝါဝါမိုးက ပြောပြ၍ သိရသည်။

**ဖြိုးထက်အောင်(ပျော်ဘွယ်)**

# ပွင့်ဖြူမြို့နယ်၌ ဆောင်းကြက်သွန်နီစိုက်ခင်းများအောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်းကောင်းမွန်

**ပွင့်ဖြူ မတ် ၃**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် ဆောင်းကြက်သွန်နီစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး ယခုအခါ ပြန်လည်စတင်သိမ်းဆည်းနေကြပြီဖြစ်ရာ တစ်ဧကလျှင် ကြက်သွန်နီပိဿာချိန် ၅၀၀၀ ခန့် ထွက်ရှိသဖြင့် အထွက်နှုန်း ကောင်းမွန်လျက်ရှိကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ဒေသခံတောင်သူများက မဲဇလီရေလွှဲဆည်ရေနှင့် မြေအောက်ရေတို့ဖြင့် စားဖိုဆောင်သီးနှံများကို တစ်နှစ်ပတ်လုံး စီးပွားဖြစ်စိုက်ပျိုးလုပ်ကိုင်ကြကြောင်း၊ စားဖိုဆောင်သီးနှံများ စိုက်ပျိုးရာ၌ တောင်သူတစ်ဦးချင်းအလိုက် သီးနှံဝင်ငွေတိုးပွားစေရေး၊ အထွက်နှုန်း ကောင်းမွန်စေရေးနှင့် အခြေခံစိုက်ပျိုးနည်းစနစ်များကို သိရှိလိုက်နာနိုင်ရေးအတွက်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက အသိပညာပေးလုပ်ငန်းများ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်အနေနဲ့ တစ်မြို့နယ်လုံး ကြက်သွန်နီ ၁၀၀၂ ဧကလျာထားစိုက်ပျိုးခဲ့တာ ၁၁၂၄ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဒီနှစ် ဆောင်းကြက်သွန်နီ စိုက်ပျိုးရေးလုပ်ငန်းကို ၂၀၂၂ ခုနှစ် နိုဝင်ဘာလဆန်းပိုင်းလောက်ကစပြီး စိုက်ပျိုးကြပါတယ်။ ကြက်သွန်နီကို ဒေသခံတောင်သူတွေက မိုးရာသီနဲ့ဆောင်းရာသီမှာ စီးပွားဖြစ် စိုက်ပျိုးလုပ်ကိုင်ကြပါတယ်။ စိုက်ပျိုးရေအဆင်ပြေတဲ့အတွက် ဒီနှစ် ဆောင်းကြက်သွန်နီစိုက်ခင်းတွေ အောင်မြင်ဖြစ်ထွန်းမှုရှိပြီး အထွက်နှုန်းလဲ ကောင်းပါတယ်။



အခုဆိုရင် ဆောင်းကြက်သွန်နီတွေ စတင်သိမ်းဆည်းနေတာ တစ်ဧကကို ပိဿာချိန် ၅၀၀၀ လောက် ထွက်ရှိပါတယ်။ ဈေးနှုန်းကတော့ ပေါ်ဦးပေါ်ဖျား တစ်ပိဿာကို ငွေကျပ် ၁၀၀၀ နဲ့ရောင်းချနေရပြီး မင်းဘူး၊ မကွေး၊ ရန်ကုန်နဲ့ ရခိုင်ပြည်နယ်ကိုအများဆုံးတင်ပို့ရောင်းချရပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

ပွင့်ဖြူမြို့နယ်တွင် ကြက်သွန်နီကို မဲဇလီကျေးရွာ၊ ဆည်တော်ကျေးရွာ၊ ကြို့ဝန်းကျေးရွာ၊ အနောက်လေးအိမ်ကျေးရွာ၊ ထန်းတောကျေးရွာ၊ ညောင်ပင်ဝိုင်းကျေးရွာ၊ ထူးပေါက်ကျေးရွာ၊ ကွဲခြံကျေးရွာ၊ လယ်မကျေးရွာနှင့် မုန်းချောင်းဘေးတစ်လျှောက်ရှိ ကျေးရွာတို့တွင် အများဆုံးစိုက်ပျိုးကြကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ **ရဲဝင်းနိုင်(ညောင်ဦး)**

# ပင်လောင်းမြို့နယ် စင်းဆင်းကျေးရွာ၌ RBF စီမံကိန်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**ပင်လောင်း မတ် ၃**

ရှမ်းပြည်နယ် (တောင်ပိုင်း) ပင်လောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တောင်ထိဗ္ဗာကျေးရွာအုပ်စု စင်းဆင်းကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေ (RBF) စီမံကိန်းဖြင့်အကောင်အထည်ဖော်ဆောင်ရွက်သည့် Green Tea လက်ဖက်ခြောက် ထုတ်လုပ်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာ ပင်လောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်ဝင်း၊ စီမံကိန်းတာဝန်ခံနှင့် တာဝန်ရှိသူများက စင်းဆင်းကျေးရွာ၌ (RBF) စီမံကိန်းဖြင့် Green Tea လက်ဖက်ခြောက်စက်ရုံ တည်ဆောက်ထားရှိမှု အခြေအနေများ၊ အသင်းသား၊ အသင်းသူများ လက်ဖက်ကုန်ကြမ်းပစ္စည်းများ စုစည်းထားရှိမှုအခြေအနေများနှင့် Green Tea လက်ဖက်ခြောက် ထုတ်လုပ်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံကာ Green Tea လက်ဖက်ခြောက် ထုပ်ပိုးမှုပုံစံနှင့် အရည်အသွေးပြည့်မီသည့် လက်ဖက်ခြောက်များ ထုတ်လုပ်သွားရန် ဆွေးနွေးမှာကြားခဲ့သည်။

စင်းဆင်းကျေးရွာ၌ အဆိုပါလုပ်ငန်းများကို ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေကျပ် သိန်း ၂၅၀၊ အသင်းသား၊ အသင်းသူများမှ ထည့်ဝင်ငွေကျပ် သိန်း ၉၀ စုစုပေါင်းငွေကျပ်သိန်း ၃၄၀ ဖြင့် ၂၀၂၂ ခုနှစ် နိုဝင်ဘာလ ဒုတိယပတ်မှစတင်၍ အသင်းသား၊အသင်းသူ ၁၅ ဦးက အစုဖွဲ့စနစ်ဖြင့်စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း၊ ယခုအခါ ဒေသထွက်လက်ဖက်များကို ခေတ်မီစက်ကိရိယာများ အသုံးပြုကာ Green Tea လက်ဖက်ခြောက်များ စတင်ထုတ်လုပ်နိုင်ပြီဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးဇော်ဝင်းက ပြောပြ၍ သိရသည်။

**မောင်ရိုင်**

# သံတောင်ကြီးမြို့နယ် ကော်ပတ်ခြံကျေးရွာ၌ ငွေစာရင်းထိန်းသိမ်းနည်းသင်တန်းဖွင့်လှစ်

**သံတောင်ကြီး မတ် ၃**

ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ကျေးရွာကိုးရွာမှ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကြီးကြပ်မှု ကော်မတီဝင်များအား ငွေစာရင်းထိန်းသိမ်းနည်း သင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၁၁ နာရီက ကော်ပတ်ခြံကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးချမ်းငြိမ်းဝင်းက အမှာစကားပြောကြားသည်။

ထို့နောက် သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်နှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းဆိုင်ရာ အချက်အလက်များ၊ စီမံကိန်းနှင့် ပတ်သက်သော ငွေစာရင်းပုံစံများ၊ ငွေစာရင်းဖြည့်သွင်းခြင်းနှင့် ထိန်းသိမ်းနည်းလမ်းများ၊ ဆင်းရဲမှုလျှော့ချရေးအတွက် မြစိမ်းရောင် ကျေးလက်ဒေသဖွံ့ဖြိုးရေး အသိပညာပေးသင်ခန်းစာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေပါ ကျေးလက်နေပြည်သူများ၏ ရပိုင်ခွင့်နှင့် တာဝန်များကို သင်ကြားပို့ချပေးသည်။

အဆိုပါ မြစိမ်းရောင်ကျေးရွာစီမံကိန်း ငွေစာရင်းထိန်းသိမ်းနည်းသင်တန်းသို့ သံတောင်ကြီးမြို့နယ် အတွင်းရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ကျေးရွာကိုးရွာမှ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင် ၃၃ ဦး တက်ရောက်ခဲ့ပြီး သင်တန်းကို ယနေ့မှ မတ် ၄ ရက်ထိနှစ်ရက်ကြာ ဖွင့်လှစ်သင်ကြား ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ **သူသူ**


**ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်**



ကိုဗစ်-၁၉ ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူပိုးမကူးစက်နိုင်စေရန် အိမ်အပြင်ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။

# တနင်္ဂနွေနေ့ညမှာကစားမဲ့ အမှတ်ပေးပြိုင်ပွဲတွေထဲက တိုက်စစ်ပိုင်းပုံစံကောင်းရနေတဲ့ မန်ယူ၊ လေဗာကူဆင်၊ ဘက်တစ်အသင်းတို့ကို ရွေးချယ်ရမှာပါ



ဒီတစ်ပတ် တနင်္ဂနွေနေ့ ညမှာတော့ အသင်းကြီးထိပ်တိုက်တွေ့ဆုံမှုတွေများနေပေမဲ့ လက်ရှိခြေစွမ်းပိုင်းနဲ့ ကစားသမားစုဖွဲ့မှုကိုသာ ကြည့်ပြီး ချဉ်းကပ်သွားရမှာပါ။ လက်ရှိမှာ ကလပ်အသင်းအများစုဟာ ဒဏ်ရာရကစားသမားတွေများနေသလို အချို့အသင်းကြီးတွေဟာ ပြိုင်ပွဲတွေ ဆက်တိုက်ကစားနေရတာကြောင့် ကစားသမားအလှည့်ကျ အသုံးပြုနေလို့ မထင်မှတ်ဘဲရှုံးပွဲတွေ ကြုံတွေ့နေရတာလဲဖြစ်ပါတယ်။ ပြီးခဲ့တဲ့ကြားရက်က ပရီးမီးယားလိဂ်ပွဲကျန်မှာတော့ အသင်းကြီးအားလုံးနိုင်ပွဲရှာတွေ့ခဲ့သလို အခြားပြည်တွင်းဖလားပြိုင်ပွဲတွေမှာလဲ ပြင်သစ်က မာဆေးကလွဲရင် လတ်တလောပုံစံကောင်းရနေတဲ့ အသင်းတွေသာ နောက်တစ်ဆင့်တက်ရောက်နိုင်ခဲ့တာကို တွေ့ရမှာပါ။ ဒါကြောင့် လာမဲ့တနင်္ဂနွေနေ့ညမှာကစားမဲ့ ပွဲစဉ်တွေထဲက ကစားသမားစုဖွဲ့မှုနဲ့တိုက်စစ်ပိုင်း ကောင်းမွန်နေတဲ့အသင်းတွေကိုသာ ရွေးချယ်သွားရမှာဖြစ်ပါတယ်။

**မန်ယူအသင်းကို ရွေးချယ်ရမှာပါ**

တနင်္ဂနွေနေ့ ညမှာကစားမဲ့ ပရီးမီးယားလိဂ်ပွဲစဉ်တွေထဲက အကြိုက်တွေ့မိတာကတော့ လီဗာပူးအသင်းနဲ့ မန်ယူအသင်းတို့ပွဲစဉ်ပဲ ဖြစ်ပါတယ်။ သူတို့နှစ်သင်း ပထမအကျော့တွေ့ဆုံချိန်မှာ မန်ယူအသင်းက ခြေစွမ်းပိုင်းကျဆင်းနေပေမဲ့ အိမ်ကွင်းမှာ နှစ်ဂိုးတစ်ဂိုးနဲ့ အနိုင်ရခဲ့တာကိုတွေ့ရမှာပါ။ အဲဒီပွဲစဉ်မှာ လီဗာပူးအသင်းက ဘောလုံးပိုင်ဆိုင်မှုအသာနဲ့ ကစားနိုင်ပေမဲ့ မန်ယူအသင်းရဲ့ တန်ပြန်တိုက်စစ်တွေကိုထိန်းချုပ်နိုင်မှု မရှိတာကြောင့် ဆန်ချို၊ ရက်ရှ်ဖို့ဒ်တို့ရဲ့ သွင်းဂိုးတွေနဲ့ နှစ်ဂိုးတစ်ဂိုးနဲ့ ရှုံးနိမ့်ခဲ့တာဖြစ်ပါတယ်။ လီဗာပူးအသင်းဟာ လက်ရှိခြေစွမ်းပိုင်းတည်ငြိမ်မှု မရှိတာကြောင့် နောက်ဆုံးကစားခဲ့တဲ့ ပြိုင်ပွဲစုံငါးပွဲမှာ သုံးပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးရလဒ်ထွက်ပေါ်ခဲ့တာကိုတွေ့ရမှာပါ။ သူတို့အသင်းဟာ တိုက်စစ်မှူး မာနေးကိုထုတ်ရောင်းပြီး နောက်ပိုင်း နူနက်ကို ပြန်လည်ခေါ်ယူခဲ့ပေမဲ့ ကစားကွက်ပိုင်း အံဝင်မှုမရှိတာကြောင့် လိုအပ်တဲ့သွင်းဂိုးတွေမရဘဲ ဆာလာဟ်ပါ ဂိုးရဖို့ခက်ခဲသွားတာကို သတိပြုရမှာပါ။ လက်ရှိမှာလဲ ကီတာ၊ အယ်ကန်တာရာ၊ လူးဝစ်ဒီယက်ဇ်၊ အာသာတို့လို ကွင်းလယ်ကစားသမားတွေ ဒဏ်ရာရနေတာကြောင့် မန်ယူအသင်းကွင်းလယ်ကို ယှဉ်ပြိုင်နိုင်စွမ်းရှိမှာမဟုတ်ပါဘူး။

ကမ္ဘာ့ဖလားပြိုင်ပွဲနောက်ပိုင်း ပြိုင်ပွဲစုံမှာ တစ်ပွဲသာရှုံးနိမ့်ခဲ့တဲ့ မန်ယူအသင်းဟာ ဥရောပထိပ်သီး ကလပ်ငါးခုမှာ အကောင်းဆုံးအသင်းအဖြစ် ရပ်တည်နေတာကို တွေ့ရမှာပါ။ အခုပွဲစဉ်ဟာ အစဉ်အလာကြီးတဲ့ ပြိုင်ဘက်အသင်းတွေ တွေ့ဆုံနေပေမဲ့ ခြေစွမ်းပိုင်းနဲ့ ကစားသမားစုဖွဲ့မှုပိုင်းမှာတော့ လီဗာပူးအသင်းက အားနည်းနေတာဖြစ်ပါတယ်။ ဒါ့ပြင် နည်းပြတန်ဟတ်ရဲ့ တန်ပြန်တိုက်စစ် ကစားပုံကို ခံစစ်ကစားပုံကောင်းတဲ့ အသင်းတွေတောင် ထိန်းချုပ်နိုင်ခြင်းမရှိခဲ့တာကြောင့် ကွင်းလယ်အားနည်းချက်တွေရှိနေတဲ့ လီဗာပူးအသင်းအနေနဲ့ အိမ်ကွင်းမှာ မန်ယူရဲ့ တိုက်စစ်ကိုတားဆီးဖို့ ခက်ခဲမှာသေချာပါတယ်။ ဒါကြောင့် တိုက်စစ်ပိုင်း အကောင်းဆုံးမှာရှိနေတဲ့ မန်ယူအသင်းကိုပဲ ရွေးချယ်ရမှာပါ။

**လီဗာပူးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| လီဗာပူး | ၂ | - | ၀ | အဲဗာတန် |
| နယူးကာဆယ် | ၀ | - | ၂ | လီဗာပူး |
| လီဗာပူး | ၂ | - | ၅ | ရီးရဲလ်မက်ဒရစ် |
| ပဲလေ့စ် | ၀ | - | ၀ | လီဗာပူး |
| လီဗာပူး | ၂ | - | ၀ | ဝုဗ် |

**မန်ယူအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဘာစီလိုနာ | ၂ | - | ၂ | မန်ယူ |
| မန်ယူ | ၃ | - | ၀ | လက်စတာ |
| မန်ယူ | ၂ | - | ၁ | ဘာစီလိုနာ |
| မန်ယူ | ၂ | - | ၀ | နယူးကာဆယ် |
| မန်ယူ | ၃ | - | ၁ | ဝက်စ်ဟမ်း |

**လေဗာကူဆင်အသင်း အနိုင်ရမှာပါ**

တနင်္ဂနွေနေ့ညမှာကစားမဲ့ ဂျာမန်ဘွန်ဒက်လီဂါပွဲစဉ်တွေထဲက နောက်ထပ်အကြိုက်တွေ့မိတဲ့ ပွဲစဉ်ကတော့ လေဗာကူဆင်နဲ့ ဟာသာဘာလင်တို့ပွဲစဉ်ပဲဖြစ်ပါတယ်။ လေဗာကူဆင်အသင်းဟာ ဥရောပပြိုင်ပွဲတွေ ကစားခဲ့ရတာကြောင့် ပွဲပန်းနေတာဖြစ်လို့ နောက်ပိုင်းမှာ ခြေစွမ်းပိုင်းတည်ငြိမ်မှု မရှိတော့တာကိုတွေ့ရမှာပါ။ ဒါပေမဲ့ သူတို့အသင်းရဲ့ တိုက်စစ်ကစားပုံကျဆင်းသွားတာမရှိလို့ ပြီးခဲ့တဲ့ ယူရိုပါလိဂ် ရှုံးထွက်ပွဲစဉ်မှာ အိမ်ကွင်းမှာရှုံးထားပေမဲ့ အဝေးကွင်းမှာ နိုင်ပွဲပြန်ရှာနိုင်ပြီး နောက်တစ်ဆင့်တက်ရောက်နိုင်ခဲ့တဲ့ ခြေစွမ်းကတော့ အားရစရာဖြစ်ပါတယ်။ အဲဒီနောက် အမှတ်ပေးပွဲမှာ ခြေစွမ်းပိုင်းထက်မြက်တဲ့ ဖရိုင်းဘတ်နဲ့ ကစားခဲ့ရပေမဲ့ တစ်ဂိုးစီသရေရလဒ်ထွက်ပေါ်အောင် ကစားနိုင်ခဲ့တာကိုသတိပြုရမှာပါ။ လက်ရှိမှာ ပွဲပန်းနေတဲ့ သူတို့အသင်းဟာ နောက်ဆုံးကစားခဲ့တဲ့ အိမ်ကွင်းသုံးပွဲဆက် နိုင်ပွဲပျောက်ဆုံးခဲ့ပေမဲ့ ကြားရက်မှာ အနားရခဲ့တာကြောင့် အခုပွဲစဉ်ကိုကစားသမားအစုံအလင်နဲ့ ပွဲထွက်လာမှာဖြစ်လို့ ဟာသာဘာလင်အသင်းကို ပွဲချိန်ပြည့်ဖိအားပေးနိုင်မှာ သေချာပါတယ်။

ဟာသာဘာလင်အသင်းဟာ အမှတ်ပေးပွဲ ၂၂ ပွဲကစားခဲ့ရာမှာ ငါးပွဲနိုင်၊ ငါးပွဲသရေ၊ ၁၂ ပွဲသရေ ရလဒ်ထွက်ပေါ်ခဲ့ပြီး ရမှတ် ၂၀ နဲ့အဆင့်(၁၄) ရောက်ရှိနေတာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ အိမ်ကွင်းပွဲစဉ်တွေမှာသာ နိုင်ပွဲရှာနိုင်ပေမဲ့ အခုပြိုင်ပွဲရဲ့ အဝေးကွင်း ၁၀ ပွဲမှာတော့ တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ ရှစ်ပွဲရှုံးရလဒ် ထွက်ပေါ်ခဲ့တာဖြစ်ပါတယ်။ ဟာသာဘာလင်ဟာ နောက်ဆုံးကစားခဲ့တဲ့ အိမ်ကွင်းပွဲစဉ်မှာတော့ အော့စ်ဘတ်ကို နှစ်ဂိုးပြတ်အနိုင်ရခဲ့ပေမဲ့ ပြိုင်ဘက်ရဲ့ဖိအားပေးမှုကိုသာခံခဲ့ရပြီး အော့စ်ဘတ်အသင်းတိုက်စစ်မှူးတွေ အဆုံးသတ်ပိုင်းအားနည်းလို့ နိုင်ပွဲရှာတွေ့သွားတယ်လို့ ဆိုရမှာပါ။ လက်ရှိနည်းပြ ရှဝက်ဇ်ကတော့ နောက်ဆုံးကစားခဲ့တဲ့ အဝေးကွင်းပွဲစဉ်တွေမှာ ခံစစ်အသားပေးကစားပြီး ရမှတ်ခွဲယူဖို့ကြိုးစားခဲ့ပေမဲ့ ခံစစ်ပိုင်းအားနည်းချက်ကို မပြင်နိုင်ခဲ့လို့ သုံးပွဲစလုံးဂိုးပြတ်ရှုံးခဲ့ပြီး ၁၀ ဂိုးထိခွင့်ပြုခဲ့ရတာကို သတိပြုရမှာပါ။ လက်ရှိလေဗာကူဆင်ဟာ နည်းပြ အလွန်ဆိုရဲ့ ကစားကွက်အောက်မှာ တိုက်စစ်ပိုင်းထက်မြက်နေတာကြောင့် ခံစစ်အားနည်းတဲ့ ဟာသာဘာလင်ကို အနိုင်ကစားပြီး အိမ်ကွင်းနိုင်ပွဲရှာဖွေရမှာဖြစ်ပါတယ်။ သူတို့နှစ်သင်း နောက်ဆုံးတွေ့ဆုံခဲ့တဲ့ သုံးကြိမ်မှာလဲ လေဗာကူဆင်က တစ်ပွဲနိုင်၊ နှစ်ပွဲသရေနဲ့ အသာရထားသလို အကျော့ပေးမှုမှာလဲ လေဗာကူဆင်က တစ်လုံးသွင်းရင် ဘာမှဖြစ်လာမှာမဟုတ်တဲ့ အခြေအနေတွေကြောင့် လေဗာကူဆင်အသင်း အနိုင်ရမှာပါ။

**လေဗာကူဆင်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဟော်ဖန်ဟိမ်း | ၁ | - | ၃ | လေဗာကူဆင် |
| လေဗာကူဆင် | ၂ | - | ၃ | မိုနာကို |
| လေဗာကူဆင် | ၂ | - | ၃ | မိန့်ဇ် |
| မိုနာကို | ၂ | - | ၃ | လေဗာကူဆင် |
| ဖရိုင်းဘတ် | ၁ | - | ၁ | လေဗာကူဆင် |

**ဟာသာဘာလင်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဟာသာဘာလင် | ၀ | - | ၂ | ယူနီယံဘာလင် |
| ဖရန့်ဖတ် | ၃ | - | ၀ | ဟာသာဘာလင် |
| ဟာသာဘာလင် | ၄ | - | ၁ | ဂလာဘတ် |
| ဒေါ့မွန် | ၄ | - | ၁ | ဟာသာဘာလင် |
| ဟာသာဘာလင် | ၂ | - | ၀ | အော့စ်ဘတ် |

**ဘက်တစ်အသင်းနဲ့ လက်တွဲရမှာပါ**

တနင်္ဂနွေနေ့ညမှာကစားမဲ့ လာလီဂါပွဲစဉ်တွေထဲက အကြိုက်တွေ့မိတဲ့ပွဲစဉ်ကတော့ ဘက်တစ်နဲ့ ရီးရဲလ်မက်ဒရစ်အသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ ဘက်တစ်အသင်းဟာ နောက်ဆုံးကစားခဲ့တဲ့ငါးပွဲမှာ သုံးပွဲနိုင်၊ နှစ်ပွဲရှုံးရလဒ်ထွက်ပေါ်ခဲ့ပေမဲ့ တိုက်စစ်ပိုင်းက ၁၁ ဂိုးထိ သွင်းယူနိုင်ခဲ့တာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ အခုရာသီအမှတ်ပေးပြိုင်ပွဲ ၂၃ ပွဲအပြီးမှာ ၁၂ ပွဲနိုင်၊ လေးပွဲသရေ၊ ခုနစ်ပွဲရှုံးနဲ့ ရမှတ် ၄၀ ထိရရှိခဲ့တာကြောင့် အဆင့်(၅)မှာရောက်ရှိနေတာဖြစ်ပါတယ်။ ဘက်တစ်အသင်းဟာ နောက်ပိုင်းပွဲစဉ်တွေမှာ တိုက်စစ်မှူး ကာနယ်လက်စ်၊ ကွင်းလယ်က ဖက်ကီယာ၊ ဂိုးသမား ရူအီဆေးဗားတို့ကို လက်လွှတ်ခဲ့ရပေမဲ့ တိုက်စစ်ပိုင်းကျဆင်းသွားခြင်းမရှိတာကို တွေ့ရမှာပါ။ သူတို့အသင်းနည်းပြ ပယ်လီဂရီနီဟာ ၄-၂-၃-၁ ကစားကွက်ကို အထိုင်ချကစားနေပြီး ကွင်းလယ်နဲ့ တိုက်စစ်ပိုင်းက အသင်းရဲ့လိုအပ်တဲ့သွင်းဂိုးတွေကိုသွင်းယူနေတာဖြစ်ပါတယ်။ သူတို့အသင်းဟာ အခုရာသီမှာ အေတီကို၊ ရီးရဲလ်မက်ဒရစ်၊ ဘာစီလိုနာတို့နဲ့ ကစားခဲ့ရာမှာ နိုင်ပွဲမရခဲ့ပေမဲ့ ဂိုးပြတ်ရှုံးပွဲမရှိခဲ့တာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ ကာနယ်လက်စ်၊ ဖက်ကီယာတို့ ဒဏ်ရာရနေပေမဲ့ ဝီလျံဂျို့စ်၊ ဟန်ရီကွီး၊ ဂျူအန်မီ၊ ဂျီအာကွင်တို့လို ကစားသမားတွေရှိနေတာကြောင့် ရီးရဲလ်မက်ဒရစ်ခံစစ်ကြောင်းကို အခက်တွေ့စေမှာပါ။

လက်ရှိ ချန်ပီယံရီးရဲလ်မက်ဒရစ်ဟာ ပြီးခဲ့တဲ့ ဖေဖော်ဝါရီလအတွင်း ကစားခဲ့တဲ့ပွဲစဉ်တွေမှာ ရလဒ်ကောင်းခဲ့ပေမဲ့ ခံစစ်ပိုင်းကအားနည်းချက်ရှိနေတာကိုတွေ့ရမှာပါ။ သူတို့အသင်းဟာ နောက်ဆုံးကစားခဲ့တဲ့ အေတီကိုနဲ့ပွဲစဉ်မှာလဲ အနီကတ်ပြခံရတဲ့ တစ်ယောက်လျော့ အေတီကိုကို နောက်ကလိုက်ကစားပြီး ရမှတ်ခွဲယူခဲ့ရတာဖြစ်ပါတယ်။ ရီးရဲလ်မက်ဒရစ်ဟာ အဝေးကွင်း ၁၂ ပွဲကစားခဲ့ရာမှာ ကိုးပွဲနိုင်၊ သုံးပွဲရှုံးခဲ့ပြီး သူတို့ရှုံးနိမ့်ခဲ့တာကတော့ အိမ်ကွင်းခံစစ်အသားပေးကစားတဲ့ အသင်းတွေဖြစ်တဲ့ ဗီလာရီးရဲလ်၊ ဗယ်လ်ကာနို၊ မာယော့ကာတို့လို အသင်းတွေကို ရှုံးခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် အခုပွဲစဉ်ဟာလဲအိမ်ကွင်းခံစစ်အသားပေးကစားတဲ့ ဝါရင့်နည်းပြ ပယ်လီဂရီနီရဲ့ အသင်းဖြစ်နေတာကြောင့် ရှုံးကန့်ရဖို့ သေချာနေပါတယ်။ ဒါ့ပြင် ရီးရဲလ်မက်ဒရစ်ဟာ နောက်ပိုင်းမှာ ခံစစ်ကစားပုံအားနည်းလာမှုနဲ့ ပွဲဆက်တွေများလာတာကြောင့် ကစားသမားတွေ ပွဲပန်းမှုတွေရှိနေတာကိုတွေ့ရမှာပါ။ ဒါကြောင့် အခုပွဲစဉ်မှာ အိမ်ကွင်းကစားပုံတည်ငြိမ်တဲ့ ဘက်တစ်အသင်း အနည်းဆုံးသရေကစားနိုင်မယ်လို့ မျှော်လင့်တာကြောင့် ဘက်တစ်အသင်းနဲ့ပဲ လက်တွဲရမှာပါ။

**ဘက်တစ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဘက်တစ် | ၁ | - | ၂ | ဘာစီလိုနာ |
| ဘက်တစ် | ၃ | - | ၄ | ဆယ်တာဗီဂို |
| အယ်မာရီယာ | ၂ | - | ၃ | ဘက်တစ် |
| ဘက်တစ် | ၂ | - | ၁ | ဗယ်လာဒိုးလစ် |
| အယ်ချီ | ၂ | - | ၃ | ဘက်တစ် |

**ရီးရဲလ်မက်ဒရစ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ရီးရဲလ်မက်ဒရစ် | ၅ | - | ၃ | အယ်ဟိုင်လာ |
| ရီးရဲလ်မက်ဒရစ် | ၄ | - | ၀ | အယ်ချီ |
| အိုဆာဆူနာ | ၀ | - | ၂ | ရီးရဲလ်မက်ဒရစ် |
| လီဗာပူး | ၂ | - | ၅ | ရီးရဲလ်မက်ဒရစ် |
| ရီးရဲလ်မက်ဒရစ် | ၁ | - | ၁ | အေတီကို |

# ဘွဲ့ရအမျိုးသမီး ဗိုလ်လောင်းလျှောက်လွှာများ ထုတ်ယူ/တင်သွင်းခြင်းနှင့် ပတ်သက်၍ ရက်တိုးမြှင့်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးခြင်း

ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းလျှောက်လွှာများအား တိုင်းစစ်ဌာနချုပ်များတွင် ၂၈-၁-၂၀၂၃ရက်နေ့မှစ၍ ထုတ်ပေးလျက်ရှိရာ **၂၆-၂-၂၀၂၃** ရက်နေ့တွင် လျှောက်လွှာများ ပိတ်သိမ်းမည်ဖြစ်ကြောင်း အသိပေးကြေညာထားရှိပြီးဖြစ်သော်လည်း လျှောက်လွှာ ထုတ်ပေး/တင်သွင်းခြင်းကို **၅-၃-၂၀၂၃** ရက်နေ့အထိ ရက်တိုးမြှင့်ဆောင်ရွက်ပေးသွား မည်ဖြစ်၍ လျှောက်လွှာထုတ်ယူလိုသူများအနေဖြင့် နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် ဗိုလ်လောင်းလျှောက်လွှာများအား ဆက်လက်ထုတ်ယူ/တင်သွင်းခြင်းများ ဆောင်ရွက် နိုင်ကြောင်း အသိပေးအပ်ပါသည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

## ခြင်ဆေးခွေသုံးလျှင် သတိယှဉ် အောက်တွင်ခံခွက် မမေ့နှင့်

## ပလင်းတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေ ဖတ်ကြစို့

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

- Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထား ဆောင်ရွက်ပါ။
- မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

နာနတ်သီးထဲတွင်ပါရှိသော သဘာဝဓာတ်တိုးဆန့်ကျင်ပစ္စည်းက အသက်ရှူလမ်းကြောင်းကို တိုးတက်ကောင်းမွန်စေသည်။



# ပုတောမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နွေစပါး ၇၆၀၇ ဧက စိုက်ပျိုးပြီးစီး



**ပုတော မတ် ၃**

ဧရာဝတီတိုင်းဒေသကြီး ပုတောမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နွေစပါး ၇၆၀၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြ၍ သိရသည်။

ပုတောမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နွေစပါး ၇၆၀၇ ဧကလျာထားပြီး ဇန်နဝါရီလက စတင်စိုက်ပျိုးခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးခဲ့သည့် နွေစပါး ဧကအားလုံး ယနေ့တွင် ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ နွေစပါးများ အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ရန် စပါး စိုက်ပျိုးရေး နည်းပညာများနှင့် လိုအပ်သည့် သွင်းအားစုများကို သက်ဆိုင်ရာဌာန အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

"ပုတောမြို့နယ် တစ်ခုလုံးအနေနဲ့ နွေစပါးကို ၇၆၀၇ ဧကထိ လျာထားစိုက်ပျိုးခဲ့တာဖြစ်ပါတယ်။ အခုနှစ် တောင်သူတွေ စပါးကို အခက်အခဲမရှိစိုက်ပျိုးနိုင်ဖို့ အတွက် ပုလဲဓာတ်မြေဩဇာတွေကို အရစ်ကျစနစ်နဲ့ ရောင်းချပေးတဲ့အစီအစဉ်တွေ လုပ်ပေးခဲ့ပါတယ်။ လက်ရှိ နွေစပါးလျာထား ဧကအားလုံးရာနှုန်းပြည့် စိုက်ပျိုးပြီးဖြစ်ပါတယ်။ စိုက်ပျိုးထားတဲ့ စပါးတွေ ပိုးမွှားရောဂါကာကွယ်နှိမ်နင်းဖို့ နည်းပညာပေးလုပ်ငန်းတွေကိုလဲ ဆောင်ရွက်ပေးခဲ့တယ်။ ဆက်လက်ပြီးလဲ ဆောင်ရွက်ပေးမှာဖြစ်ပါတယ်"ဟု ပုတောမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြသည်။

ပုတောမြို့နယ်တွင် ယခုနှစ် နွေစပါးစိုက်ပျိုးရာသီ၌ နွေစပါး လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ရေး စိုက်ပျိုးရေးဦးစီးဌာန၊ စီမံအုပ်ချုပ်ရေးအဖွဲ့၊ စက်မှုလယ်ယာဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန စသည့်ဌာနများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါ နွေစပါးစိုက်ပျိုးရာသီတွင် စိုက်ပျိုးရေးသွင်းအားစုဓာတ်မြေဩဇာများကို တောင်သူများ အခက်အခဲမရှိ အသုံးပြုစိုက်ပျိုးနိုင်ရန်ဆောင်ရွက်ပေးလျက်ရှိကြောင်း ပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# မင်းဘူးမြို့နယ် ခြင်ထောင်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**မင်းဘူး မတ် ၃**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် ခြင်ထောင်ကျေးရွာတွင် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို မတ် ၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မင်းဘူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်း၊ မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုနှင့် ခရိုင်၊ မြို့နယ်တာဝန်ခံ အင်ဂျင်နီယာများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ခြင်ထောင်ကျေးရွာ၌ ကျေးရွာတွင်းလမ်း အရှည် ပေ ၆၅၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မင်းဘူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်းက ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့ခိုင်မြဲအောင် စနစ်တကျ ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန် လိုအပ်ကြောင်း မှာကြားသည်။

အဆိုပါကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ပံ့ပိုးရန်ပုံငွေကျပ် သိန်း ၁၀၀ နှင့် ပြည်သူထည့်ဝင်ငွေကျပ် ၁၀ သိန်း စုစုပေါင်းငွေကျပ် သိန်း ၁၁၀ အသုံးပြုပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ စီမံခန့်ခွဲမှုဖြင့် ၂၀၂၂ ခုနှစ် ဒီဇင်ဘာလဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါတွင် လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း မင်းဘူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ဇင်မာ**

# အောင်မြင့်မိုရ်မင်းအာမခံကုမ္ပဏီလီမိတက်

မိသားစုဘဝ လုံခြုံစိတ်ချဖို့

ကျန်းမာရေးအာမခံ

ထားကြစို့!

We Protect The Family



၁။ ပြည်သူပြည်သားအသက်အာမခံ

၂။ တပ်မတော်ဝန်ထမ်းအသက်အာမခံ

၃။ တောင်သူလယ်သမားအသက်အာမခံ

၄။ နစ်တိုငွေပင်ငွေရင်းအာမခံ

၅။ စုပေါင်းအသက်အာမခံ

၆။ မြေအန္တရာယ်အာမခံ

၇။ အထူးခရီးသွားအာမခံ

၈။ ခရီးသွားအာမခံ

၉။ အားကစားသမားကိုယ်အင်္ဂါထိခိုက်မှုအာမခံ

၁၀။ ကျန်းမာရေးအာမခံ

၁၁။ ပြင်းထန်သောရောဂါကုသမှုအာမခံ

၁၂။ လူထုအခြေပြုကျန်းမာရေးစောင့်ရှောက်မှုအာမခံ

၁၃။ ပညာရေးအသက်အာမခံ

၁၄။ ကိုယ်အင်္ဂါထိခိုက်မှုအာမခံ

၁၅။ စာသင်သားအသက်အာမခံ

၁၆။ ပြည်သူပြည်သားနှစ်ချင်းအသက်အာမခံ

၁၇။ ပရီမီယံတစ်ကြိမ်ပေး နှစ်တိုချေးငွေအသက်အာမခံ

၁၈။ ပရီမီယံတစ်ကြိမ်ပေး ချေးငွေအသက်အာမခံ

၁၉။ တမူထူးခြားသည့် စုဆောင်းမှု အသက်အာမခံ

၂၀။ တစ်လုံးတည်းပေး ငွေပင်ငွေရင်း အသက်အာမခံ

အမှတ်(၁၄၀)၊ ရွှေတိဂုံဘုရားလမ်းနှင့် ပန်တျာလမ်းထောင့်၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁ - ၈၃၇၈၉၆၅၊ ၀၉ - ၄၂၄၄၄၆၆၆၄၊ ဖက်(စ်) - ၀၁ - ၈၃၇၈၉၆၃

၂၉ × ၃၀ လမ်းကြား၊ ၈၄ လမ်း၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
ဖုန်း - ၀၉ - ၄၂၄၄၄၆၆၆၅၊ ဖက်(စ်) - ၀၂ - ၄၀၃၀၄၆၇

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့၊ အမှတ်(၁၅)ရပ်ကွက်၊ ဥလမ်းနေ ကျွန်မ ဒေါ်ခင်စိန် ၏သမီးဖြစ်သူ **မချယ်ရီဌေး(၈/ပခက(နိုင်)၂၄၄၂၆၀)**သည် မိဘဆွေမျိုးများအား အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်ပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင် ၎င်းနှင့်မပတ်သက်တော့ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

*(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)*

**ဒေါ်ခင်စိန်(၈/ပခက(နိုင်)၀၀၆၆၁၉)**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့၊ အမှတ်(၁၅)ရပ်ကွက်၊ ဥလမ်းနေ ကျွန်မ ဒေါ်ခင်ဝင်းရီ ၏သမီးဖြစ်သူ **မမေဖြတ်မွန်(၈/ပခက(နိုင်)၃၃၆၅၄၆)** သည် မိခင်အား အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်ပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

*(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)*

**ဒေါ်ခင်ဝင်းရီ(၈/ပခက(နိုင်)၀၀၅၄၂၂)**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အကွက် ၈၈၃/ စက်ခေါင်းနေ ဦးသက်ရှည်-ဒေါ်သန်းသန်းနွဲ့ တို့၏ သားဖြစ်သူ **မောင်ကောင်းကျော်စံ (၉/ခမစ(နိုင်)၀၆၁၁၃၈၃)** သည် မိဘတို့၏ ဆိုဆုံးမမှုကို မနာခံဘဲ မိမိသဘောအတိုင်း ပြုမူဆောင်ရွက်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

*(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)*

**ဦးသက်ရှည်(၉/မမန(နိုင်)၀၁၂၁၄၂)**

**ဒေါ်သန်းသန်းနွဲ့(၉/မမန(နိုင်)၀၁၂၁၄၃)**

### ပျောက်ဆုံးကြောင်း

ပြင်ဦးလွင်မြို့နေ မောင်ကျော်ထက်(ဘ) ဦးအေးလွင် (၉/ပဥလ(နိုင်)၀၄၈၇၀၀)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၂၅၆၁၁၅၂၄၃

### ပျောက်ဆုံးကြောင်း

မိုးညှင်းမြို့နယ်နေ မခိုင်ထွန်း(ဘ) ဦးခင်မောင်သန်း(ခ)လှထွန်း(၁/မညန(နိုင်)၀၇၆၀၃၆)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၄၀၂၆၃၅၇၅၁

### ပျောက်ဆုံးကြောင်း

ပြင်ဦးလွင်မြို့နေ မနီလာအေး(ဘ) ဦးဘစိန် (၉/မမန(နိုင်)၁၂၆၅၀၀)၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၄၄၀၆၅၇၈၅၉

### ပျောက်ဆုံးကြောင်း

ကျောက်ဆည်မြို့နယ်နေ မရွှေရည်အောင်(ဘ)ဦးနေဝင်းအောင်(၉/ကဆန(နိုင်)၁၃၇၅၃၁)၏ နိုင်ငံကူးလက်မှတ်အမှတ် (MG 079217) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၄၀၀၂၃၀၀၁၂

### ပျောက်ဆုံးကြောင်း

တောင်သာမြို့နယ်နေ မမြူခင်အောင်(ဘ)ဦးထွေးအောင် (၉/တသန(နိုင်)၂၄၄၂၄၈)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၇၇၆၉၃၆၁၇၄

**မီး သတိပြု**

### ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုအာရုံခံမှုတွင် အထောက်အကူဖြစ်စေရန်

ရေတံသီး ရေတံကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုး များဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



### ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်

နှာချေ ချောင်းဆိုးရာတွင် ပါးစပ် နှင့် နှာခေါင်းတို့ကို ပဝါ တစ်ရှူးတို့ဖြင့် လုံအောင်ဖုံးအုပ်ပါ (သို့မဟုတ်) တံတောင်ဆစ်ကွေးနှင့် ဖုံးအုပ်ပြီး နှာချေချောင်းဆိုးပါ။



လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ လိုအပ်သည်ဟု ခံစားနေရပါက သတင်းအချက်အလက်မျှဝေရာစင်တာသို့ ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

**မူးယစ်ကိုပစ် ပန်းတိုင်သစ်**
**စိတ်သစ် လူသစ် ဘဝသစ်**

**သစ်တောသစ်ပင် ချစ်ခင်တဲ့လူမျိုး**
**သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး"မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး။

**၂။ စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်း(MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကို အခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏ အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံးသက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

❖ လက်နက်ကိုင်ပဋိပက္ခများ၊ သဘောထားကွဲလွဲမှုများဖြင့် ဒေသနှင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးတည်ဆောက်၍ မရနိုင်သည်ကို နားလည်သဘောပေါက်၍ ငြိမ်းချမ်းမှုရရှိပြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးဆောင်ရွက်သွားမည်ဖြစ်. . .

❖ တိုင်းပြည်ငြိမ်းချမ်းရေးနှင့် နယ်မြေဒေသအားလုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကောင်းမွန်သည့် ငြိမ်းချမ်းရေးဆိုင်ရာ လက်တွေ့တိုးတက်မှုတစ်ခုကို ပုံဖော်နိုင်ရေး၊ ဆွေးနွေးဆောင်ရွက်သွားမည်ဖြစ်. . .

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ် ဩဂုတ် ၂၂ ရက်တွင် ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ်(PNLO)ဥက္ကဋ္ဌ ခွန်သူရိန်၊ လားဟူဒီမိုကရက်တစ်အစည်းအရုံး(LDU) ဥက္ကဋ္ဌ ကျာဆော်လမွန်နှင့် ရခိုင်ပြည်လွတ်မြောက်ရေး(ALP) ဒုတိယဥက္ကဋ္ဌ စောမြရာဇာလင်းတို့ ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့ကို တွေ့ဆုံဆွေးနွေးစဉ် ပြောကြားမှုမှကောက်နုတ်ချက်)

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်နေမှုများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၃ ခုနှစ် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များဆက်ကပ်လှူဒါန်းပွဲအခမ်းအနားသို့ ကြွရောက်တော်မူကြသည့် ဘွဲ့ခံဆရာတော်ကြီးများ၊ သီလရှင်ဆရာကြီးများနှင့် ဘွဲ့ခံလူပုဂ္ဂိုလ်များ လေ့လာဖူးမြော်ကြည်ညို



**နေပြည်တော် မတ် ၃**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ဗုဒ္ဓဥယျာဉ်တော်အတွင်း တည်ဆောက် ပူဇော်လျက်ရှိသည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၃ ခုနှစ် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ

စာမျက်နှာ ၁၈ ကော်လံ ၁☆

**မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတည်ဆောက်ပူဇော်နေမှုများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၃ ခုနှစ် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားသို့ ကြွရောက်တော်မူကြသည့် ဘွဲ့ခံဆရာတော်ကြီးများ၊ သီလရှင်ဆရာကြီးများနှင့် ဘွဲ့ခံလူပုဂ္ဂိုလ်များ လေ့လာဖူးမြော်ကြည်ညိုကြစဉ်။**

## တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) ရခိုင်ပြည်နယ် ဂွမြို့နယ်မှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆက်လက်ဆောင်ရွက်

စာမျက်နှာ - ၁၈

## သူ့မြေမှာ ပြူပြာပွင့်ရင်ဖြင့် ကိုယ့်မြေမှာ နီဝါတင့်စေဖို့. . .

လူသာလျှင် ပဓာန

ဆောင်းပါး စာမျက်နှာ - ၂၄

ဇမ္ဗူလာသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်

ရွှေမန်းသူ

အဝေးပြေးခရီးသည်ပို့ဆောင်ရေးလုပ်ငန်း

ပါရမီလက်မှတ်အရောင်းဌာန

ရွှေမန်းသူ ၀၉ ၂၅၄၇၈၁၀၀၆၀၊ ၀၉ ၂၆၁၄၀၀၀၄၄

ရွှေမြိုင်သူ ၀၉ ၂၆၁၄၀၀၀၅၅

ရွှေပြည်သာ

ရန်ကုန်မြို့တွင်း

G & G Store ဆိုင်များ

ရှမ်းလေး

Online

ဥသီမ်သူ

Easy Ticket, Go - Auto Ticket

ရန်ကုန် —
- နေပြည်တော်
- တောင်ကြီး
- မုံရွာ၊ မန္တလေး ပြင်ဦးလွင်
- ကျောက်ပန်းတောင်း - ရှောက် - ဆိပ်ဖြူ
- ဒုဝံ (ညောင်ဦး) - ပခုက္ကူ
- မကွေး - မင်းဘူး - ရွှေစက်တော်၊ မိတ္ထီလာ - မြင်းခြံ
- မော်လမြိုင် - မုဒုံ - သံဖြူဇရပ် - ကျိုက္ကမီ
- တောင်ငူ - ဆွာ - ရေနီ
- ဥသိမ်




ဘေးကင်း လုံခြုံစိတ်ချ တာဝန်ယူမှုပြည့်ဝသော ခရီးသွားဝန်ဆောင်မှု